www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
ဝိဇ္ဇာ
ည..မျက်လှည့်/ဝိဇ္ဇာ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄။
၁၄၄ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ဝိဇ္ဇာ

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ - - ဦးအောင်မြင့်။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် - - အောင်မြင်ပုံနှိပ်တိုက်။
ဖြန့်ချိရေး - - အောင်မြင်စာပေ၊ ပထမအကြိမ် - ၂၀၁၄ ခုနှစ်၊
(နိုဝင်ဘာလ)၊ အုပ်ရေ(၅၀၀)။






www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၁)

"ဟာ. . အား. . ဂျို့စ် မလုပ်နဲ့၊ မလုပ်ပါနဲ့. . ."

မိန်းကလေးတစ်ယောက်၏ စူးရှသောအော်သံကြောင့် ဇာတ်သိမ်းထဲတွင် ရျာန်ဝင်နေသော နှင်းအောင်၏ အာရုံဝင်စားမှုတွေ. . ထိုအသံဆီသို့ ရောက်သွားသည်။

"အား. . ."

"ဟော. . ကြားရပြန်ပြီ၊ ဒါ ဘယ်ကအသံလဲ"

တစ်ယောက်ထဲ ခပ်တိုးတိုးရေရွတ်ရင်း အသံလာရာဘက်သို့

www.burmeseclassic.com

www.burmeseclassic.com



ထပ်ပြီး နားစွင့်လိုက်သည်။ အသံတို့သည် ပြန်၍ တိတ်ဆိတ်သွားသည်။ ဖတ်လက်စစာအုပ်ကို ဆက်လှန်၍ စာထဲကိုပြန်၍ အာရုံနှစ်လိုက်သည်။

"ငါ စိတ်ထင်လို့ ဖြစ်မှာပါ။ ဒါမှမဟုတ်. . တစ်အိမ်အိမ်က ဇာတ်လမ်းတွဲ ကြည့်နေလားမှ မသိတာ"

ကိုယ့်ဟာကိုယ် ထင်ကြေးပေးပြီး စောစောက ပြန့်လွင့်သွားသော အာရုံတွေကို ပြန်၍စုစည်းလိုက်သည်။ ဒရင်းဘက်ပေါ် ပြန်လှဲ၍ ဖတ်လက်စစာအုပ်ကို ဆက်ဖတ်မည် ကြံကာရှိသေး. . .

"မသတ်ပါနဲ့. . ကျွန်မ တောင်းပန်ပါတယ်၊ မသတ်ပါနဲ့ ဂျို့စ်ရယ်"

"မရဘူး. . လူ့လောကကြီးထဲမှာ မင်းမရှိမှ အေးမှာ၊ မင်းကို ငါသတ်ရမှာပဲ. . "

"ဝုန်း. . ချလွမ်း. . "

ပီပီသသ ကြားလိုက်ရသော စကားသံတွေ ရုန်းရင်းဆန်ခတ်သံတွေသည် ဇာတ်လမ်းတွဲမှလာသောအသံ မဖြစ်နိုင်တော့. . .။

လက်ထဲမှာ စာအုပ်ကို စားပွဲပေါ် ပြန်တင်လျက်. . .

"ဟ. . ဒါကတော့ ဇာတ်လမ်းတွဲထဲကအသံ မဟုတ်လောက်တော့ဘူး"

တစ်ယောက်တည်း ခပ်တိုးတိုး ဝေဖန်သုံးသပ်ရင်း ဒရင်းဘက်ပေါ်မှ ဆတ်ခနဲ ထထိုင်လိုက်သည်။

"အား. . "

"အင့်ဟာ. . သေစမ်းကွာ. . သေစမ်း"

ခြေလှမ်းတွေသည် လိုက်ကာ တလွင့်လွင့် လှုပ်ယမ်းနေသော ပြတင်းပေါက်ဆီသို့ ခပ်သွက်သွက် ရောက်သွားသည်။





"ဟင်. . "

"ဟား. . ဟား. . ဟား. . ဟား. . ဟား"

မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခုန်၍ သွားသည်။ မီးလင်းနေသော တစ်ဖက်ခြံက အိမ်အိုကြီးထဲမှာ ဘယ်သူဘယ်ဝါဆိုသည်ကို မသဲကွဲသည့် အမျိုးသမီးတစ်ဦး သွေးအိုင်ထဲ လဲကျနေ၏။

သူမဘေးတွင် ဆံပင်ဘုတ်သိုက်နှင့် ယောကျ်ားတစ်ယောက် သွေးစွန်းဓားကိုကိုင်ကာ လဲကျသေဆုံးနေသော အမျိုးသမီးကို ကြည့်ပြီး မြိန်ရေယှက်ရေ ရယ်မောနေ၏။

မျက်လုံးအပြူးသားနှင့် ကြည့်နေသော နှင်းအောင်မှာ တံတွေးပင် မျိုမချရဲ။ လှုပ်ရှားနေသော စိတ်တွေကို တည်ငြိမ်အောင် မနည်းထိန်းပြီး ရပ်နေရ၏။

ရပ်နေသော ခြေအစုံမှာ ထိတ်လန့်စိတ်ကြောင့် ဒူးချင်းပင်ရိုက်မတတ် တုန်ခိုက်နေသည်။

ပြီးမှ တစ်စုံတစ်ခုကို သတိရသွားကာ. . မြင်ကွင်းထဲကနေ ကိုယ်ကိုကွယ်ရပ်လိုက်ပြီး အခန်းမီးခလုတ်ရှိရာသို့ လက်လှမ်းပြီး ပိတ်လိုက်သည်။ အခန်းသည် ချက်ချင်းမှောင်ပိန်း၍သွားသည်။

ထို့နောက် ကင်မရာဖြင့် ရိုက်ထားရန် စားပွဲအံဆွဲရှိရာသို့ ခြေတုန်လက်တုန်ဖြင့် လျှောက်သွားလိုက်သည်။

တိတ်ဆိတ်မှောင်ပိန်းနေသော ညအမှောင်တွင် နှင်းအောင်၏ စိတ်လှုပ်ရှားနေသော အသက်ရှူသံ၊ အံဆွဲဖွင့်ပြီး ကင်မရာ မွှေနှောက်ရှာဖွေနေသံအားလုံး ဖရိုဖရဲ ထွက်ပေါ်နေ၏။

အမှန်ဆို. . နှင်းအောင် တကယ်ကို စိတ်လှုပ်ရှားနေခြင်းပါ။ ဘဝတစ်သက်တာမှာ ခုလိုလူသတ်သည့် မြင်ကွင်းမျိုးကို မြင်ဖူးခဲ့ခြင်း

www.burmeseclassic.com



မှ မရှိခဲ့တာ။ မြင်မယ့်မြင်တော့လည်း အားနည်းသော မိန်းကလေးကို အားကြီးသော ယောက်ျားက မသေမချင်း ဓားနဲ့ထိုးသတ်နေသည့် မြင်ကွင်းမျိုး. . .

ဒါဟာ ဇာတ်လမ်းတွဲထဲက ဇာတ်ဝင်ခန်းမဟုတ်၊ နိုင်ငံခြားကားထဲက ဇာတ်ဝင်ခန်းလဲမဟုတ်၊ နှင်းအောင် တကယ်ရင်ဆိုင် တွေ့နေရသည့် တကယ့်အဖြစ်အပျက်၊ သွေးပျက်စရာ ကောင်းလွန်း၍ အသည်းထဲမှာပင် ယားကျလိ ယားကျလိ ဖြစ်ရသည်။

ကင်မရာယူပြီး ပြတင်းပေါက်ဆီသို့ ပြန်ထွက်လာတော့ သွေးအိုင်ထဲလဲကျနေသော အမျိုးသမီးအလောင်းကို လူသတ်သမားက ပလတ်စတစ်အိတ်အမည်းကြီးထဲ ထည့်နေသည်။

လူသတ်သမားသည် အင်မတန် သွေးအေးလွန်းကာ. . အကြောက်အလန့်ဟန် လုံးဝမရှိ။ မည်သူမည်ဝါရယ်လို့ ရုပ်သဏ္ဌာန်ကို ခွဲခြားမသိပေမယ့် ထိုမြင်ကွင်းကို ကင်မရာဖြင့် ရိုက်ထားလိုက်သည်။

လရောင်ခပ်မှန်မှိန် ဖြာဆင်းကျနေသော ပြတင်းပေါက်တွင် ရပ်ပြီး ဓါတ်ပုံသုံးလေးပုံ ဆင့်ရိုက်လိုက်သည်။ အဝေးကမို့ ရုပ်ကတော့ သိပ်မသဲကွဲ. . .

"ဟတ်. . ဟတ်. . ဟတ်ချိုး ဆိတ်ဖွား အသက်တစ်ရာ အနာမရှိ"

အရေးထဲ ဆိုင်းမဆင့် ဗုံမဆင့် နှာချေချင်သွား၍ မအောင့်အည်းနိုင်ဘဲ နှာချေလိုက်သည်။

နှင်းအောင်၏ နှာချေသံနှင့် အယောင်ယောင်အမှားမှား ပြောလိုက်သံကြောင့် လူသတ်သမား နှင်းအောင်ရှိရာသို့ မော့ကြည့်၏။

"ဟာ. . ငါ့ကို တွေ့သွားပြီ"

လူသတ်သမား မြင်မည်စိုး၍ ပြတင်းအကွယ်ကို ဖြတ်ခနဲ





ပြေးကပ်လိုက်သည်။ ပြီးမှ မြင်သာရုံ မျက်လုံးနှစ်လုံးစာလောက် ခပ်ဖြည်းဖြည်း ပြန်ချောင်းလိုက်သည်။

"ဟင်. ."

ပြတင်းပေါက်တွင်ရပ်၍ ခပ်စူးစူးစိုက်ကြည့်နေသော လူသတ်သမားနှင့် မျက်နှာချင်းဆိုင် ဆုံသွားသည်။ ရုတ်တရက်မို့ နှင်းအောင် သုံးစက္ကန့်လောက် ငေါင်သွားမလားပင်၊ ပြီးမှ. . သတိပြန်ဝင်လာပြီး မျက်နှာကို ဖျတ်ခနဲ အကွယ်မှာ ပြန်ထားလိုက်သည်။

"ကွိုင်ပဲ. . ငါ့ရုပ်ကို လူသတ်သမား မှတ်မိသွားရင်တော့ ရုပ်ရှင်တွေထဲကလို လာပြီးနှုတ်ပိတ်တော့မှာပဲ"

စိတ်လှုပ်ရှားကာ လိုရာဆွဲတွေးနေ၍. . ဇောချွေးတွေပင် စိမ့်ထွက်လာမလားပင်။

မတရားတာကို မြင်နေပြန်တော့လည်း ကြောက်စိတ်ကို အသာဘေးချိတ်ပြီး ဒီလူသတ်သမားကို ဥပဒေနှင့်အညီ အပြစ်ပေးနိုင်ဖို့ တာဝန်သိ ပြည်သူတစ်ယောက်အနေနှင့် စခန်းကို အကြောင်းကြားရမည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

မနက်မိုးလင်း၍ မျက်စိနှစ်လုံး ဖွင့်လိုက်သည်နှင့် အာရုံထဲသို့ ညကမြင်ခဲ့ရသော မြင်ကွင်းကြီးက ဖျတ်ခနဲ တိုးဝင်လာသည်။ ထို့ကြောင့် ခုတင်ထက်မှ ဖျတ်ခနဲ ခေါင်းထောင်ကာ ထလိုက်သည်။

ညကအခြေအနေကြောင့်. . ထိုအိမ်အိုကြီးတွင် မှုခင်းရဲတွေ သတင်းထောက်တွေနှင့် လူတွေရှုပ်ယှက်ခတ်နေကြမလားပင်. .။

ခြေလှမ်းတွေသည် ညက သွေးပျက်စွာ ကြည့်မြင်ခဲ့ရသည့် ပြတင်းတံခါးဆီသို့ လျှောက်လာမိလျက်သား ဖြစ်သွားသည်။





"ဟင်. . ဘယ်သူမှလည်း မရှိပါလား"

ညက သွေးစွန်းခဲ့သော အိမ်အိုကြီးသည်. . ယခု မနက်ခင်းနေခြည်နွေးနွေးအောက်တွင် သူ ဘာမှမဖြစ်ခဲ့သလို. . အေးရာအေးကြောင်းစတိုင်ဖြင့် ငြိမ်သက်တိတ်ဆိတ်နေ၏။

လူသတ်မှုဖြစ်ပွားခဲ့သော အခန်းသည်လည်း အမှန်တရားကို ဖုံးကွယ်ထားသည့်ဟန်ဖြင့် ပြတင်းမှန်တွေ ပိတ်လျက်သား။ မနေ့လိုတာမဟုတ်ပေမယ့် ထိုသို့ ဘာမှမဖြစ်သလိုပုံစံ ဖြစ်နေသည့်မြင်ကွင်းကို နှင်းအောင် မနှစ်မြို့တာတော့ အမှန်ပါ။

အမှန်တရားကို ဒီလိုပုံစံနှင့် ဖုံးကွယ်ထားလို့ ရမတဲ့လား၊ မရ၊ ဒါမျိုးဆို နှင်းအောင်တို့က ဒီအတိုင်း လက်ပိုက်ကြည့်နေမည်မဟုတ်။

ထို့ကြောင့် ခြံထဲကို ရအောင်ဝင်ပြီး. . အိုင်အိုမင်းအောင်လိုသဲလွန်စ ဝင်ရှာရင်း သက်ဆိုင်ရာကို အရင်အကြောင်းကြားရမည်လား။ ဒါမှမဟုတ် ကိုယ့်ကိုပါ အမှုမပတ်၊ သံသယ အဝင်မခံရအောင် မျက်မြင်သက်သေအနေဖြင့် စခန်းမှာ အမှုသွားဖွင့်ပြီး တိုင်ရမည်လား။

"နှင်းအောင် ပြတင်းပေါက်မှာရပ်ပြီး ဘာတွေငေါင်နေတာလဲ မျက်နှာသစ်လေကွာ၊ ပြီးရင် မနက်စာ သွားစားကြမယ်"

အစ်ကိုဖြစ်သူ လင်းအောင် ဝင်လာ၍ တွေဝေနေသော စိတ်တွေကို ဖယ်ပြီး လှည့်ကြည့်လိုက်သည်။ တစ်လက်စတည်း အခြေအနေကို သိချင်၍. . .

"ကိုကြီး ဒီအိမ်အိုကြီးက ဘယ်သူ့အိမ်လဲ၊ လူမနေဘူးလား"

နှင်းအောင် အမေးကြောင့် လင်းအောင် ခပ်ပြုံးပြုံးရယ်ရင်း. .

"ဘာလဲ. . မင်းဝယ်မလို့လား၊ ဈေးကတော့ မြောက်တယ်နော်၊ ရှေးဟောင်းအိမ်ကြီးပေမယ့် လျှော့မတွက်နဲ့. . သိန်းပေါင်း တစ်သောင်းတစ်ထောင်နဲ့ ဈေးခေါ်ထားတယ်လို့ကြားတယ်"



www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည်ဝင်အောင် တခြားပြတင်းပေါက်မှ တရုတ်ကပ်တွေကို လိုက်ဖွင့်ရင်း ထင်ကြေးနှင့်ပြောနေသော ကိုလင်းအောင်စကားကြောင့် နှင်းအောင် မဲ့ပြီး ပုခုံးတစ်ချက် တွန့်လိုက်သည်။

"အဟတ်.. အလကားနေရင်း လူကို ဖွတ်အထင်ကြီးနေလား။ မီဘာအိမ်က ဆင်းလာပြီး နေစရာမရှိလို့ အစ်ကို့အိမ် လာကပ်နေပါတယ် ဆိုမှ လူကိုလာပြီး လှောင်နေသေးတယ်.. ဟုတ်လား"

မိန်းကလေးဆန်သော ရန်တွေ့စကားကြောင့်.. လင်းအောင် တဟားဟား အော်ရယ်ကာ ရယ်သံနှောသောအသံဖြင့်...

"မသိဘူးလေ၊ မင်းက မနက်စောစောစီးစီး ဒီအိမ်ကြီးကိုကြည့်ပြီး မေးနေတော့ ငါက အဲလိုပဲ အထင်ကြီးစိတ် ဝင်သွားတာပေါ့"

"မေးတာ အကြောင်းရှိလို့ပေါ့ ကိုကိုရာ"

"အံမယ်.. ပြောပါဦး စုံထောက်ကြီးရဲ့ ဘာအကြောင်းလဲ"

အမြဲတမ်း လျှို့ဝှက်သဲဖိုဇာတ်လမ်းတွေဖတ်ပြီး နေရာဒေသ ပတ်ဝန်းကျင်တိုင်းကို သံသယမျက်စိဖြင့် အမြဲကြည့်တတ်သော နှင်းအောင်ကို လင်းအောင် ခပ်ငေါ့ငေါ့ ပြောလိုက်သည်။

"ညက အဲဒီအိမ်မှာ လူသတ်မှု ဖြစ်သွားတယ် ကိုကိုသိလား"

"ဟင်.."

နှင်းအောင် စကားကြောင့်.. လင်းအောင် မျက်လုံးပြူးသွားသည်။ ပြီးမှ မျက်ခုံးနှစ်ဖက်ကို တွန့်ရှုံ့ကာ ခေါင်းခါသည်။

"မဖြစ်နိုင်ပါဘူးကွာ မင်းကလည်း၊ ဒီအိမ်ကြီးမှာ လူသတ်မှု ဖြစ်ရအောင် လူလာနေတာမှ မဟုတ်တာ၊ ဒါ အမွေဆိုင်အိမ်ကြီးတွေ အိမ်ပိုင်ရှင် မောင်နှမတွေက ဆယ်မိုင်ကုန်းမှာဆိုလား နေကြတယ်"

"ကျွန်တော်ပြောတာကို ယုံစမ်းပါ ကိုကိုရာ၊ ညက မိန်းမတစ်ယောက်အော်သံကို ကြားရတယ်၊ ဒါနဲ့ ပြတင်းပေါက်က ထွက်ကြည့်





တော့ အမျိုးသမီးတစ်ယောက် သွေးအိုင်ထဲ လဲနေပြီး ယောကျ်ားတစ်ယောက်က ဓါးကိုင်ထားပြီး.. နင်သေမှ ငါ အသက်ဆက်ရှင်လို့ ရမှာလို့ ပြောတယ်"

ပုံပြင်ပြောသလို စီကာပတ်ကုံး ပြောပြနေသော စကားတွေက လင်းအောင်အဖို့ ရယ်စရာ..

ဒီကောင် ညက စုံထောက်ဝတ္ထုတွေဖတ်ပြီး အိပ်မက်မက်တာပဲဖြစ်မည်ဟု ယတိပြတ် တွေးထင်လိုက်သည်။

"မရယ်နဲ့ကိုကို ကျွန်တော် အိပ်မက်မက်နေတာ မဟုတ်ဘူး၊ ညက ကင်မရာနဲ့တောင် ရိုက်ထားသေးတယ်"

ပြောပြောဆိုဆိုဖြင့် စားပွဲအံဆွဲထဲမှ ကင်မရာကို လှမ်းယူပြီး ပြလိုက်သည်။

"ရော့.. မယုံရင် ဖွင့်ကြည့်"

လှမ်းပေးသောကင်မရာကို လင်းအောင် လှမ်းယူပြီး ကင်မရာဖိုင်ကို ဖွင့်ကြည့်လိုက်သည်။

"ဟာ.. မင်းကလည်း ရှင်ပြုပုံတွေကိုများ"

မောင်ရင်လောင်းတွေ တန်းစီဝတ်ထားသော ပုံကိုကြည့်ပြီး ရယ်ကျဲကျဲဖြင့် ပြောသည်။

"မဟုတ်ဘူး ဆက်ပြီး ဖွင့်ကြည့်ပါ"

လင်းအောင် ခလုတ်နှိပ်ကာ ပုံတွေကို တစ်ပုံပြီးတစ်ပုံ ကြည့်သည်။

"ဟင်.. ဒါလား"

နှင်းအောင် ကိုယ်ကိုကိုင်းကြည့်ရင်း.. ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

"ဟုတ်တယ်.. ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာက မျက်နှာလည်း မသဲကွဲဘူး"

"အဝေးကနေ ညဘက်ကြီး လှမ်းရိုက်တာကိုး၊ ဘယ်ကလာပြီး သဲကွဲမှာလဲ ကိုကိုရာ၊ ဒီပုံရအောင်တောင် မနည်းအသက်စွန့်ပြီး ရိုက်ရတာ"

လင်းအောင် ပုံကို သေချာကြည့်သည်။

အမျိုးသမီးတစ်ယောက် သွေးအိုင်ထဲ ဆန့်ဆန့်ကြီး လဲနေ၏။ လူတစ်ယောက် ဆံပင်ဘုတ်သိုက်ဖြင့် ဓားကိုင်ကာ . . လဲကျနေသော အမျိုးသမီးနားမှာ ရပ်နေ၏။

ဘယ်သူဘယ်ဝါဆိုတာ မသဲကွဲပေမယ့် ဟန်ကိုတော့ မြင်ရုံနှင့် ခွဲခြားနိုင်သည်။

ဟုတ်သည်။ နှင်းအောင်ပြောတာ ဖြစ်နိုင်သည်။ လူမနေဘဲ ခုလိုဖြစ်စရာ အကြောင်းမရှိ။

"အိမ်ရှင်တွေ လာပြန်နေတာ ဖြစ်မယ်"

"ဘယ်သူပြန်နေနေ ကျွန်တော်ကတော့ ဒီကိစ္စကို လက်ပိုက်ကြည့်မနေနိုင်ဘူး"

"ဒါဆို မင်းက ဘာသွားလုပ်မလို့လဲ"

"သက်ဆိုင်ရာကို အကြောင်းသွားကြားမှာပေါ့"

"ဟာ. . အေးအေးမနေဘူး၊ သူများ အရှုပ်တော်ပုံထဲ. . မင်းဝင်မပါစမ်းပါနဲ့ကွာ. . ကိုယ်နဲ့မဆိုင်ဘူး၊ ကဲ. . မျက်နှာသစ် ငါ ဗိုက်ဆာနေပြီကွ၊ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်သူလာမေးမေး မင်း မြင်တယ်လို့ မပြောမိစေနဲ့၊ ငါတို့နဲ့မဆိုင်ဘူး. . ."

"အင်းပါ. . ကျွန်တော် ခုပဲ မျက်နှာသစ်ပြီး ဆင်းလာခဲ့မယ်"

နှင်းအောင် စိတ်ရှုပ်ထွေးစွာဖြင့် ပြီးစလွယ်ပြောပြီး ရေချိုးခန်းထဲသို့ မျက်နှာသစ်ရန် ဝင်ခဲ့လိုက်သည်။





စိတ်ထဲမှာတော့ ညက လူသတ်တရားခံကို မနှစ်မြို့သောစိတ်ဖြင့် ထောင်ထဲကို အရောက်ပို့ချင်နေမိသည်။

ဒီလူ တော်တော်ရက်စက်တဲ့လူပဲ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

ညီအစ်ကိုနှစ်ယောက် လက်ဖက်ရည်သောက်ပြီးသည့်တိုင်အောင် နှင်းအောင်စိတ်ထဲမှာ ညက လူသတ်ပွဲကသာ ကြီးစိုးနေ၏။

ဝရန်တာကိုထွက်လာပြီး နေခြည်တွေ ဖြာလက်နေသော ခြံဝန်းထဲမှ ပန်းပင်များကို အစိပ္ပါယ်မဲ့ ငေးကြည့်နေပေမယ့် အတွေးတို့ကတော့ အဓိပ္ပါယ်များစွာဖြင့် ရှင်သန်နေသည်။

အကြည့်တွေက မှိုင်းညို့နေသည့် ထိုအိမ်ကြီးဆီကို ကွက်ကြည့်ကွက်ကြည့်. . စိတ်ထဲမှာ ထိုအိမ်အိုကြီးဆီကို သွားချင်စိတ်တွေ





တရိပ်ရိပ် တက်လာသည်။

ဒီအိမ်ကြီးထဲကိုသာ ဝင်ခွင့်ရခဲ့မယ်ဆိုလျှင် ထိုအိမ်ကြီးထဲမှာ လူသတ်သမားရဲ့ သဲလွန်စကို တွေ့နိုင်မည်။ ထိုသို့တွေ့နိုင်ဖို့အတွက် ဘယ်လိုကြံစည်ရမည်လဲ. . .။

နှင်းအောင် ဝရန်တာတွင်ရပ်ပြီး ဦးနှောက်စားနေသည်။

ကိုယ်ကနဂိုကတည်းက မနေနိုင် တိုင်တက်တတ်သည့်ကောင်ဆိုတော့ စိတ်ဝင်စားစရာ တွေ့လို့ကတော့ ထမင်းမေ့ဟင်းမေ့. . အားလုံးကိုမေ့. . .

"နှင်းအောင် ဖုန်းလာနေတယ်"

"ဘယ်ကတဲ့လဲ"

"စတူဒီယိုကတဲ့"

"ကျွန်တော်မရှိဘူး. . အပြင်ထွက်သွားတယ်လို့ ပြောလိုက်ပါကိုကိုရာ၊ အလုပ်တွေနဲ့ ဝေးချင်လို့ပါဆို"

"အိုခေ ပြီးရော. . ငါ ကြည့်ရှင်းလိုက်မယ်"

လင်းအောင် အလိုက်တသိဖြင့် ပြန်ဝင်သွားသည်။

နှင်းအောင်၏အကြည့်တွေ အိမ်ကြီးဆီသို့ မှုန်မှိုင်းစွာ ပြန်ဝင်သွားသည်။

နှင်းအောင် ဘာလုပ်ရမလဲ။ အဲဒီအိမ်ကြီးထဲ ဝင်ရမလား။ စခန်းမှာ အမှုသွားဖွင့်ရမည်လား။

ကျွတ်ခနဲ စုတ်သပ်ကာ. . နှစ်ခွဖြစ်နေသောစိတ်ကို ဘယ်လို အဖြေပြန်ပေးရမလဲ။

မှုံမှိုင်းနေသော အိမ်ကြီးက ကချေသည်တစ်ယောက်လို နှင်းအောင်၏ စိတ်ဝင်စားမှုတွေကို သွေးဆောင်ဖြားယောင်းနေတာတော့ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ရပ်ကြည့်လို့ အမြတ်ကိုမရှိဘူး။

သွားကြည့်မှ တအားသိလာမှာမို့ ဝရန်တာမှခွာကာ အောက်ထပ်သို့ ခြေလှမ်းခပ်သွက်သွက်ဖြင့် ဆင်းလာခဲ့လိုက်သည်။

ဆိုက်ထဲသွားဖို့ ပြင်ဆင်နေသော လင်းအောင်မှာ ဂနာမငြိမ် ဖြစ်နေသော ညီဖြစ်သူကို စိတ်မောစွာဖြင့်ကြည့်ပြီး . . .

"နှင်းအောင် ဒါကဘယ်လဲ"

"ဟိုဘက်အိမ်ကို"

"ဟာကွာ လူမှမရှိတာ မင်းဘယ်လို သွားကြည့်မလဲ"

စိတ်မရှည်သောလေသံဖြင့် မေးလာသည့် အမေးကို ရပ်ကြည့်ပြီး မဖြေအားသဖြင့် . . .

"ဒီလိုပဲ အပြင်က ကြည့်ရုံလေးပါ"

"လျှောက်မွှေမနေနဲ့ဦးနော်"

ကိုယ့်ညီအကြောင်းကို ကိုယ်သိသူပီပီ နောက်ဆုံးစကားလေးကိုတော့ မှာဖြစ်အောင် မှာလိုက်သေးသည်။

"အင်းပါ"

ပြီးစလွယ် ကတိပေးလိုက်ပြီး အိမ်အပြင်ကို ထွက်လာခဲ့လိုက်သည်။

အိမ်ကြီးဆီသို့ လှမ်းနေသော ခြေလှမ်းတွေ စည်းချက်မှန်နေသလောက် ခုန်နေသောရင်တွေက ဂနာမငြိမ်။

အိမ်ကြီးနားသို့ရောက်လျှင် ဘာတွေ တွေ့နိုင်ဦးမလဲ။







# အခန်း(၄)

ငှက်ကလေးတွေ ပိကျိုပိကျို အော်သံမှလွဲ၍ ခြံကြီးသည် တိတ်ဆိတ်နေသည်။ ငြိမ်းချမ်းအေးဆေးသော ဒီလိုနေရာမျိုးမှာ ညက ကြောက်စရာကောင်းသောအဖြစ်ကြီး ဖြစ်သွားခဲ့သည် ဆိုတာကို ဘယ်သူယုံမှာလဲ။

ဘယ်သူမှမကြည့်နဲ့ . ကိုယ့်အစ်ကိုကိုပဲကြည့် . . . ။

ညီဖြစ်သူက အားတက်သရော ပြောနေပေမယ့် သူက အားတက်သရော စိတ်ဝင်တစားမရှိ၊ ကိုယ်ကပဲ စုံထောက်ဝတ္ထုတွေဖတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးယဉ်ဆန်ဆန် ပြောနေသလိုလို. . .

ကိုယ့်စကားကို အလေးအနက် သိပ်မထားတာဟာ တာဝန်ယူချင်စိတ် မရှိလို့လား၊ ဒါမှမဟုတ် ကိုယ့်ကို အမှုပတ် နှုတ်ပိတ်ခံရမှာစိုးလို့လား။

ဘာပဲဖြစ်ဖြစ် အိမ်နီးနားချင် တစ်ယောက်အနေနဲ့ အနည်းဆုံးတော့ သက်ဆိုင်ရာကို သတင်းပေးသင့်တယ် မဟုတ်လား၊ နယ်ခံဖြစ်တဲ့သူက ဘေးရှောင်နေမှတော့. . တခါတလေလာလည်တဲ့ နှင်းအောင်က ဝင်ပြီး စပ်စုရတော့မှာပေါ့။

အဲဒီအတွက် အဖြေတစ်ခုတော့ ထွက်လာမှာပါ။

အတွေးနှင့်အတူ ခြံစည်းရိုးတံခါးသံတိုင်ကို ဆုပ်ကိုင်ကာ အိမ်ကြီးကို မော့ကြည့်လိုက်သည်။

ရှေးဆန်သော အိမ်ကြီးသည် ဒဏ္ဍာရီထဲက မင်းသားတစ်ပါးနေသော အိမ်ကြီးဟုတောင် ပြော၍ရနိုင်လောက်အောင် အနုပညာလက်ရာ မြောက်လှသည်။

"ကျွိ. ."

"အောင်မလေး. . ဗုဒ္ဓေါ. . မြတ်စွာ"

ဝရန်တာရှိသော အခန်းတစ်ခုမှ တံခါးချပ်တစ်ခု ကျွီခနဲ ပွင့်လာသံကြောင့် အတွေးနှင့် စူးစမ်းနေသော နှင်းအောင် ထိတ်ခနဲ လန့်သွားသည်။ သို့ကြောင့် ပါးစပ်မှ ခပ်တိုးတိုး ယောင်၍သွားသည်။

တဆက်တည်းမှာပင် ခြံတံခါးသည် သော့မခတ်ထား၍ တွန်းမိသွားသလိုဖြစ်ပြီး ဟသွားသည်။

"ဟင်. . တံခါးက သော့မခတ်ထားဘူးပဲ"

ခြံတံခါး သော့မခတ်ထား၍ နှင်းအောင် ထခုန်မိမတတ် ဝမ်းသာသွားသည်။ စူးစမ်းဖို့ အခွင့်အရေးတွေက နှင်းအောင်ကို စောင့်ကြို





နေသည်ပဲ။

ဒီတော့. . ဘာပြောကောင်းမလဲ၊ နှင်းအောင် ခြံဝန်းထဲ ဝင်လိုက်တာပေါ့။

ခုချိန်ထိတော့ ဘာတစ်ခုမှ အနှောင့်အယှက် တစ်စုံတစ်ရာမဖြစ်သေး၊ တွေ့လည်း မတွေ့ရသေး။

လူမနေပေမယ့် သစ်ပင်ပန်းမံတို့ စိမ်းလန်းစိုပြည်နေသောကြောင့် နှင်းအောင် အံ့ဩမိသည်။

ဟိုကြည့်ဒီကြည့် လျှောက်လာရင်းနှင့် အိမ်ကြီး၏ ပေါ်တီကိုအောက်သို့ ရောက်လာသည်။

ကျွန်းတံခါးကြီးမှ နဂါးရုပ်နှစ်ကောင် ထွင်းထားသော ရှေးဟောင်းအနုစိတ်လက်ရာသည် တကယ့်နဂါးကြီးနှစ်ကောင်လားဟု ထင်ရလောက်အောင် ရုပ်လုံးကြွလှသည်။

စိတ်ဝင်စားစရာကောင်းသော လက်ရာမို့ နှင်းအောင် အနားသို့ တိုးသွားပြီး လက်ဖြင့် အသာဖိပွတ်လိုက်သည်။

"ကျွိ. ."

ကျွန်းတံခါးကြီးသည် လျောတိုက်အနေအထားဖြင့် ဖြည်းဖြည်းချင်း ဟ၍သွားသည်။

"ဟင်. . ဒီတံခါးက သော့မပါလည်း လျှို့ဝှက်စံနစ်နဲ့ ဖွင့်လို့ရတာပဲလား၊ ဝါး. . မိုက်တယ်"

တယောက်ထဲ သဘောကျစွာဖြင့် ခပ်တိုးတိုး ရယ်လိုက်သည်။ ရသည့်အခွင့်အရေးကို နှင်းအောင်တို့ ဘယ်လက်လွှတ်ခံလိမ့်မလဲ။ တံခါးက သူ့အလိုလို ဖွင့်ပေးမှတော့ ဒါဟာ ကိုယ့်ကို အိမ်ကြီးထဲဝင်ဖို့ ခရီးဦးကြိုပြုခြင်းပေါ့။

ခြေလှမ်းတို့က မခိုင်းစေရပါပဲနှင့် အလိုလိုပင် အိမ်ထဲသို့ လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်လိုက်သည်။

အေးစိမ့်သော အထိအတွေ့နှင့်အတူ အောက်သိုးသိုး မှိုနံ့တွေက နှာခေါင်းထဲ တိုးဝင်လာ၍. . နှာခေါင်းတစ်ချက် ရှုံ့ထုတ်လိုက်ပြီး လွင့်လာသော အမှုန်အမွှားတွေကို မျက်နှာရှေ့မှ လက်ဖြင့် ရမ်းထုတ်လိုက်သည်။ တစ်နေရာရာမှ လွင့်လာသော အမှုန်အမွှားတွေ ဖြစ်သည်။

ဒီပုံအတိုင်းဆိုလျှင် အိမ်ကြီးထဲမှာ တယောက်ယောက် ရှိနေလောက်ပြီဟု နှင်းအောင် တွေးလိုက်ပြီး အမှောင်ဘက် အနည်းငယ် သမ်းနေသော အိမ်ကြီးအတွင်းကို ဝေ့ဝဲကြည့်လိုက်သည်။

ရှေးဟောင်းပရိဘောဂ ပစ္စည်းများနှင့် ပြည့်နှက်နေသော ထိုအိမ်ကြီးသည် ရှေးဟောင်းပြတိုက်လေးတစ်ခုဟု စိတ်မှာ မှတ်ထင်လိုက်သည်။

အိမ်ကြီးသည် တိတ်ဆိတ်ငြိမ်သက်ကာ နှင်းအောင်၏ လမ်းလျှောက်သံ တရှပ်ရှပ်သာ စည်းချက်မှန်မှန် ထွက်ပေါ်နေသည်။

လူရှိသည်ဟု ထင်ထားပေမယ့် လူရိပ်လူခြေသံပင် တစိုးတစိ မကြားရ။

စိတ်တွေက အပေါ်ထပ်သို့ ရောက်နေသည်။ ညက လူသတ်မှုသည် အပေါ်ထပ်က အခန်းတစ်ခုထဲမှာ ရှိလောက်သည်ဟု ပုံသေတွက်ကာ အပေါ်ထပ်သို့တက်သည့် လှေကားဆီသို့ ခပ်ဖြည်းဖြည်း တက်လာလိုက်သည်။

နှင်းအောင် စိတ်လှုပ်ရှားစ ပြုလာတာတော့ အမှန်ပင်။

ပိုင်ရှင်ခွင့်မတောင်းဘဲ ဝင်လာမိသည့် ကိုယ့်အဖြစ်ကြောင့် ပြဿနာတစ်စုံတစ်ခု တက်နိုင်သည်ဟု ထင်ထားပေမယ့် ထိုပြဿနာလောက်ကို မှုနေ၍မဖြစ်။

တကယ့်အရေးကြီးသည့် ပြဿနာကို ဖော်ထုတ်နိုင်လျှင် ဒီ





အိမ်ကြီးထဲကို ခိုးကြောင်ခိုးဝှက် ဝင်လာခဲ့မိသော ကိုယ့်အဖြစ်သည် ဘာမှမပြောပလောက်တော့။

"ကလစ်. ."

လှေကားလက်ရမ်းတွေကိုကိုင်ကာ အပေါ်သို့ ခပ်ဖြည်းဖြည်းတက်နေခိုက် အခန်းတစ်ခု၏ တံခါးလော့ခ်ဖွင့်သံလိုလို ပိတ်သံလိုလို ခပ်သဲ့သဲ့အသံကို ကြားလိုက်ရသည်။

လှမ်းနေသော ခြေလှမ်းကိုရပ်ကာ နားစွင့်လိုက်သည်။

ဘုံဘိုင်ခေါင်းမှ ရေကျသံတစ်ခု ခပ်မှန်မှန် ပေါ်ထွက်လာသည်။

"သေချာပြီ၊ လူရှိနေတာ. . လုံးဝ သေချာသွားပြီ"

တစ်ယောက်ထဲ ခပ်တိုးတိုးရေရွတ်ကာ လူက ရင်တွေတဒိန်းဒိန်း ခုန်လာသည်။ ညက လူသတ်သမား ဒီအိမ်ကြီးထဲမှာ ရှိနေသေးသည်။ သေချာသွားပြီမို့ ကြောက်စိတ်တို့ စိမ့်ဝင်လာသည်။

တံတွေးတစ်ချက်ကို ဂလုခနဲ မျိုချပြီး လှေကားနားရပ်ကာ အပေါ်တက်ရမလို အောက်ဆင်းရမလိုလိုနှင့် ဒူးပင် အနည်းငယ်တုန်ချင်နေသည်။

"တီ. . တီ. . တီ. . တီ. . တီ. . တီ"

ဖုန်းမြည်သံလိုလို နာရီ alarm ပေးသံလိုလိုက အဆက်မပြတ် ပေါ်ထွက်လာသည်မို့ နှင်းအောင် လှေကားတွင် ရပ်နေ၍ မဖြစ်တော့။ သုံးထစ်မျှသာ ကျန်သေးသော လှေကားထစ်ကို ဆက်တက်လိုက်ပြီး ထောင့်ချိုးအကွေ့ တစ်နေရာမှ နံရံကိုမှီပြီး သူခိုးချောင်း ပြန်ချောင်းလိုက်သည်။

ထိုစဉ် ရေသံလိုလို ဘာလိုလို အသံနှင့်အတူ သီချင်းညည်းသံ ခပ်သဲ့သဲ့ ပေါ်ထွက်လာသည်မို့ ဖျဉ်းခနဲ ကြက်သီးထသွားကာ လူက



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမွှေးတွေ ထောင်ထ၍သွားသည်။

"သ. . သရဲ. . ခြောက်. . ခြောက်တယ်"

ငယ်စဉ်ကတည်းက သရဲဆို ကြောက်တတ်သော နှင်းအောင် ခုမှ တစ်ယောက်ထဲ ဇွတ်ဝင်လာမိသော ကိုယ့်ကိုယ်ကိုယ် ဒေါသတွေ ဖြစ်မိတော့သည်။

ထိုစဉ် လှေကားမှတက်လာသော ခြေသံလိုလို ဘာလိုလို ကြားလိုက်ရပြီး လူက ကြံရာမရဖြစ်ကာ ရှေ့မှာရှိနေသော အခန်းတွေထဲမှ လက်လှမ်းမီရာ အခန်းတစ်ခုထဲသို့ တံခါးဆွဲဖွင့်ကာ ခွေ့ခနဲ ဝင်လိုက်သည်။

"ဟင်. ."

ဗြုန်းခနဲ မြင်လိုက်ရသော မြင်ကွင်းကြောင့် နှင်းအောင် မျက်လုံးအစုံသည် ခြောက်လက်မခန့် ပို၍ ပြူးကျယ်ဝိုင်းစက်သွားမလားဟု ထင်ရလောက်သည်။

အိစက်ဝင်းမွတ်နေသော အသားစိုင်တွေပေါ်. . ရေစက်ရေပေါက်လေးတွေ ပုလဲလုံးလေးတွေလို စီရီကာ. . ဘဝမှာ ထိုမျှကြည့်ကောင်းသော မြင်ကွင်းမျိုးကို ခုမှမြင်ဖူးခြင်းဟု ပြောရမလောက်အောင်ပင် ရက်ရက်စက်စက်လှသော မိန်းကလေးတစ်ယောက်. . .

"ရှင်. . ရှင်. . သူများရေချိုးနေတာကို ဘာလို့ ဝင်လာတာလဲ ဘယ်သူလဲ"

ကြည်လင်ပြတ်သားပြီး ချိုမြိန်မှုတွေ ပေးစွမ်းနိုင်သော အသံလေး၊ ဂီတသံတစ်ခုလို စီးမျောချင်ပေမယ့် အခြေအနေက စီးမျောလို့ မဖြစ်။

ခန္ဓာကိုယ် ကောက်ကြောင်းလေးပေါ်မှာ နီးရာမွှေးပွသဘက်ကလေးကို ခပ်မြန်မြန်ဆွဲပြီး ကပိုကရို လွှမ်းခြုံလိုက်ရသော သူမလေး၏





အရှက်သည်းမျက်နှာလေးကို အားနာစွာဖြင့် ပြူးတိပြူးကြောင် ကြည့်လိုက်ပြီး. .

"ဆော. . ဆောရီးပါဗျာ၊ ကျွန်. . ကျွန်တော် အခန်းမှားပြီး ဝင်လိုက်မိလို့ပါ"

တောင်းပန်တိုးလျှိုးသံတွေက လည်ချောင်းဝမှာ ရှက်စိတ်အားနာစိတ်တို့ဖြင့် မွန်ထူနေသဖြင့် အဆင်ချောစွာ ထွက်မလာ၊ အစီစဉ်မကျ ထစ်အ၍ နေသည်။

ရင်ညွန့်မှစ၍ ပေါင်လည်အထိ မွှေးပွသဘက်ဖြင့် အကာအကွယ်ယူ ပတ်ထားသော သူမလေးကို မရဲတရဲ ကြည့်လိုက်ပြီး တံတွေးတစ်ချက် ဂလုခနဲနေအောင် မျိုချလိုက်သည်။

ရင်တွေ ခုန်နေလိုက်တာများ ဒူးနှစ်ချောင်းပင် ခိုက်ခိုက်တုန်မတတ်။

ဘဝမှာ ထိုမျှလောက် ရင်ခုန်စွဲမက်ဖွယ်ရာကောင်းသောအချိန်တို့ မပိုင်ဆိုင်ခဲ့ဘူးပါ။

"ရှင် ဘယ်သူလဲ. . သူခိုးလား"

"မ. . မဟုတ်ပါဘူး"

ရေစက်ကြည်ကြည်လေးတွေ တွဲခိုနေသော မျက်နှာနုနုလေးပေါ်မှာ သံသယအရိပ်တွေ ဖုံးလွှမ်းနေတာ အသိသာကြီးပါ။

"အို. . ဘယ်ကလာ ကြံကြီးစည်ရာဗျာ ကျွန်တော်သူခိုးမဟုတ်ပါဘူး"

"ဒါဆိုရင် ဘာလဲ"

"လူပေါ့"

တိကျလွန်းသော အဖြေကြောင့် မိန်းကလေး မျက်နှာလေးပေါ်မှ မျက်ခုံးနှစ်ဖက် စုကျုံ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com






"အို. . လူဆိုတာတော့ ရှင်ပြောမှလား ကျွန်မ မြင်တယ်လေ၊ ကျွန်မမေးတာ ဒီအိမ်ထဲ ဘာဝင်လုပ်တာလဲလို့၊ ဘာအကြောင်းပြချက်မှ မပေးနိုင်ရင်တော့ ရှင့်ကို ရဲလက်အပ်မယ်၊ ခိုးမှုမကျူးလွန်ရသေးပေမယ့် ခိုးဖို့ကြံရွယ်မှုနဲ့ ပိုင်နက်ကျူးလွန်မှု ခေါင်းစဉ်တွေနဲ့တပ်ပြီး ဖမ်းမှာ"

တရားခံ လာရှာပါတယ်ဆိုမှ ကိုယ်က တရားခံလာဖြစ်နေရသည်မို့ နှင်းအောင် ကြံရာမရ ဖြစ်နေသည်။

ထိုစဉ် အပြင်မှ လှုပ်ရှားသံတစ်ခု ကြားလိုက်ရသည်မို့ နှင်းအောင် ပို၍တွန့်သွားပြီး၊ ကောင်မလေးမျက်နှာမှာ တစ်ခုခုကို စိုးရိမ်သွားဟန်ဖြင့် အပြင်မှအသံကို နားစွင့်ရင်း. . .

"ဟော. . သူ. . သူလာပြီ"





သူခိုးလားဟု မေးနေသော ကောင်မလေး၏ အာရုံတွေ နှင်းအောင် ဘယ်လိုဖြေမလဲဆိုတာ စိတ်မဝင်စားအားတော့. . အပြင်သို့ အာရုံရောက်သွားပြီး သူလာပြီဟု ပြောသည်။ သူဆိုတာ ဘယ်သူပါလိမ့်။ လူသတ်သမားလားဟု. . လိုရာဆွဲတွေးလိုက်သည်။

"ရှင် ဒီမှာနေခဲ့၊ ရှင့်ကိုမြင်ရင် သူက အလွတ်ပေးမှာ မဟုတ်ဘူး"

"သူ. . သူက ဘယ်သူလဲ"

"ဂျိုးစ်လေ. . ဂျိုးစ်ပေါ့၊ ကျွန်မဘေးမှာ ရှင့်ကို ခုလို ပြူးတီးပြူးကြောင်ပုံစံနဲ့သာ မြင်ကြည့်၊ ဟွန်း. . . မတွေးရဲစရာပဲ"

သေချာပါပြီ၊ ဒါဟာ လူသတ်သမားကို ပြောနေတာ။

"ဒါ. . ဒါဆို. . ကျွန်တော် ဘယ်လိုထွက်ရမလဲ"

"မထွက်နဲ့ဦး၊ ရှင် ဒီရေချိုးခန်းထဲမှာ ငြိမ်ငြိမ်လေးနေခဲ့၊ ဘာအသံမှ မထွက်စေနဲ့နော်၊ ရှင့်ကို ဂျိုးစ်မြင်သွားလို့ မဖြစ်ဘူး၊ သူဟာ ကျွန်မနားကို သူစိမ်းယောကျ်ားကပ်တာ လုံးဝမကြိုက်ဘူး"

ဒီလူ ဘယ်လောက်ဆိုးသွမ်းသလဲ ဆိုတာကို ကလေးတွေကို ခြောက်ပြောသလို ခြောက်လုံးလှန့်လုံးတွေနှင့် ပြောပြီး. . ရေချိုးခန်းတံခါးကို ခပ်ဟဟလေးဖွင့်၍ ထွက်သွား၏။

ရေချိုးခန်းထဲတွင် အေးစိမ့်သော အရသာနှင့် သင်းပျံ့မွှေးကြိုင်သော ဆပ်ပြာရနံ့လေး သင်းထုံစွာ ကျန်ရစ်ခဲ့သည်။

ထိုရနံ့ကို မက်မောစွာ ရှူရှိုက်ရင်း လူသတ်သမားနှင့် ပတ်သက်မှုရှိနေသော ကောင်မလေးကို တစိမ့်စိမ့် နှမြောလာသည်။

လူသတ်သမားနှင့် ဘာပတ်သက်မှု ရှိသလဲ။

လူသတ်သမား၏ ချစ်သူလား။

ဒါဆိုလျှင် လူသတ်သမားက ဘာကြောင့် ညက အမျိုးသမီးကို



www.burmeseclassic.com

www.burmeseclassic.com



သတ်ရတာလဲ။

ဟုတ်ပြီ. . ဒါဆိုလျှင် ကောင်မလေးဟာ လူသတ်သမားနှင့် ငြိစွန်းနေသော တိတ်တိတ်ပုန်း မယားငယ်ဖြစ်ပြီး ညက အသတ်ခံရသော အမျိုးသမီးက လူသတ်သမား၏ မယားကြီးဖြစ်ရမည်။

အယ်. . လူသတ်သမားရဲ့ နာမည်က ဘာပါလိမ့်၊ စောစောကပဲ ကောင်မလေး ပြောသွားသည်။

ထိုနာမည်ကို မျက်မှောင်ကျုံ့ကာ သေချာစဉ်းစားလိုက်၏။

ခပ်ရေးရေးလေး ပေါ်လာသော နာမည်တစ်ခု. . .

"ဟုတ်ပြီ၊ ဂျိုး. . ဂျိုး. . အဲ. . မဟုတ်သေးဘူး၊ ဂျို့စ်. . ဂျို့စ်"

ဒါဟာ အကြီးမားဆုံး သဲလွန်စတစ်ခုဖြစ်သည်။

ဂျို့စ်ဟာ အဓိကတရားခံ၊ ဒါဆို စောစောက ကောင်မလေးက ပူးပေါင်းကြံစည်မှုအဖြစ် ဒုတိယတရားခံ။

နှမြောလိုက်တာ၊ ရက်ရက်စက်စက်လှသလောက် ရက်ရက်စက်စက်ကို ရက်စက်ပါလား။

ရေချိုးခန်းနံရံကိုမှီပြီး ကောင်မလေး၏ လှပသော ခန္ဓာကိုယ်အလှလေးကို မျက်လုံးစုံမှိတ်ပြီး စောစောက မြင်လိုက်ရသော မြင်ကွင်းအတိုင်း ပြန်လည်ပုံဖော်ပြီး မြင်ကြည့်လိုက်သည်။

ရင်တွေ ခုန်လာတာမှ တဒိန်းဒိန်းပါပဲ။

နှမြောလိုက်တာ. . ဘာကို နှမြောမှန်းမသိ။

ကောင်မလေးကိုလား။

ကောင်မလေး၏ ပြစ်မျိုးမှည့်မထင် အလှကိုလား။

ဒါမှမဟုတ် ဂျို့စ်၏ မယားငယ်ဖြစ်နေသော ကောင်မလေး၏ ဘဝကိုလား။

သေချာတာကတော့ ကောင်မလေးကို ထပ်ပြီးတွေ့ချင်သေး





သည်။ အကြိမ်ပေါင်းများစွာတွေ့ပြီး ရင်းနှီးမှု ယူချင်သေးသည်။

ထိုအတွေးနှင့်အတူ ညက လူကို အားရပါးရ သတ်နေသော ဂျို့စ်၏ပုံရိပ်က အာရုံထဲ တိုးဝင်လာသည်။

ရေမွှန်းသူတစ်ယောက်လို ဝူးဝူးဝါးဝါး ထိပ်ထိပ်ပြာပြာ ဖြစ်သွားသည်။

ကောင်မလေးနှင့် ပတ်သက်ခွင့်ရဖို့ ဂျို့စ်ကို အရင်ဆုံး ထောင်ထဲထည့်ရမည်လား၊ မျက်မြင်သက်သေကလည်း ကိုယ့်ကင်မရာထဲမှာ ရိုက်ထားပြီးသားဆိုတော့. . .

ထိုစဉ် ရေချိုးခန်းတံခါး ခပ်ဟဟဖွင့်လာပြီး လူဝင်မလာဘဲနှင့် သွေးစွန်းနေသော အမျိုးသားဝတ် အင်္ကျီတစ်စုံ ရေချိုးခန်းကြမ်းပြင်ပေါ် လွင့်ခနဲ ကျလာသည်။

လျှော်ဖို့အတွက် ရေချိုးခန်းထဲကို အရင်ပစ်သွင်းလိုက်တာ ဖြစ်မည်။ ထိုပစ်သွင်းသောသူသည် ဂျို့စ်လား၊ ဒါမှမဟုတ် ကောင်မလေးလား။

ရေချိုးခန်းကြွေပြားကြမ်းခင်းပေါ် လွင့်ခနဲ ပုံကျလာသော သွေးစွန်းသောအဝတ်ကို သေချာငုံ့ကြည့်လိုက်သည်။

ဒါဟာ ဒုတိယသက်သေ၊ ဒီသက်သေကို နှင်းအောင် အပြင်ကို သယ်ထုတ်သွားရမည်။

ထိုအကြံကို ပိုင်ပိုင်နိုင်နိုင်တွေးပြီး သွေးစွန်းနေသော အဝတ်ကို လုံးထွေးပြီး အင်္ကျီရင်ဘတ်ထဲ ထိုးထည့်လိုက်သည်။

ဒီအခန်းထဲမှာ ဆက်နေ၍ မဖြစ်တော့သည်မို့ ရေချိုးခန်းတံခါးကို ခပ်ဟဟဖွင့်ပြီး အရင်ဆုံး ခေါင်းပြူကြည့်လိုက်သည်။ လူရိပ်လူခြည်မတွေ့ရ. . .။

အိုကေပြီ။ အခု အရင်ဆုံးလုပ်ရမည်က ဒီအိမ်ကြီးထဲက အရင်



www.burmeseclassic.com

www.burmeseclassic.com



ဆုံး ထွက်ရဖို့ပဲ။

ခြေလှမ်းတွေကို ရဲဆေးတင်ခိုင်းပြီး စောစောကတက်လာသော လှေကားအတိုင်း ပြေးဆင်းခဲ့သည်။

အခန်းတစ်ခုအတွင်းမှ ရင်နာစရာကောင်းသော အသံကြည်ကြည်လေး လွင့်ထွက်လာသည်။

"ဂျို့စ်. . လာကွာ၊ အကျီ မြန်မြန်ယူလာခဲ့. . ဒီမှာ ချမ်းလှပြီ၊ ချစ်လေးက လိမ္မာပါတယ်၊ ခစ်. . ခစ်. . ခစ်. . ပြောသလို မလုပ်ရင် ဒီည လုံးဝအငတ်ထားမှာနော်. . ဟွန်း"

လှေကားပေါ်မှ ကိုယ်ကိုဖော့ပြီး ပြေးဆင်းလာရင်းမှ မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွားသည်။

သူတို့က အခန်းထဲမှာ ကျီစားနေကြတာကိုး၊ ဘာတဲ့ ညစာတောင် အငတ်ထားလိုက်ဦးမယ်တဲ့။

ရင်နာစရာကောင်းလိုက်တာ၊ မနာလိုစရာ ကောင်းလိုက်တာ။

စိတ်ထဲမှာ လူသတ်သမားဂျို့စ်ကို တော်တော်လေး မုန်းတီးမိသွားသည်မှာ ပြောဖွယ်မရှိတော့။







# အခန်း(၅)

"ဟာ. . မင်းတော့ ပြဿနာ ရှာလာပြန်ပြီ နှင်းအောင်ရာ"

"ပြဿနာရှာတာ မဟုတ်ဘူး၊ ဒါ တရားခံရဲ့ သက်သေတစ်ခု၊ သူတို့ကို ဖမ်းဖို့အတွက် ကင်မရာထဲက ဓါတ်ပုံရယ်၊ ဒီသွေးစွန်းနေတဲ့ အဝတ်ရယ်က အရေးအကြီးဆုံးပဲ"

"ကျွတ်. ."

"အဲဒီတရားခံကို ဖမ်းမိတော့ရော မင်းအတွက် ဘာများအကျိုး ထူးလာမှာမို့လဲ. . ဟမ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်. . . ကိုကိုကလေ တာဝန်သိ ပြည်သူတစ်ယောက် မဟုတ်ဘူးလား၊ ညကအသတ်ခံရတာ ပုရွက်ဆိတ်တစ်ကောင် မဟုတ်ဘူး. . လူဗျ. . လူ"

ညီအစ်ကိုနှစ်ယောက် ကိုယ်နှင့်မဆိုင်သော ပြဿနာတစ်ခုအတွက် လေသံတွေ တင်းမာကုန်ကြသည်။

အရာရာကို စူးစမ်းပြီး စပ်စပ်စုစုနိုင်လွန်းသော ညီဖြစ်သူကို လင်းအောင် ဘယ်လို နားလည်သဘောပေါက်အောင် ပြောရပါ့မလဲ။

"မင်း အိမ်ကိုပြန်တော့ ညီလေးရာ၊ ကိုကို အလုပ်လုပ်နေတာ ညီ့ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရတယ်"

"မပြန်ပါဘူး၊ ပြန်ရင် မိန်းမယူနေရမှာပေါ့"

"ယူပေါ့၊ မင်းလဲ အရွယ်ရောက်နေပြီပဲဟာ. . ယူသင့်နေပြီပဲ"

"ဒါဆို အဲဒီ ပန်းဒေစီကို ကိုကိုယူလေ"

"ငါလို့တစ်ခုလပ်ကို သူက ယူမလား"

"တစ်ခုလပ်ပေမယ့် ကိုကို့မှာ အထုပ်ရှိပြီးသားပဲ"

"မင်းကို ပန်းဒေစီက ကြိုက်နေတာလေ၊ မင်းမှာ ရုပ်ရှိတယ်"

"အဲဒီရုပ်က ပန်းဒေစီအတွက်မှ မဟုတ်တာ၊ ကျွန်တော်ချစ်တဲ့သူအတွက်၊ လုပ်ပါဗျာ ကိုကိုရာ. . ပန်းဒေစီကို ကိုကိုယူလိုက်ပါနော်၊ ကျွန်တော်က ကလေးပဲရှိသေးလို့ပါ"

"ဟ. . မိန်းမယူတာ ကလေးကစားစရာ အရုပ်လဲသလို လုပ်လို့ရမလား၊ မင်းလား. . ကလေး"

"ကျွန်တော်မှ ချစ်သူမထားဖူးသေးတာ. . ၊ အနည်းဆုံး ချစ်သူကိုးယောက် ဆယ်ယောက်လောက်နဲ့ တွဲပြီးမှ နဖူးတွေ့ဒူးတွေ့ ခံစားပြီးမှ အိမ်ထောင်ရေးကို စဉ်းစားချင်လို့ပါ ကိုကိုရာ"

ကလေးငယ်တစ်ယောက်လို ခံစားချက်တွေကို ဝန်ခံနေသော





ညီဖြစ်သူကိုကြည့်ပြီး လင်းအောင် သက်မမောကို ဟင်းခနဲ ချလိုက်သည်။

"မင်း တော်တော်လောဘကြီးတာပဲ၊ ချစ်သူ ထားရုံလေးတင် မဟုတ်ဘူး၊ နဖူးတွေ့ဒူးတွေ့အထိပါ မှန်းလိုက်သေးတယ်၊ ဒါလား. . ကလေး"

နှင်းအောင် တဟဲဟဲဖြင့် ရယ်ပြလိုက်သည်။ စွေစောင်းစောင်း လင်းအောင်အကြည့်အောက်မှ အသာလေး လစ်ထွက်ခဲ့လိုက်သည်။

ဒီပုံအတိုင်းဆို နှင်းအောင် အိမ်ကိုပြန်လို့မှ မရသေးတာ၊ တစ်ကိုယ်တော် ဆားပုလင်းနှင်းအောင်လုပ်ပြီး လူသတ်သမားကို ဖော်ထုတ်ရဦးမှာ. . .။

ဂျိုစ်ရဲ့ လူသတ်စက်ကွင်းထဲမှာ ကောင်မလေး မပါပါစေနဲ့လို့ပဲ ဆုတောင်းရမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

ဒီတစ်ခါတော့ နှင်းအောင် ခြံထဲဝင်၍ မရတော့ပါ။ ခြံတံခါးသည် အကြီးစား သော့ခလောက်ကြီးနှင့် အခိုင်အမာ ခတ်ထားသည့်အတွက်ကြောင့် ဖြစ်သည်။

ထို့ကြောင့် ခြံအပြင်ကနေသော အိမ်ကြီးဆီသို့ ငေးကြည့်နေလိုက်သည်။ ပြတင်းပေါက်တွေ အားလုံးပိတ်ကာ လှုပ်ရှားမှု တစ်စုံတစ်ရာ မတွေ့ရသဖြင့် စိတ်ထဲမှာ သိပ်ဘဝင်မကျလှ။

ဂျိုးစ်၏ လှုပ်ရှားမှုကို မတွေ့ရလျှင်တောင်မှ ကောင်မလေး၏ အရိပ်ကလေးဖြစ်ဖြစ်တော့ မြင်ချင်ပါသေးတယ်။





"မင်း အဲ့ဒီပစ္စည်းကို ရအောင်ရှာ၊ ဒီပစ္စည်းက ငါတို့အတွက် အရမ်းအရေးကြီးတယ်ဆိုတာ နားမလည်ဘူးလား"

"ဟုတ်. . ဟုတ်ကဲ့. . အာစရိ၊ ကျွန်တော် အဲဒီ သက်သေခံပစ္စည်း ယူသွားတဲ့လူနောက်ကို လူလွှတ်ခိုင်းထားပါတယ်"

"အေး. . ရအောင်ယူ အနုနည်းနဲ့မရရင် အကြမ်းနည်းနဲ့ယူကွာ၊ ဒီပွဲမှာ ငါတို့ အနိုင်ရမှဖြစ်မှာ"

ခတ်ကြိတ်ကြိတ် ပြောနေသောအသံကြောင့် ဒါဟာ ဘာကို ရည်ရွယ်ပြီး ပြောနေသလဲဆိုတာ နှင်းအောင် ဒက်ခနဲ သိလိုက်သည်။

သွေးစွန်းအင်္ကျီက ကိုယ့်လက်ထဲမှာ ဖြစ်နေတဲ့အတွက် ဒါဟာ သူတို့ကို ထောင်ထဲပို့မယ့် သက်သေခံပစ္စည်း။

အတွေးနှင့်အတူ ခေါင်းတဆတ်ဆတ်ညိတ်ပြီး ဘာများဆက်ပြောကြဦးမလဲဆိုပြီး အသံလာရာ ပန်းခြုံဘက်ဆီသို့ နားထပ်စွင့်လိုက်သည်။ ဘာသံမှ ထပ်ပြီးမကြားရတော့။

နှင်းအောင် ခြံရှေ့မှာ ဆက်ရပ်နေ၍ မဖြစ်တော့တာမို့ အိမ်ဘက်သို့ တချိုးတည်း သုတ်ခြေတင်လာခဲ့လိုက်တော့သည်။

လက်ဦးမှု မယူထားနိုင်လျှင် ကိုယ်ခံရမည့်ကိန်း ဖြစ်နေသည်မို့ အစကတည်းက ဝင်မရှုပ်ခဲ့မိလျှင် ခုလို ပြဿနာတွေက ကိုယ့်ဆီလာမှာမဟုတ်။ ခုတော့ လာမည့်ဘေးပြေးတွေ့ ဆိုသလိုပင် လူသတ်သမားနှင့် ရင်ဆိုင်ရဦးတော့မည်။

အမှန်တရားဘက်မှာ ရပ်နေသူမို့. . . နှင်းအောင် ဘာများကြောက်စရာ လိုမှာလဲ၊ အရာရာကို ရင်ဆိုင်လိုက်ရုံပေါ့။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

ကင်မရာထဲမှ သက်သေခံဓါတ်ပုံနှင့်အတူ သွေးစွန်းအကျႌကို ကျောပိုးအိတ်ထဲထည့်ကာ မြို့နယ်ရဲစခန်းသို့ အမှုဖွင့်ရန် ထွက်လာခဲ့သည်။ ကျောပိုးအိတ်ကို ကားနောက်ဖုံးထဲ ထည့်ထားသည်မို့ ကားကို နောက်ဆံတင်းစွာ မောင်းနှင်ခဲ့သည်။

ထိုစဉ် အအနက်ရောင်ကားတစ်စီးကို နောက်ကြည့်မှန်မှတစ်ဆင့် သတိထားမိသွားသည်။ ချက်ချင်းဆိုသလို စိတ်ထဲမှာ ထင့်သွားပြန်သည်။

ဒီကားကို နှင်းအောင် အိမ်ကစထွက်ကတည်းက သတိထား





မိသည်။ အဲဒီတုန်းက အမှုမဲ့အမှတ်မဲ့ မြင်ရုံသာ မြင်ခဲ့ရသည်။

ခုပုံစံက ကိုယ့်နောက်က ထပ်ကြပ်မကွာ လိုက်နေပုံရသည်။

ဒါဆိုလျှင် သေချာပြီ၊ ဒါဟာ လူသတ်သမားက ကိုယ့်နောက်ကို နောက်ယောင်ခံ ပြန်လိုက်နေတာပင်။

ထို့ကြောင့် ရဲစခန်းဘက်သို့ ဦးတည်နေသောကားကို တစ်ခြားလမ်းဘက်သို့ ဦးတည်လိုက်သည်။

ကားကို ဖြည်းဖြည်းနှင့်မှန်မှန် မောင်းနေရင်းမှ နောက်ကလိုက်နေသော ကားကိုလည်း သတိထား မောင်းနေရ၏။ ရန်ကုန်မြို့ကြီး ဒီလောက်ကားရှုတ်နေတာတောင်. . ထိုကားက နှင်းအောင်၏ကား နောက်သို့ ထပ်ချပ်မကွာ လိုက်ဆဲ. . ။

နှင်းအောင် မဲ့ခနဲ တစ်ချက်ပြုံးပြီး ကားကို ဂေါက်ကွင်းဘက်သို့ ခပ်မြန်မြန် ချိုးကွေ့လိုက်သည်။ အနောက်မှ ကွန်တိန်နာ ကားကြီး ခံနေ၍ နောက်ယောင်ခံလိုက်နေသောကားမှာ နှင်းအောင်၏ကား ချိုးကွေ့လိုက်သည်ကို သတိထားမိပုံမပေါ်။

ထို့နောက် ဒီထက် မျက်ခြည်ပြတ်စေရန် ကားကို သစ်ခွအရောင်းဆိုင်ဖြစ်သော ခြံဝင်းတစ်ခုထဲသို့ ဖျတ်ခနဲ မောင်းချလာလိုက်သည်။

သစ်ခွစင်တွေဖြင့် အုပ်ဆိုင်းနေသော ပန်းခြံသည် နှင်းအောင်ကားဝင်လိုက်၍ အပြင်မှ တော်ရုံမမြင်နိုင်။ သစ်ခွရုံဘေးမှ လူငယ်လေးတစ်ယောက် ပြေးထွက်လာသည်။

"ဘာလိုချင်လို့လဲ အစ်ကို၊ ညီလေး စိတ်တိုင်းကျ လုပ်ပေးပါ့မယ်"

ဖော်ရွေသော ကောင်လေးကို ပြုံးကြည့်လိုက်ပြီး နှင်းအောင် ဘာပြော၍ ပြောရမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



ပန်းအရောင်းဆိုင်ထဲသို့ ဝင်လာမှတော့ ပန်းတော့ ဝယ်ရမှာပင်၊ မဝယ်ဘဲနှင့် ကားမောင်းပြီး ဝင်လာရုံသက်သက်နှင့် ဆိုလျှင်တော့ ခပ်ကြောင်ကြောင်လုပ်ရပ်ဟု အထင်သေးခံရမည်။

"ဟိုလေ. . ဟို. . "

ရုတ်တရက်ဆိုတော့ ဘာပန်းဝယ်ရမှန်း ပါးစပ်က ပြောမထွက်၊ ပန်းအမျိုးအစားကို ကိုယ်မှမသိတာ၊ ယောက်ျားလေးဆိုတော့ နှင်းဆီ စံပယ်၊ ဂန္ဓာမာလောက်ပဲသိတာ. . ။ သစ်ခွမျိုးစိတ်တွေ၏ နာမည်တွေကို သိဖို့ဆိုရင် ဝေလာဝေး. .

"မင်္ဂလာပွဲအတွက်လားအစ်ကို၊ သတို့သမီး ဝတ်စုံနဲ့တိုက်ပြီး ဝယ်မှာလား၊ ကျွန်တော်တို့ဆီက မင်္ဂလာပန်းကြဲဖို့အတွက်ပါ စီစဉ်ပေးပါတယ်"

ကောင်လေးက ရောင်းသူ၏ ထုံးစံအရ နှုတ်မှ တတွတ်တွတ် ရှင်းပြရှာ၏။ ဒီတော့. . ကိုယ့်ဘက်က ဘာအတွက်ဆိုသည့် အဖြေကို ပြန်ပေးရတော့မည်။

"ဟို. . ဟိုလေ. . မွေးနေ့ပွဲအတွက်"

"သြော်. . မွေးနေ့ပွဲအတွက်ဆိုတော့ အလှပန်းထိုးရုံ သက်သက်ပဲလား၊ မွေးနေ့ရှင်က မိန်းကလေးလား၊ မိန်းကလေးဆိုရင်တော့ ပန်ဖို့ပန်းတော့ လိုဦးမှာပေါ့"

"အဲ. . မ. . မဟုတ်ဘူး၊ မွေးနေ့ရှင်က အစ်ကိုပါ"

"သြော်. . အစ်ကိုလား၊ ဒါဆိုရင်တော့ အလှပန်းထိုးပြီး ချစ်သူကို ပန်စည်းပေးရုံပဲပေါ့"

ကိုယ့်ရုပ်ကိုကြည့်ပြီး အထင်တကြီးပြောနေသော ချာတိတ် စကားကြောင့် အနည်းငယ်ပင် ရယ်ချင်သွားမိသည်။

"ပန်းတွေကတော့ စိတ်ကြိုက်ပဲ အစ်ကို. . ဆင်ဗီဒီယမ်သစ်ခွ





အိုခွန်တိုဂလော့ဆမ်၊ ကက်တလီယာ၊ ဖာလင်နော့ပဆစ်၊ အရောင်အသွေးကတော့ အစုံရှိတယ်၊ တခြားသစ်ခွတွေလည်း အများကြီး ရှိသေးတယ်"

ကောင်လေးက သူ့ဆိုင်မှာရှိသော သစ်ခွအမျိုးအမည်အချို့ကို ရွတ်ပြသည်။ နှင်းအောင်မှာသာ ကိုယ်မကြားဖူးသော သစ်ခွနာမည်တွေနှင့် မမြင်ဖူးသော သစ်ခွပင်တွေကြား အူလည်လည်ဖြစ်နေသည်။

"အလှပန်းစိုက်ဖို့ဆိုတော့ ညီလေးအဆင်ပြေတဲ့ပန်းသာ ပေးကွာ"

"သြော်. . ဟုတ်ကဲ့၊ ဒါဆို ကျွန်တော်ကြည့်ပြီး စီစဉ်ပေးလိုက်မယ် အစ်ကို၊ ခဏစောင့်နော်"

အရောင်စုံလင်စွာ ပွင့်နေကြသော သစ်ခွစင်တွေဘက်သို့ ကောင်လေး လျှောက်သွားသည်။

နှင်းအောင် အိတ်ကပ်ထဲမှာပါလာသော ပိုက်ဆံကို အသာ ကြည့်ပြီး သက်ပြင်းလေးကို မသိမသာ ချလိုက်သည်။

ကိုယ့်ထမင်း ကိုယ်စားပြီး အေးအေးမနေချင်တဲ့ကောင်၊ မှတ်ပြီလားဟု ကိုယ့်ကိုယ်ကိုယ် ပြန်မေးလိုက်သည်။

ဒီသစ်ခွပန်းတွေဝယ်ပြီး ဘာလုပ်ပစ်ရမလဲ၊ အိမ်ကဘုရားစင်မှာလှူပြီး ကိုကို့ကို ပေးချင်တဲ့သူပေးရအောင်ဆိုပြီး ပေးလိုက်ရမှာပင်၊ တော်တော်အူကြောင်ကြောင် နိုင်သောအဖြစ်။

နှင်းအောင်အဖြစ်ကိုသာ ကိုကိုသိလျှင် ဘယ်လောက်အပြောခံလိုက်ရမည်မသိ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

သစ်ခွခြံထဲမှ ကားမောင်းပြန်ထွက်လာတော့ လမ်းမကြီးပေါ်မှာ စောစောက နောက်ယောင်ခံလိုက်လာသော ကား၏ အရိပ်အယောင်ကို မတွေ့ရ။ ဒီတော့ သစ်ခွပန်းစည်းကို ကျေးဇူးတင်စွာကြည့်ပြီး ကားကို လာလမ်းအတိုင်း အေးအေးဆေးဆေး ပြန်မောင်း၍ လာလိုက်သည်။

ရဲစခန်းကိုလည်း သွားမနေတော့၊ ဒီနေ့အဖို့ အချိန်လွန်သွားပြီ။





ဘီလူးတုကို နားမှာချိတ်ရင်း သီချင်းခပ်အေးအေးလေး နားထောင်ပြီး ကားကို ခပ်ဖြည်းဖြည်း မောင်းလာလိုက်သည်။

ထိုသို့ မောင်းနေရင်းမှ ရှေ့မှ လှမ်းတားနေသော အမျိုးသမီးကို ကြည့်ပြီး နှင်းအောင် မျက်လုံးပြူး၍ သွားသည်။

“ဟင်. . ဟို. . ဟိုကောင်မလေးပဲ”

ဇဝေဇဝါစိတ်ဖြင့် ကားကိုအရှိန်လျှော့ပြီး ရပ်လိုက်သည်။

ကောင်မလေး ကားနားလာရပ်ပြီး နှင်းအောင်ကိုမြင်တော့ အံ့ဩသောမျက်နှာဖြင့် မျက်ဝန်းလေး ဝိုင်းသွားသည်။

“ဩော်. . ရှင်ပဲ”

ပုံစံကြည့်ရတာ နှင်းအောင်ဆိုတာ ကြိုသိ၍ တားလိုက်ခြင်း မဟုတ်ဘူးဆိုတာ သိသာနေပြီမို့ စိတ်ထဲမှာ အနည်းငယ်တော့ ပူပန်မှု လျော့သွားရသည်။

“ဘယ်သွားမလို့လဲ”

“သင်တန်းက ပြန်လာတာ၊ လမ်းမှာ ကားက ထိုးရပ်သွားလို့ တော်သေးတာပေါ့. . ရိုးရာ တားလိုက်တဲ့ကားက ရှင်ဖြစ်နေလို့”

“ခု ဘယ်သွားမှာလဲ တက်လေ”

“ရှင်ရော ဘယ်သွားမှာလဲ အိမ်ပြန်မှာလား၊ အိမ်ပြန်မယ်ဆိုရင်တော့ ရှင်ပြန်တဲ့ဆီကိုပဲ လိုက်တော့မယ်”

“ဗျာ. .”

နှင်းအောင် မျက်လုံးပြူးသွားသည်။ ကောင်မလေး သဘောပေါက်သွားဟန်ဖြင့် နှင်းအောင်ကို နှုတ်ခမ်းစူကြည့်ရင်း. . .

“ဟော့. . ဘာလဲ ရှင်ပြန်တဲ့ဆီ လိုက်မယ်ဆိုတာ ရိုးရာက ရှင့်ရဲ့ အိမ်ဘေးက စံရိပ်ငြိမ်အိမ်ကို လိုက်မယ်လို့ ပြောတာ”

“ဟင်. . မင်းက ကိုယ် အဲဒီဘေးအိမ်မှာနေမှန်း ဘယ်လိုသိ



www.burmeseclassic.com

www.burmeseclassic.com



လဲ"

နှင်းအောင်အမေးကြောင့် ရိုးရာ မချိုမချဉ်ပြုံးပြီး . .

"ရိုးရာက ယောကျ်ားချောချောလေးတွေဆိုရင် သူတို့ ဘယ်မှာ နေလဲဆိုတာ တိတ်တိတ်လေး လေ့လာတတ်တဲ့ အကျင့်ရှိတယ်"

ရိုးရာ၏ မချိုမချဉ်စကားကြောင့် နှင်းအောင် ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီး . .

ဒါဆိုရင် . . ကိုယ်က ဘယ်နှစ်ယောက်မြောက် လေ့လာခြင်းလဲ . .

"ကိုးဆယ့်ကိုးယောက်မြောက်"

"ဝါး . . မနည်းပါလား၊ ဟား . . ဟား . . ဟား . . မင်းက ရုပ်လေးလဲလှ၊ ရယ်စရာလဲ ပြောတတ်နဲ့ ခင်ဖို့ကောင်းတယ်"

"ရိုးရာကလည်း ခင်တတ်ပါတယ်၊ အထူးသဖြင့် ရှင့်ကိုပေါ့၊ ရှင်က ရိုးရာတွေ့ခဲ့ဖူးတဲ့ ယောကျ်ားတွေနဲ့ မတူဖူးလေ"

ရင်းနှီး ပွင့်လင်းလွန်းသော ရိုးရာ၏ စကားလုံးတွေသည် အတုအယောင်လား အစစ်အမှန်လားဆိုတာ သိချင်သည်။

"ကိုယ်က ပိုချောနေလို့လား"

"ဟင့်အင်း . . ရှင်က ရိုးရာရဲ့ လျှို့ဝှက်ချက်တွေကို မြင်သွားဖူးတဲ့ သူမို့လို့လေ"

သူမအပြောက ရဲတင်းပွင့်လင်းကာ မျက်နှာပြောင်တိုက်နေပေမယ့် ကြားရသူ နှင်းအောင်၏ မျက်နှာမှာတော့ ရှိန်းခနဲ နွေးမြသွားသည်။

ဟုတ်ပေသားပဲ . . ကိုယ်က သူ့ရဲ့အလှစစ်စစ်ကို မြင်ဖူးခဲ့သည့် လူတစ်ယောက်ပဲ၊ အခုပြန်တွေး အခုပြန်မြင်ယောင်က ရင်တွေတုန်သည်။





"အဲဒီတုန်းက မရည်ရွယ်ခဲ့ပါဘူး၊ အဲဒီအခန်းထဲမှာ မင်းရှိနေမှန်းလဲ တကယ်မသိခဲ့တာပါ"

ဒါဟာ ရိုးသားစွာ ဝန်ခံခြင်းပါ။

"ကဲပါ . . ဒီလိုပဲ လူကို မတ်တပ်ကြီး ရပ်ခိုင်းတော့မှာလား ကားပေါ်တက်ပါလို့ မခေါ်တော့ဘူးလား"

အမျှင်မပြတ်သော စကားတွေကို သူက စပြောတုန်းကပြောပြီး ခုမှ ကားပေါ်တက်ဖို့ မခေါ်တော့ဘူးလားဟု မေးရတယ်ရှိသေး

"အင်း တက်လေ၊ အစောကြီးကတည်းက လိုက်ခဲ့ပါလို့ ပြောမလို့ပဲ၊ မင်းစကားက လေမှမတိုးတာ"

အရွှန်းဖောက်ပြီး ပြောလိုက်သော စကားကြောင့် . . ရိုးရာ တခစ်ခစ်ရယ်ရင်း ကားတံခါးကို ဆွဲဖွင့်လိုက်သည်။

သစ်ခွပန်းစည်းကြီးကို မြင်တော့ မျက်ဝန်းအရောင်လေး လက်ခနဲ တောက်သွားသည်ကို နှင်းအောင် သတိထားလိုက်မိသည်။

"ဟယ် . . သစ်ခွတွေ လှလိုက်တာ၊ ရှင် ဝယ်လာတာလား"

ပန်းစည်းကြီးကို လှမ်းယူကာ ထိုပန်းစည်းတင်ထားသော ထိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီး မေးသည်။ နှင်းအောင် ကားကို ခပ်ငြိမ့်ငြိမ့်လေး မောင်းထွက်လာလိုက်ရင်း သူမအမေးကို ဘယ်လိုဖြေရမှန်းမသိ၊ ဝယ်လာတာဟု ပြောလိုက်လျှင်လည်း ဘာအတွက်ကြောင့် ဝယ်လာသည်ဟူသော အကြောင်းပြချက် ပေးရဦးမည်။

ဒီတော့ ခပ်လွယ်လွယ်ပင် . . .

"သစ်ခွခြံက သူငယ်ချင်းတစ်ယောက် လက်ဆောင်ပေးလိုက်တာလေ"

မုသားမပါ လင်္ကာမချောရသလိုပင် ဒီအတိုင်း ကြည့်ကောင်းကြားကောင်းအောင် ရွှီးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အများကြီးပဲ၊ ရှင့်ချစ်သူကို ဖဲကြိုးလှလှလေးစည်းပြီး ပန်းစည်း လက်ဆောင် ပေးလို့ရတာပေါ့"

ကိုယ့်မှာ ချစ်သူရှိသလားဟု တိုက်ရိုက်မမေးဘဲ သွယ်ဝိုက်၍မေးလိုက်သော မေးခွန်းမှန်း သိသာသည်မို့ အဖြစ်မရှိဟန် ပြုံးလိုက်ပြီး. . .

"ချစ်သူပေးဖို့ နေနေသာသာ မိန်းကလေး သူငယ်ချင်းအသိတောင် မရှိပါဘူး"

"တကယ်. ."

"အင်း. . တကယ်ပါ၊ မင်းလိုချင်ရင် ယူလိုက်လေ"

"တကယ်"

"တကယ်ပေါ့"

"ဝါး. . အရမ်းကို ခင်သွားပြီ၊ ဪ. . ဒါနဲ့ ရှင့်ကို မေးရဦးမယ်"

"မေးလေ ဘာမေးမှာလဲ"

"ဟိုနေ့က ရှင် စံရိပ်ငြိမ် အိမ်ကြီးထဲကို ဘာလုပ်ဖို့ ခိုးကြောင်ခိုးဝှက် ဝင်လာတာလဲ"

ဖြေရခက်သော အမေးပင်. . .

လူသတ်မှုကိစ္စကြောင့်ဟု ပြောလိုက်လျှင် ခင်မင်မှုရော အခုလက်ရှိ အခြေအနေလေးတွေပါ ပျက်စီးသွားနိုင်သည်မို့ အမှန်အတိုင်း ပြော၍ မဖြစ်သေး။

လူသတ်မှုထဲမှာ ရိုးရာပါ ကြံရာပါ ဖြစ်နေလျှင် ယခုလက်ရှိ ခင်မင်မှုတွေသည် အတုအယောင်လည်း ဖြစ်နိုင်သည်။

ထို့ကြောင့် အတတ်နိုင်ဆုံး မသိချင်ဟန်ဆောင်ပြီး တိတ်တဆိတ် လျှို့ဝှက်စုံစမ်းရမှာပင်. . .





"ဪ. . အဲဒါက ဘာရည်ရွယ်ချက်မှတော့ မရှိပါဘူး၊ အိမ်ကြီးက အပြင်ကကြည့်ရင် အရမ်းရှေးဆန်ပြီး ယဉ်ကျေးမှု လက်ရာတွေ အများကြီး ရှိတယ်မဟုတ်လား၊ ဒါကြောင့် စိတ်ဝင်စားလို့ ခဏဝင်ကြည့်တာပါ၊ အိမ်ရှင်တွေကို ခေါ်ရင်ခေါ်ရင်းနဲ့ အိမ်ထဲအထိ ဝင်မိသလို ဖြစ်သွားတယ်၊ အဲဒီအတွက် တောင်းပန်ပါတယ်"

အဆင်ချောသော အကြောင်းပြချက်တွေပေးပြီး တောင်းပန်လိုက်ပေမယ့် သိပ်ပြီး ယုတ္တိမတန်မှန်း ကိုယ့်ကိုယ်ကိုယ် သိပါသည်။

"အဟင်း အဲဒါနဲ့ပဲ သူများရေချိုးနေတဲ့ ရေချိုးခန်းထဲ စွတ်ဝင်လာတယ်ပေါ့. . ဟုတ်လား၊ အ. . ဟင်း. . ဟင်း. . ဟင်း နုံတယ်နော်၊ နို့ရာနေရာမှာ သူများသာဖြစ်ကြည့် ခုလောက်ဆို ရှင်အချုပ်ထဲမှာ အောက်ထွင်းမှုနဲ့ ရောက်နေလောက်ပြီ"

သူမပြောတာ အမှန်တရားမို့ မချိသွားဖြဲ ရယ်လိုက်ရင်း. . .

"အဲဒီတုန်းကတည်းက စခန်းကို အကြောင်းကြားလိုက်ရောပေါ့ဗျာ၊ တကယ်ဆို ကျွန်တော်လည်း အရမ်းကို အားနာရပါတယ်၊ အဲဒီအပြစ်ကို ဘယ်လိုကျေအောင် ဆပ်ရမလဲဆိုပြီး စဉ်းစားတာ တစ်ညလုံး မိုးလင်းရော"

ညာလက်စနဲ့ ယုတ္တိတန်အောင် ညာလိုက်သည်။ အမှန်တော့ အဲဒီညက စိတ်ကူးတွေနဲ့ ရင်ခုန်ပြီး အိပ်မပျော်ခဲ့တာ၊ သူမလေး အလှမှာ နစ်မျောပြီး အာရုံထဲက ဖျောက်ဖျက်လို့ မရနိုင်ခဲ့တာပါလို့ ပြောလိုက်ရင် ခုချက်ချင်း ပါးတောင် အရိုက်ခံသွားရနိုင်သည်။

"ရှင် တမင်ရည်ရွယ်ပြီး ဝင်လာတာ မဟုတ်မှန်း. . ရှင့်ပုံစံကို ကြည့်တာနဲ့ သိသာပါတယ်ရှင်၊ တကယ်ဆို. . ရိုးရာက ပြဿနာကို ပြေရှင်းတဲ့သူပဲ ဖြစ်ချင်တာ၊ ပြဿနာရှာတဲ့သူ မဖြစ်ချင်ဘူး၊ ဒါကြောင့် ရှင့်ကို ဘာပြဿနာမှ မရှာလိုက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အနစ်နာခံတတ်သော စိတ်သဘောဖြူမလေးကို ရင်ထဲမှာ ဘာကြောင့် နှမြောတသ ဖြစ်နေမိပါလိမ့်။

တမြေ့မြေ့ နှမြောတသ ဖြစ်နေတုန်း သူမလေး အိတ်ထဲမှ ဖုန်းမြည်သံ တီးလုံးလေး ခပ်ငြိမ့်ငြိမ့် ထွက်ပေါ်လာသည်။

စကားပြောခန်းလေး ခဏတိတ်ဆိတ်သွားကာ သူမ၏ လက်ချောင်းသွယ်သွယ်လေးတွေက အနက်ရောင်လယ်သာ ဆလင်းဘက်အိတ်ကြီးထဲမှ ဖုန်းကို ထုတ်ယူလိုက်သည်။

"ဟဲလို"

"ဩော်. . ဟုတ်လား၊ ဂျို့စ်ပြန်ရောက်ပြီလား"

ဂျို့စ်ဆိုတဲ့အသံကြောင့် ကားမောင်းနေရင်းမှ သူမကို လှည့်ကြည့်လိုက်သည်။ မျက်နှာသည် ပြုံးရွှင်ချိုလဲ့နေသည်ကို ရင်နာစွာတွေ့လိုက်ရသည်။

"ဟင်. . ရိုးရာကို မတွေ့လို့ စိတ်တွေတိုနေတယ် ဟုတ်လား၊ ဟယ်. . ဒုက္ခပါပဲ ရိုးရာက သူ ပြန်မလာလောက်သေးဘူး ထင်ပြီး ထွက်လာတာ၊ ဘယ်လို. . ထမင်းမစားဘဲ အိပ်ယာထဲ ဝင်ခွေနေတယ် ဟုတ်လား၊ ကျွတ်. . ဒုက္ခပါပဲ၊ သဲလေး ထမင်းမစားရင် ရိုးရာကို တစ်ညလုံး မွေနေတော့မှာ၊ တစ်ညလုံး အိပ်ရမှာ မဟုတ်တော့ဘူး၊ ဒုက္ခပါပဲကြီးကြီးရယ်၊ ရိုးရာ သူစိတ်ဆိုးမှာကို အရမ်းကြောက်တာ. . စိတ်ညစ်ပါတယ်၊ ရှင်. . ရိုးရာလား၊ အင်း. . အခု စံရိပ်ငြိမ်ကိုသွားနေတာ ကိစ္စလေးရှိလို့၊ ဒါမှမဟုတ် ကြီးကြီးနဲ့ ဂျို့စ်ပါ စံရိပ်ငြိမ်ကို လိုက်ခဲ့ပါလား။ သူ စိတ်ကျေနပ်အောင် ရိုးရာ ဒီည စံရိပ်ငြိမ်မှာ သူနဲ့အတူတူ အိပ်လိုက်မယ်လေ. . ခစ်. . ခစ်. . ခစ်. . ခစ်"

ဖုန်းပြောပြီး သဘောကျနေသော ရိုးရာကိုကြည့်ပြီး ရင်ထဲမှာ မနာလိုစိတ်တွေ တဖွားဖွားပေါ်လာမိသည်။





လူသတ်သမား ဂျို့စ်ဆိုတဲ့ကောင်ကို ဒီလောက် အရေးပေးနေပုံထောက်ရင် ဂျို့စ်ဟာ ရိုးရာရဲ့ အသွေးအသားတွေကို သူ့ဆန္ဒတွေနဲ့ တစ်ထပ်တည်း ကျခိုင်းလိုက်ပြီပေါ့. . .။

ပြောပုံကိုက ကြည့်ပါလား၊ မိန်းကလေးတန်မဲ့ အရှက်တရားမရှိ သူစိမ်းယောက်ျားတစ်ယောက်ရှေ့မှာ တခြားယောက်ျား တစ်ယောက်နှင့် တစ်ညတာ အတူအိပ်ဖို့အတွက် မြိန်ရေယှက်ရေ ပဲလှော်ဝါးသလို ပြောနေရသလား။

ပေးထားတဲ့ ပန်းစည်းကို ပြန်ယူပြီး ကားပေါ်ကတောင် ကန်ချပစ်ချင်စိတ်တွေ တဖွားဖွား ပေါ်လာ၏။

လောကမှာ ဒီလောက်အရှက်တရားကင်းမဲ့တဲ့ မိန်းကလေး ဒီတစ်ခါ မြင်ဖူးခြင်းဟာ ပထမဆုံးပါပဲ. . ။

ဒီမိန်းကလေးမျိုးကိုမှ ကိုယ်ကလည်းရွေးပြီး စိတ်ဝင်စားမိသတဲ့. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၉)

သစ်ခွပန်းတွေကိုကြည့်ပြီး သဘောတွေကျကာ စကားတွေ ဖောင်ဖွဲ့အောင် ပြောလာသော ရိုးရာ၏စကားတွေကို ခွန်းတုံ့ပြန်ချင် စိတ် မရှိတော့တာမို့ သူပြောသမျှတွေကိုသာ အင်းလိုက်ပြီး ငြိမ်နေ လိုက်သည်။

"ဟော့. . ရှင် ကားမောင်းရင်းနဲ့ အိပ်ငိုက်နေတာတော့ မဟုတ် ပါဘူးနော်"

ငြိမ်ချက်သား ကောင်းသွားသော နှင်းအောင်ကိုကြည့်ပြီး ရိုးရာ မနှစ်မြို့စွာ မေးလိုက်သည်။





"မဟုတ်ပါဘူး၊ ကားမောင်းရင်း အလုပ်ကိစ္စတစ်ခု ခေါင်းထဲ ပေါ်လာလို့ စဉ်းစားနေတာပါ"

"သြော်. . တော်သေးတာပေါ့၊ ရိုးရာက နားငြီးသွားလို့ ငြိမ် ချက်သား ကောင်းသွားတာလား၊ ဒါမှမဟုတ် အိပ်မျှား ငိုက်နေသလား လို့ပါ"

သာလိကာမလေးတစ်ကောင်လို စကားတွေ တတွတ်တွတ် ပြောလာသော ရိုးရာကိုကြည့်ပြီး နှင်းအောင် မောရှုနေသလို ခံစား နေရသည်။

"မင်းက ဂျို့စ်ကို တော်တော်ချစ်တယ်နော်"

မနေနိုင်မထိုင်နိုင် ဂျို့စ်ဆိုတဲ့ လူသတ်ကောင်အကြောင်း ကိုယ် ကပဲ စပြီးမေးမိပြန်သည်။

သူမ ထိုအမေးကို ချက်ချင်းမဖြေဘဲ ပခုံးလေးတွန့်ကာ ခနိုးခနဲ့ ရယ်၏။ ဂျို့စ်နှင့် ပတ်သက်မှုမရှိလျှင် ထိုရယ်သံ လွင်လွင်လေးကို ကဗျာတွေ စာတွေပင် ဖွဲ့မိမလားပင်။

"ချစ်တာပေါ့၊ ဂျို့စ်က ရိုးရာရဲ့ ဘဝပဲလေ၊ သူ မရှိရင် ရိုးရာ မနေတတ်ဘူး၊ သူကလည်း ရိုးရာကို အရမ်းချစ်တယ်"

ရင်ထဲမှာ ဖျဉ်းခနဲ နာကျင်ရပြန်သည်။

ကိုယ့်ချစ်သူက လူသတ်သမားဆိုတာတောင် ဒီကောင်မလေး မသိဘူးလား၊ စိတ်ရှိလက်ရှိတိုင်းသာ ပြောပြလိုက်ရင်ဖြင့်. . .

ထိုသို့ အားမလိုအားမရ ဖြစ်နေစဉ်မှာပင် စောစောက နောက် ယောင်ခံလိုက်လာသော ကားနက်ကြီးတစ်စင်းမှာ နှင်းမောင်၏ ကား ရှေ့မှ ပိတ်ရပ်လိုက်လေသည်။

နှင်းမောင် ကားဘရိတ်ကို ပြုန်းခနဲ အုပ်ချလိုက်ပြီး ရိုးရာ ကိုတစ်လှည့် ထိုကားနက်ကြီးကိုတစ်လှည့်ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ဒါ. . ဒါ. . ဘာသဘောလဲ ရှိုးရာ"

သူတို့တွေဟာ တစ်ဖွဲ့ထဲဆိုသည့်အသိက သူတို့ကို ပြန်ခုခံနိုင်ဖို့ နည်းလမ်းတွေကို အပြေးအလွှား စဉ်းစားနေမိ၏။

ရှိုးရာ မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့် နှင်းအောင်ကို ကြည့်ပြီး. . .

"ဘာသဘောရမှာလဲ၊ အကြောင်းရှိလို့ ပိတ်ရပ်တာ နေမှာပေါ့၊ ကိုယ့်ပြဿနာ ကိုယ်ရှင်းနော်၊ ရှိုးရာတို့နဲ့ ဘာမှမဆိုင်ဘူး"

"ဒါဆို ဒီကားကို ကိုယ့်ကားရှေ့ဘာလို့ ပိတ်ရပ်ခိုင်းလဲ၊ ကိုယ် ဘာမှ သိမထားဘူး၊ သူတို့ ကိုယ့်ဆီက ဘာပစ္စည်းမှ ရမှာမဟုတ်ဘူး"

နှင်းအောင်ပုံစံက တကယ့်ကို သွေးရူးသွေးတန်း နိုင်လွန်းနေ၏။

ကားကို ရှေ့ဆက်မောင်း၍ မရမှတော့ နှင်းအောင် ကားပေါ်မှ ခပ်တည်တည်ဖြင့် ဆင်းခဲ့လိုက်သည်။

ပိတ်မိနေသော သားကောင်လို ရှောင်ပြေးလို့မှ မရတော့တာ ဒီတော့ ရင်ဆိုင်လိုက်ရုံပေါ့။

ကောင်းတာတွေ ပြန်လုပ်နေသူဘက်မှာ အမှန်တရား ရှိနေမှတော့ နှင်းအောင် ဘာကိုမှ ဂရုမစိုက်နိုင်တော့၊ ကားတံခါးကို ဖွင့်ပြီး ဆင်းလိုက်သည်။

ရှေ့မှာ ပိတ်ရပ်ထားသော ကားတံခါး ခပ်ဟဟ ပွင့်လာသည်။

"ဟင်. . "

အရင်ဆုံး မြင်လိုက်ရသည်က. . ဖြူသွယ်သော ခြေအစုံနှင့် လိုက်ဖက်သည့် လေဒီရှူးနီနီနှင့် ခြေထောက်တစ်စုံ

သလုံးသား ဝင်းဝင်းလေးနှင့် ကြည့်ကောင်းသော ခြေအစ သည် မိန်းကလေး ဆိုတာတော့ သေချာနေပြီမို့. . ကားတံခါးနှ





နောက်ကွယ်မှ ပေါ်လာမည့် မိန်းကလေးကို မှင်တက်စွာ စောင့်ကြည့်လိုက်သည်။

"ကိုကို. . ကိုကို. . "

"အယ်. . . "

မော်ဒယ် မင်းသမီးတစ်ယောက်လို စတိုင်ကျလှသော မိန်းကလေးကို နှင်းအောင် တကယ်မသိပါ။ သူ ဘာကြောင့် ခုမှ စတွေ့သော နှင်းအောင်ကို ကိုကိုဟု ခေါ်ရသလဲ ဆိုတာလည်း နှင်းအောင် စဉ်းစားလို့ပင် မတတ်တော့။

ခုတလော ထူးဆန်းတာတွေနှင့်ကြီးပဲ ကြုံတွေ့နေရတော့ နှင်းအောင်ပင် စအူတွေ ချောင်လာသလိုလို. . .

ကိုယ် စိတ်ဝင်စားမိသွားသော မိန်းကလေးက ဂျိုစ်ဆိုတဲ့အကောင်နှင့် အပေးအယူ တည့်နေတာကို မြင်နေရသည့်အချိန်မှာ ဒီမိန်းကလေးက နှင်းအောင်ကို တရင်းတနှီးဟန်ဖြင့် ကိုကိုဟုခေါ်သည်။

စိတ်မလုံစွာဖြင့် ကားထဲမှာကျန်ခဲ့သော ရှိုးရာကို လှည့်ကြည့်တော့ ရှိုးရာ နှုတ်ခမ်းက မသိမသာ စူပွ၍နေသည်။

မိန်းကလေးဆိုတာ မနာလိုသည့် အမျိုးမို့လား. . .

"ကိုကို့. . ကိုကို မသေဘူးနော်၊ နှင်းဆီ ဝမ်းသာလိုက်တာ"

လက်မောင်းကို ပြုတ်ထွက်မတတ် လှုပ်ရမ်း၍ ဝမ်းသာအားရ ပြောနေသော နှင်းဆီကိုကြည့်ပြီး နှင်းအောင် ဘာပြောရမှန်းပင် မသိတော့။

ဒီကောင်မလေးလည်း လှတာပင်။

အရေးထဲ အာရုံထဲမှာ ကောင်မလေး၏ အလှအပကို အပြေးအလွှားလေး ခံစားမိလိုက်သေးသည်။

မိန်းမတွေ့တိုင်း ငမ်းငမ်းတက်သည့် အတန်းအစားထဲက



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပေမယ့် လှသည့် ကောင်မလေးတွေကိုတွေ့လျှင် စိတ်ထဲမှထိုသို့ မှတ်ချက်ပေးတတ်စမြဲ၊ အကျင့်ပါနေပြီဟု ပြော၍ရသည်။

"လူ. . လူမှားနေပြီနော်"

"အို. . ဘယ့်နှယ် လူမှားရမှာလဲ၊ ကိုယ့်ချစ်သူပဲ လူမှားစရာ လားလို့၊ နှင်းဆီကလေ ကိုကို လူသတ်မှုနဲ့ ထောင်အကြာကြီး ကျပြီး ထောင်ထဲမှာပဲ ကိစ္စတုံးမယ် ထင်နေတာ၊ ခုတော့. . ကိုကို့ကို နှင်းဆီ ပြန်တွေ့ရပြီ"

ဒေါသဖြစ်လိုက်တာမှ ဆွေ့ဆွေ့ခုန်မတတ်ပါပဲ. . ။ ပြောရက် လိုက်လေခြင်း. . လူကိုများ လူသတ်သမားဖြစ်အောင် ပြောရက်သည်။ လူကို စွပ်စွပ်စွဲစွဲ. . .

ဒီနေရာမှာ မိန်းကလေးမဟုတ်ဘဲ ယောကျ်ားလေးသာဆိုရင် မျက်နှာကို နောက်စေ့ကနေ ကျွံထွက်သွားအောင် ထိုးပစ်လိုက်ပြီ။

ရိုးရာပါ ကားပေါ်မှ အထိတ်တလန့် ဆင်းလာပြီး ကောင်မ လေး စကားကို ယုံကာ နှင်းအောင်ကို မျက်လုံးအပြူးသားဖြင့် ခေါင်း ဆုံးခေါင်းဆုံးကြည့်ရင်း. . .

"ရှင်. . ရှင်က. . လူသတ်သမား ဟုတ်လား"

မဝံ့မရဲ မေးလာသော ရိုးရာ၏ စကားကြောင့် နှင်းအောင် ဆတ်ဆတ်ထိမခံ ရန်လိုသောအကြည့်ဖြင့် ငေါက်ခနဲကြည့်ပြီး. . .

"ဟာ. . ဘယ်ကလာ ဟုတ်ရမှာလဲ. . အဓိပ္ပါယ်မရှိတာ၊ လူ သတ်ဖို့နေနေသာသာ ပုရွက်ဆိတ်လေးတစ်ကောင် သတ်ဖို့တောင် ဝန်လေးတဲ့ ကောင်ပါဗျ"

"ဒါဆို သူက ရှင့်ကို ဘာလို့ လူသတ်မှုနဲ့ ထောင်ကျတယ်လို့ ပြောလဲ"

"ဒါကတော့. . သူ လူမှားပြီးပြောတာ နေမှာပေါ့"





"အို ဘယ်ကလာ လူမှားရမှာလဲ၊ ကိုကိုနော် မနက်ကတည်း က နှင်းဆီ ကိုကို့နောက်ကို တောက်လျှောက်လိုက်နေတာ"

"အေး. . အဲဒီမှာကို စပြီးလွဲနေတာ. . ရှင်းလား"

"အို မလွဲပါဘူး၊ ကိုကိုနဲ့နှင်းဆီ ဘယ်တုန်းကမှ မလွဲဘူး အမြဲတမ်း ဒဲ့ပဲ၊ ခုလည်း ကိုကို ဘယ်လောက်ရှောင်ပုန်းပုန်း နှင်းဆီနဲ့ ဒဲ့တွေ့ပြီ မဟုတ်လား"

ဇွတ်အတင်း ပြောနေသော နှင်းဆီကို ကြည့်ပြီး နှင်းအောင် စိတ်ပျက်စွာ ခေါင်းယမ်းလိုက်သည်။

ရိုးရာ သိပ်စိတ်မရှည်လိုတော့၍ နှင်းအောင်ကို ခပ်စွေစွေ ကြည့်ကာ. . .

"ကဲ. . ရိုးရာ ပြန်တော့မယ်၊ ရှင့်ဇာတ်ထုပ်ကို ရှင့်ဟာရှင် ဖြည်ပြီး ကျန်ခဲ့တော့၊ တော်ကြာ စံရိပ်ငြိမ်မှာ ဂျို့စ်ကြိုရောက်နှင့်နေရင် သောင်းကျန်းနေလိမ့်မယ်"

မနာလိုဝန်တိုစိတ်ဖြင့် ချာခနဲ လှည့်ပြန်သွားသော ရိုးရာကို တားချင်ပေမယ့် ဂျို့စ်ဆိုတဲ့ လူယုတ်မာနာမည် ပါလာ၍ မတားမိတော့။

ခုလောလောဆယ် ဒီကိစ္စကို ပြေလည်အောင် အရင်ရှင်း ထုတ်ရဦးမည်။

"ကဲ. . ဒီမှာအမိ၊ မင်း လူမှားနေပြီလို့ ပြောတယ်နော်၊ ငါ လူသတ်သမား မဟုတ်ဘူး၊ နောက်ပြီး မင်းချစ်သူလဲ မဟုတ်ဘူး"

"ဟုတ်တယ်. . ဟုတ်တယ် ကိုကိုက နှင်းဆီရဲ့ချစ်သူ၊ လူသတ် သမား. . နှင်းဆီကို လိုက်နှောင့်ယှက်တဲ့ကောင်ကို ကိုကို ပညာပေး လိုက်လို့ ထောင်ကျသွားတာလေ"

လုံးဝကွက်တိတွေ ပြောနေသဖြင့်. . ပို၍ ဒေါသထွက်လာရ သည်။

"ဒါပေမယ့် မင်းကိုငါ လုံးဝမသိဘူး၊ မြင်လည်း မမြင်ဖူးဘူး"

"ကြည့်. . ကိုကိုနော်၊ သူများဘဝကို သွန်လိုသွန် မှောက်လိုမှောက်လုပ်ခဲ့ပြီး ခုတော့ သစ်စိမ်းချိုး ချိုးပြီပေါ့လို့. . အဟင့်. . ဟင့် . . ဟင့်"

နှင်းဆီ မျက်နှာကို လက်ဝါးဖြင့်အုပ်ပြီး တသိမ့်သိမ့် ရှိုက်ငိုတော့၏။

လမ်းလည်ခေါင်ကြီးမှာ ငိုနေသော နှင်းဆီကြောင့် နှင်းအောင်ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။ သူငိုတာက အရေးမကြီး လူတွေက နှင်းအောင်နှင့်သူ့ကို တစ်မျိုးထင်သွားနိုင်သည်။

ဒီကောင်မလေး ပုံစံကြည့်ရတာလဲ အကြောင်းရိုက်သည့် လူလိမ်ရုပ်မပေါက်၊ သူမ တကယ့်ကို လူမှားနေသည့်ပုံ. . ။

ဩော်. . ခက်ရချေရဲ့၊ ကိုယ်က လူသတ်သမားကို ဖော်ထုတ်ဖို့ ကြိုးစားနေပါတယ်ဆိုမှ ကြံကြံဖန်ဖန် ကိုယ်က လူသတ်သမား ပြန်ဖြစ်ရတယ်လို့. . .

ဝဋ်ဆိုတာ မော်တာတပ်ထားသလို အလည်မြန်တာပဲ။







# အခန်း(၁၀)

"သမီးလေး. . သမီး. . အောင်မလေး၊ ဘယ်တွေ လျှောက်သွားနေတာလဲ သမီးရယ်"

နှင်းအောင်နှင့် နှင်းဆီတို့နှစ်ယောက် သူ့ချစ်သူ မဟုတ်ဘူး ဟုတ်တယ် ငြင်းခုံနေကြရင်းမှ Honda Fit တစ်စီး ထိုးဆိုက်လာပြီး. . အမျိုးသမီးကြီးတစ်ယောက် ပြူးပြူးပြာပြာဖြင့် ဆင်းချလာသည်။

ငိုတော့မလို ရယ်တော့မလိုနှင့် စိုးရိမ်တကြီးပြောပြီး အနီးသို့ရောက်လာသည်။

ထိုအမျိုးသမီးကြီး၏ အကြည့်တွေထဲမှာ နှင်းအောင်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



သံသယမျက်လုံးအကြည့်တွေ ပါနေသည်။

“မင်းက ဘယ်သူလဲ၊ ဘာကြောင့် အန်တီးသမီးနဲ့အတူ ဆွဲလားရမ်းလား လုပ်နေကြတာလဲ”

မေးပုံကိုက တစ်ဖက်စောင်းနင်း. . .

သူ့သမီးကိုပဲ ဒီက ဆွဲလားရမ်းလား လုပ်ရမတဲ့လား၊ တကယ်တမ်း ဆွဲလားရမ်းလား လုပ်နေသူက သူ့သမီး။

ကံများမကောင်းချင်တော့ တစ်ခုပြီးတစ်ခုကို စွပ်စွဲခံနေရတာပဲ။

“အန်တီရယ် ပြောင်းပြန်တွေ ပြောနေပါလား”

စိတ်ပေါက်ပေါက်နှင့် ခပ်ရွဲ့ရွဲ့ ပြောလိုက်သည်။

“အံမယ်. . မင်းကပဲ ပြောရတယ်ရှိသေး၊ မင်းကို ငါ့သမီးက ဆွဲလားရမ်းလား လုပ်စရာလား”

“ကျွတ် ဒုက္ခပါပဲ”

ခေါင်းတဗျင်းဗျင်းကုတ်ပြီး ညည်းတွားလိုက်သည်။

“အို. . မေမေ ကိုကို့ကို အပြစ်မတင်ပါနဲ့”

“ဘာ. . ဘယ်လို ကိုကိုဟုတ်လား”

“အင်းလေ. . ဒါ ရှိုင်းစ်ရဲ့ ချစ်သူလေ၊ ကိုယ့်သားမက်လောင်းကို ကိုယ်မမှတ်မိဘူးလား၊ ကိုကို ထောင်ကပြန်လွတ်လာပြီ မေမေရဲ့၊ အဲဒါကို ရှိုင်းစ်ဆီ မလာဘူးလေ၊ ရှိုင်းစ်က နောက်ယောင်ခံလိုက်ပြီး ဖမ်းရတယ်”

သူ့အမေကို လိပ်ပတ်လည်အောင် ရှင်းပြနေသော နှင်းဆီမှာ တော်တော်လေး လျှင်နေပုံရသည်။

အဒေါ်ကြီးမျက်နှာမှာ စိုးရိမ်သော အရိပ်မဟုတ်တော့ဘဲ စိတ်မကောင်းရိပ်တွေထင်ပြီး နှင်းအောင်ကို မျက်လုံးပေကလပ် ပေကလပ်ဖြင့် ကြည့်သည်။







အခြေအနေကို ကောင်းကောင်းသဘောပေါက်သွားဟန်ဖြင့် ရန်လိုသောအကြည့်ဖြင့် မကြည့်တော့၊ တောင်းပန်တိုးလျှိုးသောအကြည့်ဖြင့် ကြည့်သည်။

“သမီးရယ် မောင်စည်သူက ထောင်ထဲမှာ သေသွားပြီလေ၊ ဒီသူငယ်က မောင်စည်သူမှ မဟုတ်တာ၊ အားနာစရာတော့ ဖြစ်ကုန်ပါပြီကွယ်”

“အို. . အဟင့် မေမေနော်၊ သူများချစ်သူကို မသေသေးဘဲနဲ့ သေပြီမပြောနဲ့”

နှင်းဆီ ခြေဆောင့်ရင်း ငိုမဲ့မဲ့ပြော၏။

“မောင်ရင်ရယ် အန်တီတောင်းပန်ပါတယ်၊ သမီးရဲ့အခြေအ



www.burmeseclassic.com

www.burmeseclassic.com



နေကို မောင်ရင် ခုလောက်ဆို ရိပ်မိလောက်ရောပေါ့"

"အို့ . . ဘာအခြေအနေလဲ၊ မေမေနော် ရှို့စ်ကို လင်တရူးလို့ ပြောလိုက်တာပေါ့လေ ဟုတ်လား"

နှုတ်ခမ်းစူကာ ရန်ပြန်တွေ့နေသော နှင်းဆီ၏ အခြေအနေမှန်ကို နှင်းအောင် ကောင်းကောင်းသဘောပေါက်လိုက်သည်မို့ ဂရုဏာသက်ကာ သိပ်ပြီး မတင်းမာတော့ . . .

"ကဲ . . အန်တီ၊ ဒါဆို ကျွန်တော် သွားလိုက်ပါဦးမယ်"

နှုတ်ဆက်ပြီး လှည့်ထွက်မည်အပြု . . .

"အို့ . . ဟင့်အင်း ရှို့စ်လဲလိုက်မယ်၊ တစ်ယောက်ထဲ မနေခဲ့ဘူး၊ မေမေ . . ရှို့စ် ကိုကိုနဲ့ ခွဲနေရတာကြာပြီ၊ ရှို့စ်ကိုမတားပါနဲ့နော်"

ငိုမဲ့မဲ့ဖြင့် နှင်းအောင် လက်မောင်းကို လွှတ်ထွက်မတတ် ဆုပ်ကိုင်ထားသော နှင်းဆီ၏ ပုံစံလေးက တကယ့်ကို သနားစရာ . . .

"သမီးရယ်၊ မဖြစ်နိုင်တာကို မပြောစမ်းပါနဲ့ကွယ်"

အဒေါ်ကြီး နှင်းအောင်ကို အားနာစွာကြည့်ပြီး သူ့သမီးကို ဖျောင်းဖျရှာ၏။

နှင်းဆီကလည်း ဇွတ်၊ ဘူးဆို ဖရုံမသီးမယ့် ပုံစံမျိုး . . .

"အို မရဘူး၊ လိုက်သွားမှပဲ မရဘူး"

ခုမှ နှင်းအောင် အကြီးအကျယ် တိုင်ပတ်ပြီ၊ မနေနိုင် တိုင်တက်မိတာ အခုတော့ ဆွမ်းခံရင်း ဌက်သင့်ရသူက ကိုယ်ကိုယ်တိုင် ဖြစ်နေရပြီ။

သနားစရာကောင်းသော ကောင်မလေးကိုကြည့်ပြီး နှင်းအောင် ရှုန်းထွက်ရခက်ဟန်ဖြင့် ခေါင်းကို ခပ်ကြမ်းကြမ်း ကုတ်လိုက်သည်။

"ကူညီပါ မောင်ရင်ရယ်၊ ဟိုလေ ဖြစ်နိုင်ရင် မောင်ရင့် အိမ်ကို





ခဏလိုက်ခွင့်ပြုပါလား၊ ဒီအတိုင်း ဒီနေရာမှာ လမ်းခွဲသွားရင် သမီးလေး အရမ်းခံစားသွားရလိမ့်မယ်၊ တောင်းဆိုတာပါကွယ် . . မင်းအိမ်ရောက်ပြီးမှ ချော့မော့ပြီး ပြန်ခေါ်သွားရင်လည်း အဆင်ပြေပါတယ်"

မျက်နှာငယ်ဖြင့် အကူအညီ တောင်းခံနေသော ထိုအဒေါ်ကြီးကို နှင်းအောင် ဘယ်လိုငြင်းရက်ပါ့မလဲ။

လူသားချင်း စာနာတတ်သောအကျင့်က နှင်းအောင်၏ မွေးရာပါ အကျင့်တစ်ခုလို ဖြစ်နေလေတော့ ခေါင်းညိတ်ရုံပဲ ရှိတော့တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

ပေါ်တီကိုအောက်ကို ကားရပ်လိုက်သည်နှင့် အရင်ဆုံး အပြစ်တင်ဖို့ ထွက်လာသူက လင်းအောင်ပင်ဖြစ်သည်။

"နှင်းအောင် မင်း ဘယ်တွေလျှောက်သွားနေတာလဲ၊ ငါ သွားစရာရှိလို့ မင်းကိုစောင့်နေတာကွ"

အပြစ်တင်စကားလည်းပြော၊ နှင်းဆီတို့သားအမိကိုလည်း တစေ့တစောင်း အကဲခတ်ရင်း ကားနားမှာ လာရပ်၏။

"ကိစ္စလေးရှိလို့ အပြင်ကို ခဏထွက်သွားတာပါ ကိုကိုရာ"

ကားတံခါးကို ဖွင့်ဆင်းပြီး အကြောင်းပြချက် ပေးလိုက်သည်။





"ညေ့်သည်တွေ ပါတာပဲ"

"အို ဘယ်ကညေ့်သည်ရမှာလဲ၊ ရှိစ်တို့က ညေ့်သည်မဟုတ်ဘူး၊ ဒီအိမ်က ကိုကို့အိမ်ဆိုရင် ရှိစ်က ဒီအိမ်ရဲ့ အရှင်သခင်မပဲ"

မျက်စောင်း ခပ်ပျစ်ပျစ်ရွယ်ရင်း ပိုင်စိုးပိုင်နင်းဖြေလိုက်သော ရှိစ်ကိုကြည့်ပြီး လင်းအောင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ဘာတွေလဲဟူသော အကြည့်ဖြင့် နှင်းအောင်ကို မသိမသာ မေးဆတ်ပြီး မေးသည်။ နှင်းဆီနှင့် သူ့အမေက နှင်းအောင်၏ မျက်နှာ ချင်းဆိုင်တည့်တည့်မှာမို့ လင်းအောင်အမေးကို ဖြေဖို့ခက်နေသည်။

နှင်းဆီ၏အမေ အဒေါ်ကြီးမှာ လင်းအောင်ကို အားတုံ့အားနာကြည့်ပြီး. . .

"အန်တီတို့က မောင်နှင်းမောင်ရဲ့ မိတ်ဆွေတွေပါကွယ်၊ လမ်းကြုံလို့ သမီးလေးက လိုက်လည်ချင်တာနဲ့ ခဏဝင်လည်တာပါ"

"ဗျာ. . နှင်းမောင် ဟုတ်လား၊ အဟတ်. . ဒီကောင်က ဆားပုလင်းနှင်းမောင် မဟုတ်ဘူး အန်တီရ၊ သကြားပုလင်းနှင်းအောင်ဗျ"

"ဘယ်လို. . သကြားပုလင်း ဟုတ်လား"

"ဟုတ်တယ်. . သူက သကြားမင်းလိုပဲ၊ ဒုက္ခရောက်နေတဲ့သူတွေကို သူ့အရေးကိစ္စလိုပဲ လိုက်ဖြေရှင်းစောင့်ရှောက်ပေးတယ်၊ အခက်အခဲတွေ့နေတဲ့ သူတွေကို သူ ကူညီလိုက်ပြီဆိုရင် အကူအညီခံရတဲ့လူတွေက ဒါဟာ သကြားမတာပဲလို့ နှင်းအောင်ကို တင်စားကြတယ်၊

ဟဲ. . ဟဲ. . ဒါတင်မကသေးဘူး၊ မသက်ာစရာ ကိစ္စတွေဆိုရင်လည်း အခမဲ့ အလုပ်မရှိ အကိုင်မရှိ လိုက်ပြီးကူညီပေးတယ်. . ဒါကြောင့် ကျွန်တော်က သူ့ကို သကြားပုလင်းနှင်းအောင်လို့ နာမည်ပေးထားတာ၊ အမှုအခင်းတွေ ဘာတွေဖြစ်ရင် သူ့ကိုဆက်သွယ်လိုက်၊



www.burmeseclassic.com

www.burmeseclassic.com



အခမဲ့ အမှုလိုက်ပေးလိမ့်မယ်၊ ဟား. . ဟား. . ဟား. . ဟား"

ညီဖြစ်သူကို ခပ်ချောချောကောင်မလေးရှေ့မှာ ပေါက်တတ်ကရ ပြက်လုံးတွေနှင့် အမွန်းတွေ စွတ်တင်ပြီး တဟားဟား ရယ်တော့၏။

သူရယ်တော့ ရှိုစ်ကပါ တဟားဟား အော်ရယ်သဖြင့် လင်းအောင် ရယ်နေရင်းမှ အရယ်ရပ်ကာ ရှိုစ်၏ တစ်မျိုးထူးခြားနေသော ပုံကို စူးစမ်းလိုက်သည်။

ဒီမိန်းကလေး ဘယ်လိုပုံစံကြီးလဲပေါ့။

"အဟဲ ကျွန်တော်ပြောတဲ့အထဲမှာ ရယ်စရာ ပါသွားပြီထင်တယ်၊ ရယ်နေလိုက်တာ ခွက်ထိုးခွက်လန်နဲ့. . ."

"သမီး တိုးတိုးရယ်ပါကွယ်၊ သူများအိမ်မှာ အားနာစရာပဲ"

"အို ဘာသူများအိမ်လဲ၊ ဒါ ရှိုစ်ရဲ့ ဒါလင့်အိမ်လေ၊ ဒီတော့ ပွင့်ပွင့်လင်းလင်းရယ်တာ ဘာဖြစ်သလဲ. . အဟုတ်"

"ဩော်. . ရယ်ပါ. . ရယ်ပါ၊ ရယ်ရင်းနဲ့ အိမ်ထဲကို ကြွကြွပါ"

ရယ်သံ တစ်ဝက်တစ်ပျက်ဖြင့်ပြောရင်း အိမ်ထဲကို ဖိတ်လိုက်သည်။

သားအမိ နှစ်ယောက်စလုံး ဘယ်အချိန်ကတည်းက အိမ်ထဲ ဝင်ချင်သည်မသိ။ ခေါ်လိုက်တာနှင့် ဆွဲခနဲ ဧည့်ခန်းထဲ ရောက်လာသည်။

"ဝါး. . ကိုကို့အိမ်က မိုက်တယ်နော်၊ မလိမ့်ာဘူး. . ဟိ. . ဟိ. . ဟိ"

ရုပ်ကလေးနှင့် မလိုက်အောင် ပေါနေသော နှင်းဆီကို ကြည့်ပြီး လင်းအောင် စိတ်ထဲမှာ ဂရုဏာသက်ချင်သလိုလို ဖြစ်လာသည်။





ဒီကောင်မလေး ပွင့်လင်းရဲတင်းလွန်းတာလား၊ ဒါမှမဟုတ် အခန်းတစ်ခန်းများ လွတ်နေတာလား။

"ညီ သူနဲ့မင်း ဘယ်လိုပတ်သက်လဲ"

သားအမိနှစ်ယောက် ဧည့်ခန်းထဲက ပန်းချီကားတွေကို ကြည့်နေတုန်း နှင်းအောင်နားသို့ ခပ်တိုးတိုး ကပ်မေးလိုက်သည်။

"ဘယ်လိုမှ မပတ်သက်ဘူး၊ ဒီအတိုင်း လမ်းသွားရင်းနဲ့ ကျွန်တော့်ကို သူ့ချစ်သူပါဆိုပြီး လူမှားဆွဲနေတာ၊ နောက်ဆုံး ဒီအိမ်ပါလာတဲ့အထိပဲ"

"ဟင်. . မင်းဟာကလည်း သွားတဲ့နေရာတိုင်းမှာ ပြဿနာနဲ့ ပါလားကွာ"

စိတ်မသက်သာစွာ ပြောလာသော လင်းအောင်စကားကြောင့် လေပူတစ်ချက်ကို ဖူးခနဲ မှုတ်ထုတ်လိုက်ပြီး. . .

"အဲဒီပြဿနာက ကျွန်တော်ရှာပြီး ခေါ်လာတာ မဟုတ်ဘူး၊ ကိုကို သူ့ဟာသူ ကျွန်တော့်နောက်ကို ဇွတ်အတင်း လိုက်လာတာပါ"

"ကောင်မလေးက အလန်းလေးကွ"

"ဘာလဲ ကိုကို ခိုက်သွားလို့လား"

"မဟုတ်ပါဘူး၊ မင်းအတွက် ခယ်မလေးတော်ရင် ကောင်းလေးလို့"

"ဟာ. . ကိုကိုကလည်းဗျာ အခန်းပျက်နေပါတယ်ဆို၊ လူကို အရောက်ပို့နေတာလား၊ သူနဲ့ရောပြီး ညီလေးပါ အခန်းပျက်ကုန်မယ်"

ညီအစ်ကိုနှစ်ယောက် တွတ်စီတွတ်စီ ပြောနေတုန်း နှင်းဆီ အာရုံက နှင်းအောင်ဆီသို့ ပြန်၍လှည့်လာသည်။

"ကိုကို. . ရှိုစ် အကြောင်းတွေ ပြောနေကြတာလား"

"ဗျာ. . အဲ. . အင်း. . မ. . မဟုတ်ပါဘူး၊ ဟိုလေ တခြားအ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ပြောတာပါ”

“သြော်. . ဟုတ်လား၊ ဒါဆို ရှိုစ်ကို ကော်ဖီတိုက်”

“ဗျာ. .”

“ဟဲ့. . သမီး. . သြော်. . ဒီကလေးနှယ်ကွယ်၊ အားနာလိုက်တာ မောင်ရင်တို့ရယ်”

သူ့သမီးကိုလှမ်းဟန့်ရင်း. . နှင်းအောင်တို့ ညီအစ်ကို နှစ်ယောက်ကို အားနာစကားဆို၏။

“ရပါတယ် အန်တီ. . အားမနာပါနဲ့၊ အဟဲ ကျွန်တော်တို့က အိမ်ရှင်ပဲ. . ဧည့်ဝတ်မကျေ အလိုက်မသိတော့ ဧည့်သည်ကတောင် သတိပေးရတယ်၊ ဟဲ. . ဟဲ. . ခဏနော် ကျွန်တော် ကော်ဖီသွားဖျော်လိုက်ဦးမယ်”

“သိုင်းကျူး. . သိုင်းကျူး. . ကိုကို၊ ကိုကိုတို့ သောက်ဖို့ပါ ဖျော်ခဲ့နော်၊ ပြန်လည်တွေ့ဆုံတဲ့ အထိမ်းအမှတ်နဲ့ ကော်ဖီနဲ့ ကမ်းဘေ့စ်လုပ်ရအောင်”

ကော်ဖီဖျော်ရန် ထသွားသော နှင်းအောင်ကို လှမ်းပြောလိုက်သော ရှိုစ်စကားကြောင့် လင်းအောင် ခွိးခနဲ ရယ်ချလိုက်သည်။

“အယ်. . ခဲအို. . ဒါ ရယ်စရာ မဟုတ်ဘူးလေ၊ ကိုယ် ခယ်မလေးနဲ့ ပြန်ဆုံရတဲ့ အထိမ်းအမှတ်အနေနဲ့ ကော်ဖီနဲ့ တွေ့ဆုံပွဲလုပ်တာ”

ခဲအိုတွေ ခယ်မတွေနှင့် ဆွေမျိုးတွေစပ်နေသော နှင်းဆီ၏ ခတ်ကြောင်ကြောင်အမူအရာ အချို့ကြောင့် စိတ်ထဲမှာ ထူးဆန်းမနေတော့ပဲ ကော်ဖီဖျော်ရန် ဝင်လာခဲ့လိုက်သည်။

သူပြောသလို ကော်ဖီလေးခွက် ဖျော်လိုက်မည်ဟုပါ တဖြိုင်နက်တည်း အတွေးရောက်သွားသည်။

ကော်ဖီဖျော်နေရင်းမှ ကိုယ့်အဖြစ်ကိုယ်တွေးပြီး စိတ်ပျက်





လက်ပျက်ဖြင့် ခပ်တိုးတိုး ရယ်လိုက်သည်။

ဆားပုလင်းနှင်းမောင်လို အမူလိုက်ဖို့ ကြိုးစားရာကနေ. . သကြားပုလင်းနှင်းအောင်လုပ်ဖို့ ကြောင်အိမ်ထဲမှ သကြားပုလင်းနှင့် ကော်ဖီမစ်ထုပ်ကို ယူလိုက်သည်။

ခုချိန်ကာလလေးမှာ ကိုယ်က သကြားပုလင်း နှင်းအောင်လေ။



www.burmeseclassic.com





# အခန်း(၁၂)

"ဟော့ကောင်. . နှင်းအောင်၊ နှင်းအောင်. . ထစမ်း. . ထ
စမ်း၊ ပါ. . ပါသွားပြီ. . ပါကုန်ပြီကွ၊ အောင်မလေး ကိုယ်ကျိုးတော့
နည်းပါ ပြီကွာ"

နားစည်ထဲသို့ ကျယ်ကျယ်လောင်လောင် စူးစူးရှရှ တိုးဝင်လာ
သော လင်းအောင်၏အသံကြောင့် ဆိုဖာခုံပေါ်တွင် တရှူးရှူး အိပ်နေ
သော နှင်းအောင် ဖျတ်ခနဲ လန့်နိုးလာသည်။

မဖွင့်ချင်ဖွင့်ချင် မျက်စိနှစ်လုံးကို လက်ဖြင့် အသာပွတ်သ





ရင်း အိပ်မှုံစုံမွှားအသံဖြင့်. . .

"ဘာလဲ. . ဘာပါကုန်တာလဲ၊ ဝမ်းမထိန်းနိုင်လို့ ထွက်ကျကုန်
တာကို ပြောတာလား"

"အေး. . ဟုတ်တယ်၊ ငါ မင်းမျက်နှာပေါ်ကို ပါချလိုက်ပြီ"

"ဟင်. . ဟာ. . ကိုကို ညစ်ပတ်တယ်ဗျာ"

ဘူမသိ ကိုးမသိ အမေးကြောင့် လင်းအောင် ခပ်ရွဲ့ရွဲ့ ပြော
လိုက်သည်။ နှင်းအောင် ဒီတော့မှ ပလူးပလဲထကာ သူ့မျက်နှာကို
လက်ဖြင့် အလန့်တကြား စမ်းလိုက်သည်။

"ဟော့ကောင်. . လခွီးကောင်၊ ရွဲ့ပြောလို့ပြောမှန်း မသိဘူး၊
ပါကုန်ပြီဆိုတာ ငါ့ငွေတွေ ငါ့ပစ္စည်းတွေ ပါကုန်ပြီကို ပြောတာ"

"ဟင်. . ဟုတ်လား. . ဘယ်ကိုပါကုန်တာလဲ၊ သူခိုး. . ခိုးသွား
လို့လား"

ပြူးတူးပြဲတဲအမေးကြောင့်. . လင်းအောင် တော်တော်လေး
ဒေါသထွက် စိတ်ရှုပ်နေဟန်ဖြင့် နှင်းအောင်ကိုကြည့်ကာ. . .

"ဟုတ်တယ်. . သူခိုးခိုးသွားတာ၊ အဲဒီ သူခိုးနှစ်ကောင်ကို
မင်းခေါ်လာတာလေ"

"ဗျာ. . ဘယ်လို ကျွန်တော်ခေါ်လာတာ ဟုတ်လား"

"ဟုတ်တယ် မင်းခေါ်လာတဲ့ အရူးမ သားအမိလေ"

"ဟမ်. ."

"ဟုတ်တယ် ရူးချင်ယောင်ဆောင်ပြီး အကွက်ချွေ့သွားတာ. .
ငါတို့သောက်မယ့် ကော်ဖီထဲ အိပ်ဆေးတွေ ခပ်သွားတာလေ၊ ဒီက
သုံးနှစ်ယောက် အိပ်လည်းပျော်သွားရော အိမ်ပေါ်က ပစ္စည်းတွေကို
မွှေသွားတာလေ၊ ဟမ်. . အမလေး ငါ လက်တော့ကအစ ပါသွားပြီ၊
TV နဲ့ ပရိုဂျက်တာရော၊ ရေခဲသေတ္တာ အဝတ်လျှော်စက်၊ ဖုန်းတွေက



www.burmeseclassic.com

www.burmeseclassic.com



"အစ ပါသွားပြီ၊ ကဲ. . မင်း ဘယ်လိုလုပ်မလဲ"

လင်းအောင်၏အသံမှာ ဒေါသတွေလျှံထွက်ကာ တော်တော်လေး ခံရခက်နေ၏။

"ကျွန်. . ကျွန်တော်လည်း ဘယ်သိပ့်မလဲ၊ သူတို့က တကယ့်အရူးလို ဟန်ဆောင်ကောင်းတာကိုး၊ နောက်ပြီး ကားအကောင်းစားကြီးတွေနဲ့"

"အေး. . အဲဒါ ကြိုတင်ကြံစည်ထားတာလေ၊ ပရောဂျက်တစ်ခု လက်ခံလာတဲ့ စရံငွေ သိန်းတစ်ရာ့ငါးဆယ်လည်း ပါသွားပြီ၊ ဘယ်လိုလုပ်မလဲ"

"ဟာ. . ဒုက္ခပါပဲဗျာ"

နှင်းအောင် ထူပူသွားသည်။ ခေါင်းတစ်ခုလုံး ချာချာလည်၍ သွားသည်။ ဒီကိစ္စက ကိုယ့်ပယောဂ မကင်းတော့၊ ကိုယ့်ကြောင့် မဆုံးရှုံးသင့်တာတွေ ဆုံးရှုံးကုန်ပြီ။

"ဒါ. . ဒါဆို ကျွန်တော်တို့ စခန်းသွားပြီး အမှုဖွင့်ရမှာပေါ့"

"တော်. . တော်. . ဟေ့ကောင်၊ မင်းမွှေခဲ့တဲ့ နောက်ဆက်တွဲ ပြဿနာတွေကြောင့် ငါ အလုပ်ပျက်တယ်၊ စခန်းမှာ အမှုဖွင့်ပြီ ဆိုမှတော့ အဲဒီစခန်းကို သွားနေရမှာပေါ့၊ အလကား အလုပ်ရှုပ်တယ်"

"အယ်. . ဒါဆိုရင် ဒီပစ္စည်းတွေ အဆုံးခံမှာလား"

"စခန်းအမှုဖွင့်ရင်ရော ပြန်ရမှာမို့လား"

"အဲ. . ဒါ. . ဒါတော့. . ရချင်ပြန်ရမှာပေါ့"

"တော်. . မရေရာ မသေချာတဲ့စကားတွေ ပြောမနေဘဲနဲ့ ငါပါသွားတဲ့ သိန်းတစ်ရာ့ငါးဆယ်ကို မင်းဘဏ်ထဲကငွေနဲ့ ပြန်ဖြည့်ပေး၊ ကျန်တဲ့ပစ္စည်းတွေလည်း မင်း ဝယ်ထည့်ပေးရမယ်. . ဒါပဲ၊ အဲလိုမှမလုပ်နိုင်ရင် မာမီကို ပြောပြလိုက်ပြီး မင်းကို ဇွတ်အတင်း လာခေါ်





ခိုင်းမယ်"

"ဟာ. . ကိုကို. . အဲ. . အဲလိုတော့ မလုပ်နဲ့လေဗျာ၊ ညီအစ်ကိုချင်းချင်း ဒီလောက်ငွေလေးကို ထည့်ပြောစရာလား"

"ဒါဆို အဲဒီငွေတွေ ငါ့အကောင့်ထဲ ထည့်ပေးလိုက်လေ"

ညီအစ်ကိုအချင်းချင်း ငွေရေးကြေးရေးစကားကို ခပ်စိမ်းစိမ်း ပြောနေသဖြင့် နှင်းအောင် မမှုသလို ဟတ်ခနဲ ရယ်လိုက်ပြီး. . .

"ဒီမှာ ကိုကို ဒီလောက်ငွေလေးကို ဖြစ်နေလိုက်တာ၊ ဒီကိစ္စက ညီလေး တမင်ဖန်တီးတာမှ မဟုတ်တာ၊ ညီလေးဖျော်တဲ့ ကော်ဖီထဲမှာ ဖျော်တုန်းက ဘာမှပါတာ မဟုတ်ဘူး၊ သူတို့တွေကို ကော်ဖီချပြီးမှ ကိုကိုပဲ ညီလေးကို ကိတ်မုန့်ချပါအုံး၊ ပန်းသီးလှီးပါဦးနဲ့ ခိုင်းတယ်၊ ကိုကိုကလည်း သူတို့ ဖုန်းနံပါတ်တောင်းလို့ ဖုန်းထယူတာပဲလေ၊

အဲဒီအချိန်မှာ. . ကော်ဖီထဲ အိပ်ဆေးတွေ ထည့်လိုက်တာ ညီလေးအပြစ်မှ မဟုတ်တာ၊ ဒါပေမယ့် ပေးပါတယ်၊ မနက်ဖြန် ကိုကို့ account ထဲကို အဲဒီ သိန်းတစ်ရာ့ငါးဆယ် ထည့်ပေးမယ် ကျေနပ်လား"

"ငါကလည်း ပြန်တောင်းချင်လို့ တောင်းတာမဟုတ်ဘူး၊ ဒါ လုပ်ငန်းပိုက်ဆံတွေကွ၊ ငါနဲ့မဆိုင် ငါ့အမှားမလုပ်ဘဲနဲ့တော့ ငါ့အသားထဲကနေ စိုက်မထည့်နိုင်ဘူး"

နှင်းအောင် စိတ်ထဲမှာ ပစ္စည်းနှင့်ငွေကို နှမြောတာထက် ပိပိရိရိ လိမ်လည်သွားကြသော အရူးမ သားအမိနှစ်ယောက်ကိုသာ. . ဒေါသတွေ တလှိမ့်လှိမ့် ထွက်နေရ၏။

လူသတ်သမားကို ဖော်ထုတ်ဖို့ ကြံစည်နေတဲ့ ကိုယ့်အကြံအစည် မအောင်မြင်ခင်မှာ ကိုယ်က အရင်ဆုံး လူသတ်သမားဟု အစွပ်စွဲခံရပြီး ခုတစ်ခါ အိမ်ကပစ္စည်းတွေပါ မချခံသွားရပြီဆိုတော့. . ဒီအရူးသားအမိက ကိုယ့်ထက်လျင်သွားပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အံ့ပါရဲ့. . ရေခဲသေတ္တာ အဝတ်လျှော်စက်တွေကို ဘယ်လို မချသွားပါလိမ့်။

အင်းလေ. . သူတို့လည်း ခါးပိုက်နှိုက်တွေလို အဖွဲ့အစည်း ရှိမှာပေါ့။

ညီအစ်ကိုနှစ်ယောက်ကို အိပ်ပျော်အောင်သိပ်ပြီး လူလည် ကျသွားတဲ့ပညာက နည်းတာမှတ်လို့. . .။

"တောက်. . လူယုတ်မာမတွေ၊ အိမ်ပေါ်တက်ပြီး ကလိန်ကကျစ်ကျ ယုတ်မာသွားတယ်. . တွေ့မယ်၊ တွေ့လို့ကတော့ ဂုတ်ကဆွဲပြီး အချုပ်ထဲကို ထည့်ပစ်ရမယ်"







# အခန်း(၁၃)

"ကိုကို. . ကိုကို. ."

"ဟွန်. ."

"ထ. . ထစမ်းပါဦး"

ခပ်ကြမ်းကြမ်း လှုပ်နှိုးနေသောကြောင့် လင်းအောင် အိပ်ချင်မူးတူးဖြင့် မျက်လုံးဖွင့်ကြည့်ပြီး. . .

"ဘာလဲ. . ဘာလဲကွ၊ ဒီတစ်ခါ ဘာတွေ ယူသွားပြန်ပြီလဲ"

အိပ်ချင်မူးတူး ဂယောင်ဂတမ်းပြောကာ. . ခုတင်ထက်မှာ ဒေါက်ခနဲ ထထိုင်ပြီး မေးသောအမေးကြောင့် နှင်းအောင် မှာခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



လက်ဖြင့်ပိတ်ပြီး . .

"နံတယ် . . နံတယ် . . ကိုကိုရ"

"ဘာနံတာလဲ"

"ပုတ်စော်နံတာ၊ ဒါကြောင့် ကိုကို့ကို လာနှိုးတာ"

"ဟာကွာ ပုတ်စော်နံတာ ငါ့ကို လာနှိုးရလား၊ ကိုယ့်ဟာကိုယ် ရှာကြံပြီး ရှင်းထုတ်လိုက်ပါလား၊ ခွီးတဲ့မှပဲ တစ်နေကုန် ပင်ပန်းလို့ ခုမှအိပ်ရတာကို မင်းမို့ အနှောင့်အယှက်ပေးရက်တယ်"

"အနှောင့်အယှက် ပေးတာမဟုတ်ဘူး၊ ဒီ . . ဒီအပုတ်နံ့က သာမန်အပုတ်နံ့ မဟုတ်ဘူး"

"ဟင် . . သာမန်အပုတ်နံ့ မဟုတ်ဘူးဆိုတော့ . . ဒါ ဘာအပုတ်နံ့လည်း"

အိပ်ချင်မူးတူးဖြင့်ပြောရင်း နှာခေါင်းကို တရှုံ့ရှုံ့လုပ်ကာ နှင်းအောင်ကိုမေးသည်။

"ဒါ . . လူသေကောင်ပုပ်အနံ့"

"ဘာ . ."

"ဟုတ်တယ် ဒီပုံအတိုင်းဆို ဒီအလောင်းကို လူသတ်သမားက အဲဒီအိမ်ကြီးထဲမှာပဲ ဝှက်ထားတာ ဖြစ်ရမယ်"

လေးလေးနက်နက်တွေးပြီး ထင်ကြေးတွေပေးနေသော နှင်းအောင်ကိုကြည့်ပြီး လင်းအောင် ဟတ်ခနဲ တစ်ချက်ရယ်လိုက်သည်။

"မကောင်းဆိုးဝါးက အပုတ်နံ့ပေးတယ်ဆိုရင်တောင် . . အခု မင်းပြောနေတဲ့ စကားထက်ပိုပြီး အဓိပ္ပါယ်တွေ ရှိနေသေးတယ် ဆိုတာ မင်းသိရဲ့လားဟင်"

ခပ်လှောင်လှောင် ရယ်သံဖြင့် ပြောလာသော အစ်ကိုဖြစ်သူကို နှင်းအောင် ထပ်မပြောချင်တော့၊ ကိုယ်ပြောသမျှ ကိုယ်လုပ်သမျှ





အရာအားလုံးဟာ သူ့ကအတွက် စိတ်အနှောင့်အယှက် ဖြစ်စေခဲ့တာ ကြီးပဲမို့ သူ ပြောသမျှကို စောဒကတက် ငြင်းဆန်ခွင့်မရှိဘဲ ဒီအတိုင်း ငြိမ်နေရမှာပင် . . ။

အပုတ်နံ့ကလည်း လှိုင်လှိုင်ကြီးကို ထွက်နေသဖြင့် နှာခေါင်းကို လက်ဖြင့်ပိတ်ပြီး ပြတင်းပေါက် တံခါးနားသို့ လျှောက်လာ၏။

အပုတ်နံ့က ပြတင်းဝနှင့်နီးလေ ပိုပြီး စူးရှလာလေ ဖြစ်သည်မို့ ပြတင်းတံခါးကို ပိတ်လိုက်သည်။

အခန်းထဲ လေလုံသွားပြီမို့ အနံ့က လျော့သွားပေမယ့် အခန်းထဲမှာ ကျန်နေသောအနံ့က ကျန်သေးသည်မို့ အော်ဂလီတွေ ဆန်လာသည်။

"ဝေါ့ . . ထွီ"

အခန်းထောင့်ရှိ ဘေစင်ထဲသို့ တံတွေး တဖီဖီ ပြစ်ထွေးပစ်လိုက်သည်။

"ဟေ့ကောင် ဗိုက်ကြီးသည်လို တဖီဖီတဖန်ဖန် လုပ်မနေနဲ့ . . အိပ်စရာရှိအိပ်"

လင်းအောင်က သူနှင့်မဆိုင်သလို စိတ်ဝင်စားဟန် လုံးဝ မပြလေတော့။ နှင်းအောင် ဘာမှပြောမနေတော့၊ အခန်းအပြင်သို့ ထွက်လာခဲ့လိုက်သည်။

စိတ်ထဲမှာ မတင်မကျ။

ဒီအပုတ်နံ့ဟာ ဟိုနေ့က အမျိုးသမီး အလောင်းဆီမှ ထွက်လာသော အပုတ်နံ့ ဖြစ်နိုင်သည်။ ဖြစ်နိုင်တာထက် ပို၍ ကျိန်းသေသော အခြေအနေမို့ နှင်းအောင်၏စိတ်တွေ ဂနာမငြိမ် ဖြစ်နေသည်။

အဲဒီအိမ်ကြီးဆီကိုသွားပြီး ဒီအလောင်းကို ဖော်ထုတ်ဖို့ ဆန္ဒတွေသာ ရင်မှာ တဖွားဖွား ဖြစ်ပေါ်လာသည်မို့ ခြေလှမ်းတွေကို အိမ်



www.burmeseclassic.com

www.burmeseclassic.com



အပြင်သို့ ဦးတည်လိုက်သည်။

ညဥ့်သည် နက်သထက် နက်နေပြီမို့ ပတ်ဝန်းကျင်တစ်ခွင်လုံး အိပ်မောကျ တိတ်ဆိတ်ငြိမ်သက်နေ၏။

ဒီအိမ်ကြီးမှာ လူသေကောင် ရှိနေသည်ဆိုတာ ဘယ်သူမှ မယုံမှတော့ ကိုယ်ကိုယ်တိုင် လက်တွေ့ဖော်ထုတ်ရတော့မည်။

ရသင့်သလောက် သဲလွန်စတွေလည်း ရပြီးနေပြီမို့ ဒီလူသတ်သမား နှင်းအောင်လက်က ပြေးမလွတ်ပါဘူးဟု ခပ်တိုးတိုး ကျိန်းဝါးလိုက်သည်။







# အခန်း(၁၄)

ခြံတံခါးမှာ သော့ခတ်ထားသည်မို့ . နောက်ဆုံး ကြံရာမရတော့တာနှင့် ခြံတံခါးသံတိုင်တွေပေါ် ကျော်ခွ၍ တက်လိုက်သည်။

ညဥ့်သည် တိတ်ဆိတ်နေသည်မို့ နှင်းအောင်၏ လှုပ်ရှားသံတို့သည် အမှောင်ထုထဲတွင် ခပ်တိုးတိုး ထွက်ပေါ်နေသည်။

အမှန်တရားတစ်ခုကို ဆုပ်ကိုင်ထားတာမို့ ကိုယ်လုပ်ရပ်သည် ခိုးကြောင်ခိုးဝှက် နိုင်လွန်းသည်ဟုလည်း ထူးပြီး တွေးမနေတော့၊ ကိုယ် တာ လူသတ်မှု ကျူးလွန်ထားသည့် တရားခံကို ဖော်ထုတ်ခြင်း ဖြစ်တာမို့

www.burmeseclassic.com



လိပ်ပြာမလုံတာတို့ လိပ်ပြာမသန့်တာတို့လည်း မဖြစ်မိ။

ခုလို ခိုးကြောင်ခိုးဝှက်ဝင်တုန်း လူမိသွားခဲ့လျှင်လည်း ဖြေရှင်းစရာ အကြောင်းပြချက် ခိုင်ခိုင်လုံလုံ ရှိပြီးသား. . .

ထို့ကြောင့် အိမ်ကြီး၏ တံခါးနားသို့ ရဲရဲဝံ့ဝံ့ပင် လျှောက်လာလိုက်သည်။

အိမ်ကြီးနှင့်နီးလေ အပုတ်နံ့က တထောင်းထောင်း ထလေ ဘောင်းဘီဘေးအိတ်ထဲမှာ အသင့်ယူလာသော နှာခေါင်းအုပ်ကို နှိုက်၍ တပ်လိုက်သည်။

ကျွန်းတံခါးကြီးပေါ်မှ နဂါးရုပ်ကို လက်ဖြင့် ပွတ်လိုက်သည်။ ကျွန်းတံခါးသည် အသံခပ်လေးလေးပေး၍ တအိအိ ပွင့်၍သွားသည်။

အိမ်ကြီးထဲကို လွတ်လွတ်ကျွတ်ကျွတ် ဝင်ခွင့်ရပြီမို့ အောင်မြင်စွာ ပြုံးလိုက်သည်။

အရင်ဆုံး ဧည့်ခန်းထဲမှ ဖြတ်ဝင်ရသည်မို့ အလင်းရောင် ပြာမှိုင်းမှိုင်းသာရှိသော မြင်ကွင်းတွေကို ဝေ့ကြည့်လိုက်သည်။

အပ်ကျသံပင် မကြားရသော တိတ်ဆိတ်မှုအောက်မှာ နှင်းအောင်၏ အသက်ရှူသံ ခပ်မျှင်းမျှင်းသာ ခပ်သဲ့သဲ့ ထွက်ပေါ်နေသည်။

အပုတ်နံ့သည် အိမ်ကြီး၏ အပြင်မှာ တကယ်ပင်ပို၍ စူးဝါးစွာ နံစော်နေ၏။

ဧည့်ခန်းကိုကျော်ပြီး အခန်းတွေ ရှိရာဘက်သို့ စမ်းတဝါးဝါး လျှောက်လာလိုက်သည်။ ညဘက်မို့. . မြင်မြင်သမျှအရာသည် မဲကွဲ. . .။

စိတ်လှုပ်ရှားသံကြောင့် ထွက်ပေါ်လာသော ကိုယ့်အသက်ရှူသံ ခပ်ပြင်းပြင်းကိုသာ ပြန်ကြားရင်း အခန်းတစ်ခုရှေ့မှာ ရပ်လိုက်သည်။





တံခါးချပ်နားကပ်ကာ အထဲမှ တစ်စုံတစ်ရာ အသံများ ကြားလေမလားဆိုပြီး မျက်နှာအပ်ကာ နားစွင့်လိုက်သည်။

ထူးခြားသောအသံ တစ်စုံတရာကိုပင် မကြားရသဖြင့် နောက်တစ်ခန်းဘက်သို့ တိုးသွား၍ ထပ်နားစွင့်လိုက်ပြန်သည်။

ထိုအခန်းသည်လည်း ဘာမှ ထူးခြားမှုမရှိ။

လူသေကောင်သည် ဒီအခန်းနှစ်ခုမှာ မရှိသလောက် ကျိန်းသေ၏။ သို့ဆိုလျှင် ဘယ်မှာရှိလောက်မည်လဲဟု တွေးကာ. . အပေါ်ထပ်ကိုတက်ဖို့ ခြေလှမ်းပြင်လိုက်သည်။

အပေါ်လှေကားကိုတက်မှ အပုတ်နံ့သည် နှင်းအောင်နှင့် ပို၍ နီးကပ်လာသလို ခံစားမိကာ နှာခေါင်းစည်း တပ်ထားသော်လည်း အနံ့ကစူးပြီး ပိုဟောင်လာသဖြင့် နှာခေါင်းကို လက်ဖြင့်ပိတ်ပြီး အပေါ်ထပ်သို့ တက်ခဲ့လိုက်သည်။

"အပုတ်နံ့က ဒီအခန်းထဲက ထွက်နေတာပဲ"

ရိုးရာနှင့် ဂျို့စ် နှစ်ပါးသွားသော အခန်းနှင့် မျက်နှာချင်းဆိုင် အခန်းရှေ့သို့အရောက် ရင်တွေ ဒိန်းခနဲ ဆောင့်ခုန်သွားသည်။

သေချာပြီ ဂျို့စ်. . လူသတ်သမား အလောင်းကို ဒီအခန်းထဲမှာ ဝှက်ထားတာ ဖြစ်ရမယ်။

တုန်ရင်သော လက်တစ်ဖက်ဖြင့် တံခါးလက်ကိုင်ဘုကို ဆွဲလှည့်လိုက်သည်၊ မရ။

"ဟာကွာ၊ ကျွတ်. . တံခါးက လော့ခ်ချထားတာပဲ"

ဖွင့်၍ ရလိုရငြား တံခါးလက်ကိုင်ဘုကို တရျောက်ရျောက်ဖြင့် ဆွဲလှည့်ကြည့်သည်။ လော့ခ်က ပွင့်မလာ။

"တောက် တံခါးပိတ်ထားတော့ ဘာမှလုပ်လို့မရဘူး"

တစ်ယောက်တည်း စိတ်ပျက်လက်ပျက်ပြောရင်း ကြံရာမရ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေ၏။

နောက်ဆုံး နှင်းအောင် အာရုံထဲ တိုးဝင်လာသည့် အကြံသစ် တစ်ခုက သက်ဆိုင်ရာကို အကြောင်းကြားဖို့ ဟူသော အတွေးပင်ဖြစ် သည်။

ဟုတ်ပြီ. . ဒီအိမ်ထဲမှာ လူသေကောင်ပုတ်နံ့ ထွက်နေပါတယ် ဟု စခန်းမှာ တိုင်လိုက်လျှင် ဒီလူသတ်သမားကို သက်ဆိုင်ရာက ဖော် ထုတ်လိမ့်မည်။







# အခန်း(၁၅)

စံရိပ်ငြိမ်ရှေ့ ကားရပ်သည်နှင့် ရိုးရာ ကားပေါ်မှ သွက်လက် စွာ ဆင်းလာသည်။ ရိုးရာနှင့်အတူ မြတ်သောမောင်ပါ ဆင်းလာပြီး ကားနောက်ဖုံးဖွင့်ကာ အသင့်ယူလာသော စားစရာနှင့် အချိုရည်ဘူး ထည့်ထားသော ကြိမ်ဆွဲခြင်းကြီးကို ဆွဲမ၍ ထုတ်လိုက်သည်။

"ရိုးရာ နေ့လည်စာကို ဒီမှာပဲ စားမှာလား၊ အပြင်ထွက် စားမှာ လား"

မြတ်သောမောင် အမေးကြောင့် လက်မှနာရီကို ငုံ့ကြည့်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေ့လည်(၁၂)နာရီတောင် ထိုးနေပြီ၊ ဗိုက်လဲ သိပ်မဆာတော့ ပါလာတဲ့ ဟမ်ဘာဂါတွေနဲ့ သစ်သီးလောက်ပဲ စားတော့မယ်၊ ဩော်. . ညနေကျရင် ငါ့ကိုလာမကြိုနဲ့တော့ ငါ ဒီမှာပဲ ညအိပ်လိုက်တော့မယ်"

ရိုးရာစကားကြောင့် တံခါးမကြီး သော့ခ်ကို ဖွင့်နေသော မြတ်သောမောင် ဖျတ်ခနဲ လှည့်ကြည့်ပြီး စိတ်မချဟန်ဖြင့်. . .

"ဟာ. . နင်တစ်ယောက်ထဲ ဖြစ်မလား၊ အိပ်မနေပါနဲ့ဟာ. . ငါ ဒီည ရိုက်ကူးရေးရှိတယ်၊ နင်နဲ့ အဖော်လာနေ မပေးနိုင်ဘူး"

"နင့်ကိုလည်း မအိပ်ခိုင်းပါဘူး မြတ်သောရယ်၊ ငါတစ်ယောက်ထဲ အိပ်ရဲပါတယ်၊ နင့်အလုပ်ပဲ နင်သွားလုပ်"

"အံမယ်. . နင်တစ်ယောက်ထဲ အိပ်ရဲလို့လား၊ ညဉ့်နက်မှ ကြောက်လှချည်ရဲ့ဆိုပြီး ဖုန်းဆက်မခေါ်နဲ့နော်"

စားစရာ ခြင်းကြီးကို အိမ်ထဲသယ်သွားရင်း မြတ်သောမောင် မျက်နှာရှုံ့မဲ့သွားသည်။ နှာခေါင်းကိုလည်း တရှုံ့ရှုံ့လုပ်ကာ. . .

"ဟာ. . နံလိုက်တာ ဘာနံ့ကြီးလည်း မသိဘူး"

နှာခေါင်းရှေ့မှာ လက်တရမ်းရမ်းလုပ်ရင်းပြောတော့ ရိုးရာမှာ အနံ့ကို လိုက်ရှူရင်း. . .

"အေး. . ဟုတ်တယ်၊ ပုပ်. . ပုပ်အဲ့. . အဲ့. . အနံ့ကြီးဟဲ့"

နှာခေါင်းကို လက်ဖြင့်အုပ်ရင်း ရိုးရာ ရင်ထဲမှာ အော်ဂလီဆန်လာသည်။

"ကျွတ် အိမ်ထဲရောက်မှ နံတာဆိုတော့ ဒီအပုပ်နံ့က အိမ်ထဲကပဲ ဖြစ်ရမယ်၊ ငါ. . ငါသွားတော့မယ်ဟာ၊ ဒီမှာ ဆက်နေရင် မနက်က ဗိုက်အပြည့်စားလာတဲ့အစာတွေ အကုန်အန်ထွက် ကုန်လိမ့်မယ်"

စားစရာဆွဲခြင်းကို ဧည့်ခန်းအတွင်းရှိ စားပွဲပေါ်တင်ကာ ဧည့်ခန်းအပြင်သို့ လှည့်ထွက်သွားသည်။





"ဟဲ့. . မြတ်သော နေဦး၊ နင်. . အဲလို ထွက်မသွားနဲ့၊ လာပြန်လာစမ်း၊ အံမယ် အရေးဆို ဒီလိုခေါင်းရှောင်လို့ ရမြလား. . ဟမ် လာခဲ့"

လှည့်ထွက်သွားသော မြတ်သောမောင်၏ အင်္ကျီကော်လာစကို ဖြတ်ခနဲ လှမ်းဆွဲပြီး ခေါ်လိုက်သဖြင့် မြတ်သောမောင် နောက်ကို လန့်၍ ပြန်လျှောက်လာ၏။

"ဟာ. . ဘာလဲဟ၊ ငါ ရိုက်ကွင်းသွားရဦးမယ်"

"နင် သွားချင်ရင် ဒီအပုပ်နံ့ကိစ္စ ရှင်းပြီးမှ သွားဟာ၊ ငါက ဒီမှာ တစ်နေကုန် နေရမယ့်သူဟဲ့၊ ဒီအနံ့ဆိုးကြီးကို ဘယ်လိုရှင်းမလဲ၊ အမလေး ပြောရင်းနဲ့တောင် အန်ချင်လာပြီဟယ်"

"ဟာ. . ငါလည်း နှလုံးမကောင်းဘူး၊ တစ်ခါတစ်လေ ကိုယ့်တံတွေးတောင် မျိုချဖို့တောင် ရွံနေတဲ့ဟာ၊ ဒီအပုတ်နံ့ကိစ္စ ရှင်းရမယ်ဆိုရင် မလွယ်ဘူး"

"ဘာပဲဖြစ်ဖြစ် ဒီနေရာမှာ နင်က ငါ့ထက်သတ္တိရှိတယ်လေဟာ မြတ်သောရာ၊ မောင်နှမအချင်းချင်း အဲဒီလို ခေါက်သွားကြေးလား"

ငိုမဲ့မဲ့နှင့် ပြောနေသော ရိုးရာကိုကြည့်ပြီး. . မြတ်သော စိတ်အိုက်သွားသည်။ ကိုယ်လွတ်ရုန်း မသွားသင့်တာတော့ မြတ်သောလည်း သိသားပဲ။

မောင်နှမနှစ်ယောက် စိတ်အိုက်နေစဉ်မှာပင် ခြံထဲသို့ ရဲကားတစ်စီး ဝင်လာသည်။ ကားပေါ်တွင် ရဲဝတ်စုံအပြည့်နှင့် ရဲငါးယောက်ပါလာသည်။ သူတို့လက်ထဲတွင် သေနတ်ကိုယ်စီဖြင့်. . .

မြတ်သောရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ဟိုတစ်နေ့ညက ကျူးလွန်ခဲ့သည့် အပြစ်ကြောင့် ရဲတွေ လာဖမ်းသည်ဟုပဲ စိုးရွံ့စွာ

www.burmeseclassic.com



တွေးပြီး မျက်စိမျက်နှာ ပျက်သွားသည်။

"ရဲတွေပါလား. . မြတ်သော"

"အေး. . ဟုတ်တယ်၊ ဟိုနေ့ညက ကိစ္စကို ဂျော်နီတို့ဘက်က မိဘတွေ တိုင်လိုက်ပြီထင်တယ်"

အသံတုန်တုန်ဖြင့်ပြောရင်း မြတ်သောမောင် ထွက်ပေါက်ပိတ်နေ၏။ ခုမှ ပြေးထွက်သွားလျှင်လည်း ကိုယ့်ရဲ့ အပြစ်သေးသေးက အကြီးကြီး ဖြစ်သွားလိမ့်မည်။

"နင်ကတော့ မွှေခဲ့ပြန်ပြီပေါ့. . ဒုက္ခပါပဲ၊ ဘယ်လောက်များ လက်လွန်ခြေလွန် ဖြစ်ခဲ့လို့လည်းဟယ်၊ ငါ ရင်ထိတ်လိုက်တာ"

ရိုးရာ ရင်ထိတ်တုန်းရှိသေးသည်။ ရဲကားက အိမ်ရှေ့ ပေါ်တီကိုအောက်မှာ ရပ်လိုက်ပြီး ကားပေါ်မှ ရပ်ကွက်လူကြီးနှစ်ယောက်နှင့် ရဲတွေဆင်းလာသည်။

"စံရိပ်ငြိမ်ရဲ့ တာဝန်ရှိသူနဲ့ တွေ့ချင်ပါတယ်"

ရဲအရာရှိ ရဲတပ်သားများနှင့်အတူ ရပ်ကွက်လူကြီး ဖြစ်ဟန်တူသော မည်းမည်းဝဝပုပု လူတစ်ယောက် ဆင်းလာပြီး ရင်ထိတ်နေသော မြတ်သောနားသို့ ရောက်လာသည်။

မြတ်သောမျက်နှာပေါ်မှာ ကြောက်စိတ်တွေကို မပေါ်အောင် ဟန်ဆောင်ထားရပေမယ့် ကြောက်နေမှန်း သိသာနေ၏။ ဒူးတွေက တဆတ်ဆတ်တုန်ကာ မတ်မတ်ပင် မရပ်နိုင်တော့။ ရိုးရာကပင် ဘာမှ မမှုသောဟန်ဖြင့်. . .

"စံရိပ်ငြိမ်ရဲ့ပိုင်ရှင်က ဆုံးသွားတာ အနှစ်နှစ်ဆယ်လောက်ရှိ ပါပြီ"

"ဒါဆို ဒီအိမ်မှာ ညီမလေးတို့ပဲ နေတာလား"

"ဒါက အမွေဆိုင် အိမ်ကြီးပါရှင့်၊ တစ်ခါတစ်လေ မိသားစုတွေ





လာအပန်းဖြေကြတာကလွဲလို့ အမြဲနေတဲ့သူ မရှိပါဘူး"

မြတ်သောမောင်. . ကြောက်စိတ်တွေဖြင့် သွေးပျက်နေသလောက် ရိုးရာကတော့ တည်တည်ငြိမ်ငြိမ်ပင်. . .

ရဲတွေလည်း အပုပ်နံ့ကို သတိထား ရှူရှိုက်မိဟန်တူသည်။ နှာခေါင်းတွေကို ကိုယ်စီကိုယ်စီရှုံ့ကာ. . .

"အပုပ်နံ့က တော်တော်ထွက်နေပြီပဲ"

ရဲအရာရှိစကားကို ကျန်သောရဲတွေပါ ခေါင်းညိတ်ကာ မျက်နှာကို နှာခေါင်းစည်းကိုယ်စီ အုပ်လိုက်ကြသည်။

မြတ်သောမောင် ကြောက်ကြောက်ရွံ့ရွံ့ဖြင့်ပင်. . .

"နှာခေါင်းစည်း အပိုပါသေးလား၊ အဟဲ. . ကျွန်တော်တို့လည်း ရောက်ကတည်းက နံနေလို့. . ဟဲ. . ဟဲ. . ဟဲ. . ဟဲ"

"မပါဘူး၊ ခင်ဗျားတို့အိမ်က လူသေကောင်ပုပ် အနံ့နံနေတာ၊ ကိုယ့်ဟာကိုယ် ဆောင်ထားပေါ့။ အလောင်းကြီးကို ဘယ်မှာထားသလဲ"

ရဲအရာရှိအမေးကြောင့် ရိုးရာရော မြတ်သောပါ ထခုန်မိမတတ် ထိတ်လန့်ကုန်ကြပြီး တစ်ယောက်ကိုတစ်ယောက် မျက်လုံးအပြူးသားဖြင့် ကြည့်လိုက်ကြပြီး. . .

"ဘယ်. . ဘယ်လို. . လူသေကောင်ပုပ်နံ့ ဟုတ်လား"

"ဟုတ်ပါတယ် လွန်ခဲ့တဲ့ လေးငါးရက်ခန့်က ဒီအိမ်မှာ လူသတ်မှုဖြစ်တယ်၊ အလောင်းကို ဒီအိမ်ကြီးထဲမှာပဲ ဝှက်ထားတယ်ဆိုတဲ့အကြောင်း သတင်းပေးတဲ့သူက သက်သေအပြည့်အစုံနဲ့ တိုင်ထားပါတယ်"

"ရှင်. . သက်သေအပြည့်အစုံနဲ့ တိုင်ထားတယ် ဟုတ်လား ဒါ. . ဒါ. . မဖြစ်နိုင်ပါဘူး၊ ဒါ တစ်ကယ်မှမဟုတ်တာ"

ရဲအရာရှိမှာ ရိုးရာ၏ ငြင်းဆန်စကားကို နားမဝင်သူ့တပည့်



www.burmeseclassic.com

www.burmeseclassic.com



တွေကို မျက်စပစ်ပြပြီး အပုပ်နံ့ကိုရှာဖို့ အချက်ပြလိုက်သည်။

"ကျွန်တော်တို့ ဝင်ရှာလိုက်ပါ့မယ် ဆရာကြီး"

ရဲတွေ လက်နက်ကိုယ်စီကိုင်ကာ အတွင်းခန်းတွေထဲကို အလျှို အလျှိုဝင်၍ အပုပ်နံ့ထွက်နေသောနေရာကို ရှာတော့၏။

အပေါ်ထပ်တက်၍သွားသော ရဲတစ်ယောက်မှာ တက်သွား ပြီး သိပ်မကြာလိုက်. . ပြန်ဆင်းလာပြီး. .

"ဆရာ အပုပ်နံ့က အပေါ်ထပ် အခန်းတစ်ခုထဲက လှိုင်လှိုင် ထွက်နေတာ၊ တံခါးသော့ ခတ်ထားလို့ ဖွင့်ကြည့်လို့ မရပါဘူး"

ရဲသားစကားကြောင့် ရဲအရာရှိမှာ ရိုးရာနှင့် မြတ်သောကို ဖျတ်ခနဲ လှမ်းကြည့်ပြီး. . .

"အဲဒီအခန်းသော့ ဘယ်မှာလဲ"

"ဟင့်အင်း မရှိဘူး"

ရိုးရာအဖြေက ခပ်အေးအေးပင်။

"ဒါဆို ဖျက်ဝင်ရမှာပေါ့"

"အို တံခါးဖျက်ဝင်ရအောင် ဘာမှအရေးမကြီးတာပဲ၊ ဒီအိမ်ကြီးက ဘိုးဘွားပိုင် အိမ်ကြီး၊ ပါးစပ်ဆတ်ဆော့ပြီး တိုင်လိုက်တဲ့ ဖုန်းသရဲတွေကြောင့် ကျွန်းတံခါးတွေ အပျက်အစီး မခံနိုင်ဘူး၊ ရဲအရာရှိတို့ အိမ်မှားလာတာ ဖြစ်မှာပါ"

"မမှားပါဘူး၊ တိုင်တဲ့သူက စံရိပ်ငြိမ်ခြံလို့ တိုင်ချက်ဖွင့်ထားတယ်၊ ဒီအပုပ်နံ့ကြောင့် ဘေးအိမ်တွေလည်း မခံနိုင်ကြဘူး၊ ကျန်းမာရေးကို ထိခိုက်စေပါတယ်၊ ဒီက ညီမတို့ အဲဒီလောက် ငြင်းနေတာဟာ တရားခံဖြစ်ကြောင်း ဝန်ခံနေသလို ဖြစ်နေတယ်"

"ရှင်. ."

"ဟုတ်ပါတယ် ဒီအပုပ်နံ့က ညီမတို့နဲ့ မဆိုင်ဘူးဆိုရင် ကျွန်





တော်တို့နဲ့ ပူးပေါင်းပြီး လူသတ်တရားခံကို ရှာရမယ်"

"ဆရာ ဘယ်လိုလုပ်ရမလဲ"

ရဲသားတစ်ယောက်၏ အမေးကြောင့် ရဲအရာရှိမှာ တွေးတွေးဆဆဟန်ဖြင့် စဉ်းစားနေစဉ် ရပ်ကွက်လူကြီးက တံခါးဖျက်ဝင်ဖို့ ပြော၏။

"အင်း ဒီအပုပ်နံ့ တရားခံကို အခိုကရှာရမှာမို့ အခန်းဖျက်ပြီး ဝင်ရုံပေါ့"

ဒီတစ်ခါ ရိုးရာ ကန့်ကွက်၍ မရတော့၊ ဆက်ပြီး ကန့်ကွက်နေလျှင် တရားခံက ကိုယ်ဖြစ်သွားနိုင်သည်။

တိရိစ္ဆာန်တစ်ကောင်ကောင်၏ အပုပ်နံ့ကို ဇယားချဲ့နေသော ရဲတွေနှင့် ရပ်ကွက်လူကြီးကို ဘာမှအတိုက်အခံ မပြောချင်တော့၊ သူတို့၏ အကြည့်တွေထဲမှာ သံသယအကြည့်တွေ ပါနေ၏။

"အင်းလေ. . ဦးလေးတို့စိတ်ထဲ လူသေကောင်ပုပ်နံ့လို့ ထင်နေမှတော့ ဖျက်ပြီးဝင်ကြပေါ့၊ အဲဒီအခန်းက ဘိုးဘွားတွေ လက်ထက်ကတည်းက စတိုခန်းအဖြစ်ပဲ သုံးတာ၊ ဒီအိမ်ကြီး တစ်အိမ်လုံးရဲ့ အခန်းသော့တွဲတွေကို ရိုးရာတို့ ဘဘကြီးကိုင်တာ၊ ရဲအရာရှိကြီးတို့ ထင်သလို ဒီအိမ်မှာ ဘာလူသတ်မှုမှ ဖြစ်မသွားပါဘူး"

"ဆရာ. . ဆရာ အခန်းဖွင့်လို့ ရပါပြီ"

ရဲသားတစ်ယောက် လှေကားထိပ်မှနေ၍ ရိုးရာတို့ ရှိရာဘက်သို့ ကိုယ်ကိုငုံ့ကိုင်းကာ အော်သည်။

"ဟေ. . ဟုတ်လား"

ရပ်ကွက်လူကြီးရော ရဲအရာရှိပါ၊ အိမ်အပေါ်ထပ်သို့ ခြေလှမ်းကျဲတဲ့ဖြင့် တက်သွားကြသဖြင့် ရိုးရာနှင့် မြတ်သောမောင်လည်း မျက်နှာပျက်နှာပျက်ဖြင့် လိုက်တက်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်းဝရောက်သည်နှင့် အပုပ်နံ့က ပို၍ စူးစူးရှရှကြီး နံနေသဖြင့် ရိုးရာနှင့် မြတ်သော နှာခေါင်းတွေကို လက်ဖြင့် အုပ်လိုက်ကြပြီး အခန်းထဲကို ကဲကြည့်လိုက်သည်။

သူတို့ ပြောသလို လူသေအလောင်းများ တွေ့မလားပေါ့။ ဒီ အိမ်ကြီးက အမွေဆိုင်အိမ်ကြီးမို့ ရိုးရာတို့ မောင်နှမအပြင် တခြားညီ အစ်ကို မောင်နှမတွေလည်း မကြာခဏ လာသွားတတ်တာမို့ ရိုးရာ စိတ်ထဲ နည်းနည်းတော့ လန့်သည်။

"အပုပ်နံ့က ဒီအထဲက ထွက်ပေမယ့် . . ဘာမှမတွေ့ရဘူး ဆရာကြီး"

"ဒီအခန်းထဲက လာတဲ့အနံ့ဆိုတာတော့ ကျိန်းသေတယ် နောက်ပြီး တိုင်တဲ့သူရဲ့ သက်သေထဲမှာ အမျိုးသားတစ်ယောက်နဲ့ သွေး အိုင်ထဲလဲနေတဲ့ အမျိုးသမီးတစ်ယောက်ကို ဓါတ်ပုံရိုက်ယူထားတာ တွေ့တယ်"

"အို . . မ . . မဖြစ်နိုင်တာပဲ၊ အဲဒီလူက ကင်မရာနဲ့ ရိုက်ယူ အောင် ဒီလိုအဖြစ်မျိုး တစ်ခါမှ မရှိခဲ့ဖူးဘူး၊ ဒီဓါတ်ပုံက အတုပဲ ဖြစ် မှာပါ"

"ဒါဆို သွေးစွန်းနေတဲ့ အမျိုးသား အင်္ကျီကရော"

"ဗျာ . . သွေးစွန်းနေတဲ့ အင်္ကျီ ဟုတ်လား"

ဒီတစ်ခါ မြတ်သောမောင် ပို၍တုန်လှုပ်သွားသည်။ ရဲအရာရှိ ကြီး မြတ်သောကို သံသယအကြည့်ဖြင့် လှမ်း၍ အကဲခတ်သည်။

"မောင်ရင် သိလို့လား . . ၊ အဲဒီ အင်္ကျီအမျိုးအစားက TRAFFICO အပြာရင့်ရင့်၊ အဲဒီအင်္ကျီမှာ သွေးစွန်းနေတယ်"

"ဗျာ . . အဲ . . အဲဒါ ကျွန်တော့်အင်္ကျီပါဗျာ၊ ဘော်ဒါတွေ ဖြစ်တဲ့ပွဲမှာ ဝင်ဖြန်ဖြေရင်း သူငယ်ချင်းတစ်ယောက်ရဲ့ သွေးပါ။ မယုံ





ဓါတ်ခွဲခန်းမှာ စစ်လို့ရပါတယ်"

"အင်းလေ . . ခုလောလောဆယ်တော့ လူသတ်တရားခံကို ခဏတော့ လှန်ထားရဦးမှာပဲ၊ ဒါပေမယ့် သိပ်မကြာပါဘူး၊ အလောင်း ကိုတွေ့တာနဲ့ ခြေရာခံမိမှာပါ။ ခုလောလောဆယ်တော့ သွေးစွန်းနေတဲ့ အင်္ကျီကို ဓါတ်ခွဲခန်းပို့ပြီး စစ်ဆေးရမှာပဲ"

"ဒါနဲ့ ရဲအရာရှိကြီးကို မေးစရာရှိတယ်၊ ဟိုလေ ကင်မရာထဲ က ဓါတ်ပုံဆိုတာက ဘယ်မှာရိုက်ထားတဲ့ မြင်ကွင်းမို့လဲ၊ နောက်ပြီး ဓါတ်ပုံရိုက်ထားတာဆိုတော့ ဘယ်သူဘယ်ဝါဆိုတာကို သိရမှာပဲလေ"

"ဓါတ်ပုံက အဝေးရိုက်ရတာဆိုတော့ သိပ်ပြီး ရုပ်လုံးမကွဲဘူး ရုပ်လုံးသာ ကွဲလို့ကတော့ ခုလောက်ဆို အဲဒီလူသတ်သမားကို အမိနဲ့ တောင် ချုပြီးလောက်ပြီ"

ရဲအရာရှိကြီး စကားကို ရိုးရာရော မြတ်သောရော ဘာမှပြန် ၍ မမေးရဲတော့ပဲ ငြိမ်၍သွားသည်။

တကယ်ဆို သူတို့ သက်သေအဖြစ် ရထားတာက မြတ်သော ၏ အင်္ကျီဆိုတာ မြတ်သောရော ရိုးရာရော သိထားကြသည်ပဲ။

"ဆရာကြီး အပုပ်နံ့က ဒီအခန်းရဲ့ အပေါ် မျက်နှာကျက်ထဲက ထွက်နေတာ"

ခုံရှည်ကြီးပေါ် တက်ပြီး အနံ့လိုက်ခံနေသော ရဲသားကြီးထံမှ ပြောလိုက်သော စကားကြောင့် အားလုံး၏ အာရုံတွေက မျက်နှာကျက် ပေါ်သို့ ရောက်ကုန်ကြ၏။

ဘာတွေများ ထွက်လာမလဲဟူသော အသိတွေက မြတ်သော ၏စိတ်တွေကို ဂဏှာမငြိမ် တုန်လှုပ်နေစေ၏။

ရပ်ကွက်လူကြီးနှင့် ရဲအရာရှိကြီး၏ ခြေလှမ်းတွေသည် အ ပေါက်ကြီးဖြစ်နေသော အမိုးမျက်နှာကျက်ဆီသို့ . . . ခပ်သွက်သွက်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်၍သွားသည်။

အားလုံး၏ စိတ်ဝင်စားမှုတွေသည် အထွတ်အထိပ်ကို ရောက်နေသဖြင့် အမိုးမျက်နှာကျက် ဖွဲ့ချသောအသံ ခပ်ကျယ်ကျယ်မှလွဲ၍ စကားသံ တစ်လုံးမှ ထွက်မလာကြ။

မျက်နှာကျက် ခွာချလိုက်၍ လူသေကောင်ကြီးများ ဘုတ်ခနဲ ပြုတ်ကျလာမလား ဆိုသောစိတ်ဖြင့် ရဲအရာရှိကြီးနှင့် ရပ်ကွက်လူကြီး အနောက်ကို ခြေလှမ်းသုံးလေးငါးလှမ်းစာ ဆုတ်ပေးသည်။

"ဝုန်း. . ဒုန်း. . ဒုန်း. ."

"အား. . . အမလေး. ."







# အခန်း(၁၆)

ရဲကားတွေ စံရိပ်ငြိမ်ကို ဝင်သွားကတည်းက စိတ်ဂနာမငြိမ် ဖြစ်နေသူက နှင်းအောင်ပင် ဖြစ်သည်။

"နှင်းအောင်. . မင်း ဘာဖြစ်နေတာလဲ၊ အပြင်က ပြန်လာပြီး ကတည်းက ကလေးမွေးခါနီး ဗိုက်ကြီးသည်လို ဖင်တကြွကြွနဲ့ ဂနာကို မငြိမ်ဘူး"

ပြတင်းပေါက်တွင် သူခိုးချောင်း ချောင်းနေသော နှင်းအောင်မှာ အစ်ကိုဖြစ်သူ၏ အသံကြောင့် နောက်ကို လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မနက်က စခန်းသွားပြီး အကြောင်းကြားထား လိုက်လို့ ဟိုဘက်က အိမ်ကြီးဆီ ရဲတွေရောက်နေတာ"

အသံခပ်အုပ်အုပ်ဖြင့် ပြောလိုက်သော နှင်းအောင်စကား ကြောင့် လင်းအောင် ခေါင်းကို စုံကုတ်လိုက်ပြီး. . .

"ဟာကွာ. . မင်း အဲဒီကိစ္စ ခုထိ မပြီးသေးဘူးလား၊ မင်း လုပ်လို့ ငါ့ပစ္စည်းလေးတွေလည်း ပါသင့်သလောက် ပါပြီးသွားပြီ၊ ဒါလည်း ခုထိ မမှတ်သေးဘူးလား. . ဟမ်. . မင်းကွာ တော်တော်ကို ပြဿနာ ရှာတာပဲ"

စိတ်ပျက်လက်ပျက် ညည်းတွားပြစ်တင်နေသဖြင့် နှင်းအောင် ကျွတ်ခနဲ စုတ်သပ်လိုက်ပြီး. . .

"ကိုကိုရာ နိုင်ငံကြီးသားစိတ် မရှိလိုက်တာ၊ ကိုယ့်အနီးအနား ပတ်ဝန်းကျင်မှာ ဒီလောက်ရက်စက်ကြမ်းကြုတ်တဲ့ လူသတ်မှု ဖြစ်သွား တာကို ကိုကိုနဲ့ မဆိုင်သလို နေတာဟာ ကိုကို့ရဲ့ လူမှုဝန်ထမ်းစိတ် အဆင့်အတန်း ဘယ်လောက်ရှိသလဲဆိုတာ ဖော်ပြလိုက်တာပဲ"

"ဘာကွ"

လင်းအောင် ဆတ်ဆတ်ထိမခံဖြစ်သွားကာ မျက်လုံးကြီး ပြူး လျက် ဘာကွလိုက်သည်။

"ဩော်. . ကြည့်၊ မှန်တာပြောတော့ စိတ်ဆိုးပြန်ပြီ၊ ငါ့အစ်ကို ကလည်း ညက အဲဒီဘက်အိမ်က လူသေကောင်ပုပ်နံ့ ထွက်နေတာ ကို ကိုကို မသိတာလဲ မဟုတ်ဘူး၊ ဒီလိုမှ သက်ဆိုင်ရာကို အကြောင်း မကြားရင် အဲဒီအပုပ်နံ့ကို အရိုးကျတဲ့အထိ ရှူနေရဦးမှာ"

"တခြားအိမ်တွေ မင်းလို မနေနိုင်တိုင်တက် မလုပ်ကြဘူး"

"ဩော်. . တခြားအိမ်က မနေနိုင် ဘယ်တိုင်တက်မလဲ၊ စံရိပ် ငြိမ်နဲ့ အနီးဆုံးအိမ်က ဒီတစ်အိမ်ပဲရှိတာလေ၊ ဟိုးဘက်ခြံက လူမနေ





ဘူး၊ စံရိပ်ငြိမ် မျက်နှာချင်းဆိုင်က အဆောက်အဦးက ပစ္စည်းလှောင်တဲ့ ဂိုဒေါင်ဆိုတော့ ဒီအနံ့ကို ဘယ်သူက ဂရုစိုက်မိမှာလဲ၊ ကျွန်တော်တပဲ ဒီအနံ့ကို ဒိုင်ခံရှူသွင်းနေရတာ အော်ဂလီတွေဆန်လွန်းလို့ ရေတောင် မဝင်တော့ဘူး၊ ထမင်းဆိုတာ ဝေလာဝေး. . ."

"အေး မင်းပြောသလို လူသတ်မှုသာ အမှန်ဖြစ်ကြည့်၊ အဲ့ဒီလူ သတ်သမားက မင်းကို အလွတ်ပေးမှာ မဟုတ်ဘူး၊ မိန်းမ မယူချင်လို့ ထွက်လာကာမှ လူသတ်သမားလက်ချက်နဲ့ ကိစ္စတုံးကုန်ဦးမယ်"

"ဟော. . ဟိုမှာ ရဲတွေ. . ရဲတွေ ပြန်ထွက်လာကြပြီ၊ ရပ်ကွက် လူကြီးလည်း ပါတယ်တွေ့လား"

ပြတင်းလိုက်ကာကြားမှ အသာချောင်းပြီး အလောတကြီးပြော နေသဖြင့် လင်းအောင်ပါ စံရိပ်ငြိမ်ခြံထဲကို ချောင်းကြည့်လိုက်သည်။

"တွေ့လား. . ဟိုမှာ ရဲနောက်က လူတစ်ယောက် ငွေခွံအိတ် ကြီးကို ဒရွတ်ဆွဲပြီး ထွက်လာပြီ၊ အဲဒီထဲမှာ လူသေအလောင်းရှိတယ်"

ထင်ကြေးနှင့် ပြောနေသောကြောင့် လင်းအောင် ဟတ်ခနဲ ရယ်လိုက်သည်။

"အယ်. . ဘာရယ်တာလဲဗျ၊ ဟော. . ဟိုမှာ. . ဟိုမှာ. . အဲဒီ ကောင်က ဂျိူစ်ဆိုတဲ့ လူသတ်သမားပဲ ဖြစ်ရမယ်"

ရှိုးရာနားတွင်ရပ်နေသော မြတ်သောကို ဂျိူစ်ဟုထင်ကာ စိတ် ထဲမှာ ပိုးစိုးပက်စက်ကို ကျိန်ဆဲလိုက်သည်။

"ဟကောင်ရ လူသတ်သမားဆိုရင် လက်ထိပ်ခတ်ပြီး ဖမ်းခေါ် သွားမှာပေါ့ကွ၊ နောက်ပြီး. . လူသေအလောင်းဆိုရင် အလောင်းကို လူနာတင်ဗန်းပေါ်တင် အဝတ်ဖြူအုပ်ပြီး ခေါ်ရင်ခေါ် မခေါ်ရင် အိတ် အမည်းကြီးနဲ့ထည့် ဇစ်ဆွဲပြီး ထုတ်လာမှာပေါ့၊ ခုဟာက ငွေခွံအိတ် ထဲက ပုံကိုကြည့်ရတာ လူမဟုတ်လောက်၊ ပြီး တိရိစ္ဆာန်ခန္ဓာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



သာသာလေးကို မင်းနှယ်ကွာ”

နှိုင်းနှိုင်းဆဆနှင့် ပြောနေသော လင်းအောင်စကားက သဘာဝကျသည်မို့ နှင်းအောင် တွေသွားသည်။

ဒါဆို ငွေခွံအိတ်ကြီးနှင့် ဆွဲထုတ်သွားတာ လူမဟုတ်ဘူးဆိုလျှင်. . ဘာလဲ။

ဒီတစ်ခါလည်း သူများအမှု ကိုယ့်ပြန်ပတ်ပြန်ပြီ ထင်၏။ ဒါဟာ ဝတ္တုရားနှောင့်ယှက်မှု။ စိတ်အိုက်စွာဖြင့် လေပူတစ်ချက် ဟူးခနဲ မှုတ်ထုတ်လိုက်သည်။

ဒါဆို အဲဒီမိန်းကလေးအလောင်းက ဘယ်မှာလဲ၊ လူသတ်သမားက ကြားချောင်လွတ်နေတာပေါ့၊ ဒါဆို လောကကြီး နည်းနည်းမှ မတရား။

နှင်းအောင် စိတ်ထဲမှာ နည်းနည်းလေးမှ မကျေနပ်. . .

လင်းအောင်၏ ခပ်လျော့လျော့ရယ်သံ ပေါ်ထွက်လာ၍ ခေါင်းကို ခပ်ကြမ်းကြမ်း ဆွဲဖွလိုက်ပြီး. . .

“မကျေနပ်ဘူး၊ ဒီလူသတ်သမားကို ရအောင်ဖော်ထုတ်ရမယ်”

“ဖော်ထုတ်ပါ. . သကြားပုလင်း နှင်းမောင်ရယ်၊ လူသတ်သမားကို မင်းအစွမ်းအစနဲ့သာ ဖော်ထုတ်နိုင်လို့ကတော့ ငါ အခိုးခံရလို့ မင်းပြန်လျော်ထားတဲ့ သိန်းတစ်ရာ့ငါးဆယ်ကို ချက်ချင်းပြန်ပေးမယ်”

လင်းအောင် ထိုသို့ပြောရင်း တဟားဟား အော်ရယ်သည်။

နှင်းအောင်မှာ အစ်ကိုဖြစ်သူကို ဘုကြည့်လှမ်းကြည့်ပြီး. .

“စိတ်ချ. . ကျွန်တော် အဲဒီသေသွားတဲ့ မိန်းကလေးဘက်က အပြည့်အဝ ရပ်တည်ပြီး အမှန်တရားကို ဖော်ထုတ်မှာမို့ ကိုကို့ကတိပဲ တည်ပါစေ”

“စိန်လိုက်. . စိန်လိုက်စမ်းပါ၊ မင်းလို အမြဲလွဲနေတဲ့ ကောင်





ဆီကို အမှန်တရားက လာမှာမဟုတ်ဘူး၊ ထပ်ပြီး မမှန်တော့မှာစိုးထို့လေ. . ဟား. . ဟား. . ဟား. . ဟား”

လင်းအောင်၏ ခပ်လျော့လျော့ရယ်သံက နှင်းအောင်၏ ခံချင်စိတ်ကို တွန်းအားပေးနေ၏။

စိတ်ချကောင်မလေးရေ၊ ငါ နင့်ဘက်ကရပ်တည်ပြီး လူသတ်သမားကို ဖော်ထုတ်ပေးမှာမို့ နင်သာ ငါ့ကို တမလွန်ကနေ လူသတ်သမားကို ဝိုင်းရှာပေးလိုက်စမ်းပါ၊ ငါ ပြန်ရမယ့် သိန်းတစ်ရာ့ငါးဆယ် နင့်အတွက် ရေစက်ချ လှူလိုက်မယ်။

တကယ်ဆို ငါက တာဝန်သိပြည့်သူတစ်ယောက်ပဲ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၇)

"**ဟား**. . ဟား. . ဟား. . ဟား. . ငါတော့ ရယ်ချင်လိုက်တာ မြတ်သောရယ်"

"ဟင်. . . ခုပဲ ရယ်နေပြီးတော့၊ ရယ်ချင်လိုက်တာ လုပ်နေတယ်"

တဟားဟားရယ်နေသော အစ်မဖြစ်သူ ရိုးရာကိုကြည့်ပြီး ခပ်တိုးတိုး အပြစ်တင်လိုက်သည်။

"ဒီမှာဖြင့် ဟိုနေ့ညက ဖိုက်တင်ပွဲကြောင့် ရဲတွေလိုက်လာတာပဲ ထင်နေတာ၊ ဒါနဲ့ ရဲတွေကို ဘယ်သူတိုင်လိုက်လဲ မသိဘူး၊ တကယ်





မွှတဲ့လူပဲ၊ အရေးထဲ ကြောင်က လာသေးနေတော့ ပိုဆိုးသွားတာပေါ့"

"ကြောင်တွေက သုံးကောင်တောင် သေနေတာဆိုတော့. . အဆိပ်ပြင်းတူမိပြီး သေသေတာများလားဟယ်၊ သေစရာရှားလို့ မျက်နှာအျက်ထဲ ဝင်သေရတယ်လို့"

"ငါထင်တာတော့ အောက်ကိုပြန်ပြီး ဆင်းလို့မရတော့လို့ ပိတ်မိပြီးသေတာ ဖြစ်မယ်ကွ"

"ဘယ်လိုသေသေပါဟာ၊ ငါ အံ့သြနေတာက ရဲတွေလက်ထဲကို ငါ့ရဲ့ သွေးပေနေတဲ့အကျီက ဘယ်လိုရောက်သွားရတာလဲ၊ သွေးစွန်းအကျီကို ခိုးသွားပြီး လူသတ်မှုပါလို့ ခေါင်းစဉ်တပ်လိုက်တဲ့ ငကြောင်က ဘယ်သူပါလိမ့်. . အံ့သြတယ်၊ ကေန္တ ငါတို့ကို တိတ်တဆိတ် စပိုင်လုပ်နေတာများလား"

"နင်ကရော အဲဒီသွေးက ဘယ်လိုပေရတာလဲ၊ နင်ကဖြင့် ဘာဒဏ်ရာမှ မရဘဲနဲ့"

"ငါ ဒဏ်ရာမရပေမယ့် မိုးဇော်ရဲ့ လက်ကောက်ဝတ်ကို ဓါးထိုးမိသွားတယ်လေ၊ သွေးက မတိတ်တော့ အဲဒီအကျီနဲ့ပတ်ပြီး ငါ့ဘော်ဒါဆရာဝန်ဆီ သွားရတာပေါ့"

"ဒါနဲ့များ ဒီသွေးပေနေတဲ့အကျီကို လမ်းမှာတစ်ခါတည်း လွှင့်ပစ်ခဲ့ ပြီးရော၊ အရစ်ရှည်ပြီး ဒီကိုသယ်လာသေးတယ်"

"ငါလည်း ထူပူပြီး ဘာတွေလုပ်မိမှန်း မသိပါဘူးဟာ၊ ဖြစ်ချင်ရင် ဘာမဟုတ်တဲ့ အသေးအဖွဲလေးက အကြီးကြီး ဖြစ်သွားတယ်၊ ငါသိချင်တာ ဒီအကျီ ရဲလက်ထဲ ဘယ်လိုရောက်သွားလဲ ဆိုတာပဲ"

မြတ်သောစကားကြောင့် ရိုးရာ မျက်လုံးအပိုင်းသားဖြင့် တစ်ခုခုကို စဉ်းစားမိသွားကာ ထိုင်နေရာမှ ကိုယ်ကို ဆတ်ခနဲ မတ်လိုက်ပြီး. . .



www.burmeseclassic.com

"အေး . . ဟုတ်ပြီ . . ငါ စဉ်းစားလို့ရပြီ၊ နင့်ရဲ့ သွေးစွန်းတဲ့ အကျီကို ငါ ရေချိုးခန်းထဲ ပစ်ထည့်လိုက်မိတယ်၊ အဲ . . နေဦး၊ ငါ ခုမှ ဆက်စပ်ပြီး တွေးမိတော့တယ်၊ ဟုတ်ပြီ သေချာတယ်၊ ငါတို့အိမ် ထဲဝင်ပြီး စပ်စုတဲ့လူပဲ ဖြစ်ရမယ်၊ သေချာတယ်"

"ဟမ် . . ဟုတ်လား၊ ဘယ်သူလဲ"

"ဟိုဘက်တိုက်က လူလေ"

ရိုးရာစကားကြောင့် မြတ်သော ထောင်းခနဲ ဒေါသထွက် သွား၏။ တက်တစ်ချက် ခပ်ပြင်းပြင်းခေါက်ကာ. . .

"တောက် . . ဒီလူတော့ သူများအိမ်ထဲ ခိုးဝင်ပြီး ကိုယ်နဲ့မဆိုင် တာ ဝင်ရှုပ်ရတယ်လို့၊ ဘော်ဒါတွေခေါ်ပြီး ကောင်ကောင်းပညာပေးရ တော့မယ်ထင်တယ်"

ဒေါသကြောင့် မြတ်သောမျက်နှာမှာ ရဲတက်သွားသည်။ သူ များအပေါ် အမြဲတမ်းအနိုင်ယူကာ ဆတ်ဆတ်ထိမခံတတ်သော မြတ် သောမောင်ဆိုတဲ့ကောင်က ဒီလူကို ပညာကောင်းကောင်း ပေးရတော့ မှာပေါ့၊ မြတ်သောဘဝမှာ မဖြစ်နိုင်တာ ဘာမှမရှိသလို ဘာလုပ်လုပ် ပိပိရိရိ လုပ်တတ်သူမို့ အမှားဆိုတာ မရှိခဲ့ဘူး။

ဒီလူကိုတော့ သတိထားမှ ဖြစ်မည်။

သူကဘာလဲ ရဲဘက်က စပိုင်လား။

ဘာပဲဖြစ်ဖြစ် အနေအသွားအလာတော့ ဆင်ခြင်ရမည်ဟု ကိုယ့်ကိုယ်ကိုယ် သတိပေးလိုက်၏။

အဆိုးဆုံးက မြတ်သော၏ သွေးစွန်းအကျီ ရဲလက်ထဲ ရောက် နေခြင်းပင်ဖြစ်သည်။ ဒါအားလုံးဟာ ဟိုလူ့စနက် . . . ။







# အခန်း(၁၈)

"ဗျာ . . ကြောင်သုံးကောင် သေနေတာ ဟုတ်လား"

ရဲအရာရှိစကားကြောင့် ဒီတစ်ခါ လွဲပြန်ပြီဟုသာ ကိုယ့်ကိုယ် ကိုယ် အပြစ်တင်လိုက်မိသည်။ ရဲအရာရှိ၏ အပြစ်တင်ရိပ် လွှမ်းနေ သော အကြည့်ကို သိပ်ရင်မဆိုင်ချင်၍ ရဲအရာရှိ ထိုင်နေသော နောက် ကျောမှ ပြတင်းပေါက်အပြင်ကို အကြည့်လွှဲလိုက်သည်။

သစ်ပင်မှ သစ်ရွက်တွေ ခပ်ဖွဖွ လှုပ်ခပ်နေသလို နှင်းဆောင် ၏ ရင်တွေလည်း ခပ်ဖွဖွ လှုပ်ရှားနေသည်။ အမြဲတမ်းလိုလို လွဲသော

www.burmeseclassic.com



အလွဲတွေ ဘယ်တော့မှတည့်မှာလဲ. . .

ကြောင်ကလည်း သေတာတောင် တစ်ကောင်တည်း မသေဘဲ အဖော်အပေါင်းနှင့် သုံးကောင်ပြူး သေရသလားဟု ကြောင်ကိုပဲ ခပ်ပစ်ပစ် ဆဲပစ်လိုက်ချင်သည်။

"ဒါဆို အပုပ်နံ့က လူသေအပုပ်နံ့မဟုတ်ဘဲ ကြောင်သုံးကောင်ရဲ့ အပုပ်နံ့ပေါ့ ဟုတ်လား"

"ဟုတ်တယ်. . ခင်ဗျားဗျာ သက်သက်မဲ့မျှား ချောက်ချလိုက်တာလား၊ ကျုပ်တို့မှာ ကြောင်ကိုသွား သင်္ဂြိုလ်ပေးနေသလိုတောင်ဖြစ်နေတယ်"

ခပ်ငေါ့ငေါ့ ပြောလိုက်သော အပြစ်တင်စကားကို နှင်းအောင်သိပ်ဘဝင်မကျလှသဖြင့် မျက်မှောင်ကုတ်ကာ စဉ်းစားလိုက်ပြီး. . .

"ဒါဟာ သွေးရိုးသားရိုး မဟုတ်ဘူး ဆရာ"

ရဲအရာရှိ မျက်လုံးပြူးသွားပြီး. . .

"ဘာကို သွေးရိုးသားရိုး မဟုတ်တာလဲ၊ ကြောင်သေတာကိုလား၊ တော်တော်. . ဟေ့လူ၊ ကျုပ်တို့စခန်းမှာ ကြောင်သေမှုနဲ့တော့ အမှုထပ်မဖွင့်နဲ့တော့နော်၊ ကျွန်တော်တို့ စခန်းက အဲလောက် အရည်မရ အဖတ်မရ အမှုမျိုးကို မလိုက်ဖူး"

ရဲအရာရှိစကားကြောင့် နှင်းအောင် ဂိန်သွားသည်။

"အယ်. . အဲ. . အဲလိုမဟုတ်ဘူးလေ၊ ကျွန်တော်က ကြောင်သေတာကို ဇီဇာချဲ့ဖို့ မဟုတ်ပါဘူး၊ မိန်းခလေးတစ်ယောက် အသတ်ခံလိုက်ရတာ ကျွန်တော်ကိုယ်တိုင် မြင်လိုက်ရတယ်၊ ဒါကြောင့်. . ကျွန်တော် ဓါတ်ပုံရိုက်ယူထားတယ်၊ နောက်ပြီး အဲဒီညက လူသတ်သမားဝတ်ထားတဲ့ အပြာရောင် သွေးစွန်းအင်္ကျီ. . ဒီသက်သေတွေလောက်ခိုင်လုံတာ ဘာကျန်သေးလို့လဲ"





စိတ်အချဉ်ပေါက်ပေါက်နှင့် ရဲအရာရှိကို ပြန်ပြီး စောဒကတက်လိုက်သည်။

"ဟုတ်ပါတယ်၊ ခင်ဗျားက တာဝန်သိ လူတစ်ယောက်အနေနဲ့ သက်သေခိုင်လုံစွာ တင်ပြပေမယ့် အပုပ်နံ့ဟာ လူသေအလောင်းဆီက မဟုတ်သလို ခင်ဗျားရိုက်ထားတဲ့ ဓါတ်ပုံကလည်း ဝါးနေတဲ့အမြင်လူသတ်သမားရဲ့ မျက်နှာကို သဲသဲကွဲကွဲ မမြင်ရတော့ အဲဒီ လူသတ်တရားခံကို ဘယ်လိုရှာမလဲ၊ နောက်ပြီး သွေးစွန်းတဲ့အင်္ကျီကလည်း အဲဒီအိမ်က မြတ်သောမောင်ဆိုတဲ့ ကောင်လေးရဲ့အင်္ကျီ"

ဒီတစ်ချက်ဟာ နှင်းအောင်အတွက် အားတက်စရာ ဖြစ်သွားကာ. . .

"ဟာ. . ဟုတ်လား၊ သေချာတယ်. . ဂျိုးစ်ဆိုတဲ့ကောင်က လူသတ်သမားပဲ၊ မြတ်သောမောင် ဟန်ဆောင်ထားတာဖြစ်မယ်"

ယုတ္တိမတန်သော နှင်းအောင်၏ ဝေဖန်ချက်ကြောင့် ရဲအရာရှိခေါင်းကို ခပ်ဖြည်းဖြည်း ခါလိုက်ပြီး. . .

"မဟုတ်ဘူး. . ဒီအင်္ကျီဟာ မြတ်သောမောင်ရဲ့အင်္ကျီ ဆိုပေမယ့် အဲဒီအင်္ကျီက လူသတ်ပြီး စွန်းတဲ့ သွေးစွန်းအင်္ကျီ မဟုတ်ဘူး"

"ဗျာ. ."

အရာရှိကြီး စကားကြောင့် နားရှုပ်သွားသည်။

"ဟုတ်တယ် သူ့သူငယ်ချင်းတွေရဲ့ ရန်ပွဲကို ဝင်ပြီး ဖြန်ဖြေပေးရင်းနဲ့ ဒဏ်ရာရတဲ့ လူဆီက ပေတဲ့သွေး၊ မယုံရင် ဓါတ်ခွဲခန်းမှာ စစ်လို့ရတယ်လေ"

ဒီအဖြေဟာလည်း နှင်းအောင်အတွက် စိတ်ကျေနပ်စရာအဖြေမျိုး မဟုတ်သည့်အတွက် နောက်တစ်ဆင့် စောဒကတက်၍မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတို့က ဓါတ်ပုံကိုပြပြီး မစစ်ဆေး မမေးမြန်းခဲ့ဘူးလား"

"ဓါတ်ပုံကလေး ပြရုံနဲ့ တရားခံလို့ စွပ်စွဲလို့ မရဘူးလေ၊ ဓါတ်ပုံထဲမှာပါတဲ့ အနေအထားကလည်း အမျိုးသမီးက သွေးအိုင်ထဲ လဲနေတယ်၊ အမျိုးသားတစ်ယောက်က ဓားကိုင်ပြီး ဘေးမှာရပ်နေတယ်၊ ဒီအခြေအနေက လူသတ်မှု အထမမြောက်ဘူးလေ၊ ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့ အမျိုးသမီး လက်ထဲကဓါးကို အဲဒီအမျိုးသားက လုယူပြီး ကားတာလဲ ဖြစ်နိုင်တာပဲလေ"

"ဒါဆို ဓါတ်ပုံကလည်း သက်သေမခိုင်လုံသေးဘူးပေါ့"

"သက်သေမခိုင်လုံဘူးလို့လည်း ယတိပြတ် ပယ်ချလို့ မရသေးပါဘူး၊ ခင်ဗျားမြင်သလို အမြင်မျိုးနဲ့ မြင်လို့လည်း ရပါတယ်၊ ဒါပေမယ့် မြတ်သောမောင်ကိုတော့ တရားခံလို့ တရားသေ သတ်မှတ်လို့ မရသေးပါဘူး၊ မြတ်သောမောင်သာ လူသတ်တရားခံ ဂျီ့စ်ဆိုရင် ကျွန်တော်တို့ နောက်ကွယ်ကနေ စောင့်ကြည့်ရဦးမှာပါ၊

သူ့လုပ်ရှားမှုတွေက မသင်္ကာစရာတွေ တွေ့နေရပြီ ဆိုရင်တော့ ကျွန်တော်တို့ တရားဥပဒေနဲ့အညီ အရေးယူမှာပါ၊ သူ ပြေးမလွတ်စေရပါဘူး"

ရဲအရာရှိ၏ နှစ်သိမ့်စကားက နှင်းအောင်၏ အားမလိုအားမရ ဖြစ်နေသောစိတ်တွေကို နှစ်သိမ့်မပေးနိုင်။

လူသတ်မှု ကျူးလွန်နေတာကို သူတကယ် တွေ့ခဲ့တာပဲ၊ ဒါဟာ လုံးဝကို အမြင်မှားနိုင်စရာ အကြောင်းမရှိ။

နားထဲမှာ ထိုအမျိုးသမီး၏ နာကျင်စွာ အော်ဟစ်အကူအညီ တောင်းနေသံသည်ပင် ခပ်သဲ့သဲ့ ကြားနေရသလိုလို. . .







# အခန်း(၁၉)

"ဘာယ်လို. . . ရိုးရာ၊ ကိုယ်က မင်းကို လက်ထပ်ရမယ်တဲ့လား"

ကြားရတာ. . နားကြားများ လွဲလေသလား။ ချစ်ပါတယ်ဟု ပြောဖို့ စိတ်တောင်မကူးမိသေးသော မိန်းကလေးက ကိုယ့်ကိုလက်ထပ်ဖို့ စပြီးတောင်းဆိုလာသဖြင့် ရင်ထဲမှာ ဝမ်းပဲသာရမလား၊ သံသယတွေပဲ ကြီးထွားခိုင်းရမလား၊ ဒေဝီကို လက်ထပ်ရမှာမို့ အိမ်က ထွက်လာခဲ့သည် ဆိုပါမှ ရိုးရာကလည်း သူ့ကို လက်ထပ်ပါတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . နှင်းအောင်၊ အိမ်က ရိုးရာကို သူတို့မိတ်ဆွေရဲ့ သားတစ်ယောက်နဲ့ သဘောတူနေကြပြီလေ၊ တကယ်ဆို ရိုးရာ အဲဒီလူကို ဘယ်လိုမှ လက်မထပ်နိုင်ပါဘူး၊ ချစ်လည်းမချစ်ဘူး"

"ဟင်. . ဒါဆို. . ရိုးရာက ကိုယ့်ကိုတော့ ချစ်တယ်ပေါ့၊ ဟုတ်လား. ."

လောဘတကြီး မေးလိုက်သော အမေးကြောင့် ရိုးရာ၏ နှုတ်ခမ်းဖူးဖူးလေးမှာ ရှေ့သို့ မကျေမနပ် စူထွက်လာပြီး မျက်စောင်းထေးလေး လက်ခနဲ လင်းသွား၏။

"အို. . ချစ်စရာလား၊ ဒီစပ်ဖြဲဖြဲ ရုပ်ကြီးကို"

"အယ်. . လုပ်ပြီ၊ ကိုယ့်မျက်နှာ ဘယ်မှာစပ်ပြီး ဖြဲနေလို့လဲ ပုံမှန်ပါပဲ၊ လုပ်ပါ ဖြေလိုက်ပါ၊ ရဲရဲဝံ့ဝံ့ ကိုယ့်ကိုချစ်သွားလို့လား"

"မဟုတ်ပါဘူး"

"ဒါဆို ဘာလို့လက်ထပ်ခိုင်းလဲ"

"အို. . ဒါကတော့ အကြောင်းရှိလို့ပေါ့"

"အေးလေ. . အဲဒီအကြောင်းကို သိချင်တာ"

"ဘာလဲ ရှင်က စျေးကိုင်နေတာလား"

"မဟုတ်ပါဘူး၊ ရင်တွေ ခုန်နေတာလေ၊ ရိုးရာလို လှတပတ ပြစ်မျိုးမဲ့မထင် မိန်းကလေးကို စျေးကိုင်စရာလား"

"ဘာ. . ရှင်. . ရှင်နော်၊ စကားကို ကြည့်ပြော"

"ဟောဗျာ ကြည့်ပြောနေတာပဲ၊ ဒါကြောင့် ပြစ်မျိုးမဲ့မထင်လို့ တင်စားတာပေါ့"

"ကြည့်. . ရှင် ပြောလေ ကဲလေပါလား"

"သြော်. . ခက်ပြန်ပြီ၊ ကိုယ် အမှန်တရားကို ပြောတာပါ၊ လောကမှာ မိန်းကလေးတွေရဲ့ အလှအပကို စာဖွဲ့ပြနိုင်တဲ့ အဆိုတော်ကြီး





တွေထက် ကိုယ်ကပိုပြီးတော့ မင်းရဲ့အလှကို စာဖွဲ့တတ်ပါတယ်"

လိုတာထက်ပို၍ ဖွဲ့နွဲ့ပြနေသော နှင်းအောင် စကားကြောင့် ရိုးရာမှာ ထွန့်ထွန့်လူးမတတ် ရှက်သွေးဖြာသွားကာ ဒုတိယအကြိမ်မြောက် မျက်စောင်းခတ်လက်လက်လေး ထိုးပြန်သည်။

"အဲဒါကြောင့်ပေါ့. . အဲဒါကြောင့် ရှင့်ကို လက်ထပ်မှ ဖြစ်မယ်လို့ ပြောတာ၊ တကယ်ဆို ဘယ်ယောက်ျားမှ ရိုးရာကိုယ်ပေါ်မှာ မှဲ့မရှိတာ မသိဘူး၊ ခုတော့ ရှင်က ဒီကမ္ဘာမှာ ရိုးရာအကြောင်းကို အတွင်းအကျ သိတဲ့လူ ဖြစ်နေတယ်၊ ဒီလိုလူမျိုးကိုမှ လက်မထပ်ရင် ရိုးရာက ဘယ်သူနဲ့ လက်ထပ်ရမှာလဲလို့. . ဟွန်း"



အမိပ္ပါယ်ကောက် လွဲနေသော ထင်မြင်ချက်တွေက ရင်ခုန်ရော အတိပြီး၏။

"ဘယ်လို ရိုးရာကိုယ်ပေါ်မှာ. . မှဲ့. . မှဲ့ မရှိဘူး၊ ဟုတ်လား"

"အို. . ကြည့် သူပဲ ပြစ်မျိုးမဲ့မထင် ဆိုပြီးတော့ ဒါကို အငမ်းမရ ဘာမေးနေရသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဗုဒ္ဓေါ"

စိတ်ထဲမှ ခပ်တိုးတိုး တလိုက်ခြင်း ဖြစ်သည်။

ကိုယ်ပြောသည့် ပြစ်မျိုးမှဲ့မထင်ဆိုတာ သူ့ရဲ့အလှက ဥမ္မာဒန္တီလို ပြစ်မျိုးမှဲ့မထင် အလှမျိုးဟု တင်စားလိုက်ကာ. . .

သူပြောသလို သူ့ကိုယ်ပေါ်မှာ မှဲ့တစ်စက်မှ မရှိတာကိုမှ မသိတာ၊ ရေချိုးခန်းထဲမှာ မြင်ရသည် ဆိုပေမယ့် ကိုယ်ကိုယ်တိုင်က ရဲရဲတောင် မကြည့်ခဲ့မိတာ မဟုတ်လား။

"ဆော. . ဆောရီးနော်၊ မင်းရှက်နေရင် ကိုယ် မပြောတော့ပါဘူး၊ ပြစ်မျိုးမှဲ့မထင်လေးရယ်"

ဖြစ်နိုင်မယ်ဆိုရင် ဂျို့စ်ဆိုတဲ့ လူယုတ်မာကောင်ရဲ့ ရင်ခွင်ကို ခြေစုံကန်ပြီး ကိုယ့်ရင်ခွင်ကို ကူးလာလှည့်ပါ။ ကိုယ် မင်းကို နွေးထွေးစွာ ကြိုဆိုပါ၏။

"ဘယ်လိုလဲ ရှင် ရိုးရာကို လက်ထပ်မယ် မဟုတ်လား"

"ထပ်. . ထပ်မှာပေါ့၊ အမှန်အတိုင်း ပြောရမယ်ဆိုရင်လေ. . ကိုယ်က ရိုးရာကို ရေချိုးခန်းမှာ စတွေ့ကတည်းက ချစ်သွားတာ. . ဟဲ. . ဟဲ"

"အို. . ရှင်နော်"

ရိုးရာ၏မျက်နှာလေး ပန်းရောင်ရင့်ရင့် ဖြစ်သွားသည်။

"တကယ်ပြောတာ. . မင်း အဲဒီတုန်းက တော်တော်လေးကို လှတယ်"

"ကြည့်. . ဒါဆို ခု မလှဘူးပေါ့"

"ခုက အကျီတွေဝတ်၊ အဲ. . အဲ. . ဟုတ်သေးပါဘူး. . ဘာတွေ လျှောက်ပြောမိမှန်း မသိတော့ပါဘူး"

ကိုယ့်ကိုယ်ကိုယ် ဘရိတ်အမြန်အုပ်လိုက်သည်။





"ရှင်နော်. . ပြောလေ ကဲလေပါလား၊ မိန်းကလေးကစပြီး လက်ထပ်ဖို့ ပြောလိုက်လို့ မာန်တက်မသွားနဲ့၊ အရှင်းဆုံး ပြောရရင် အဲဒီတုန်းကသာလေ၊ ရှင်မဟုတ်ပဲ တခြားသူဆိုရင်လည်း အဲဒီသူကိုပဲ လက်ထပ်ဖြစ်မလားပဲ"

"ဗျာ. ."

နည်းနည်းတော့ အောင့်သက်သက် နိုင်သွားမိသည်။

"ဒါဆို ရိုးရာက ကျွန်တော့်ကိုချစ်လို့ လက်ထပ်ခိုင်းတာ မဟုတ်ဘူးပေါ့"

"အို. . ဝေးပါသေးတယ်၊ ဟွန်း. . ရှင်က ရိုးရာရဲ့ပုံစံကို မြင်ထားပြီးမှ တခြားသူနဲ့ လက်ထပ်လိုက်ရင် တစ်ဘဝလုံး အရှက်တွေနဲ့ ရိုးရာ ဘယ်လိုလုံခြုံတော့မလဲ"

"ဩော်. . ဒါဆိုရင် မင်းကို ရေချိုးခန်းထဲမှာ မြင်ဖူးသွားလို့ ကိုယ့်ကို ရွေးချယ်လိုက်တာပေါ့၊ ဟုတ်လား"

"အင်း. . ဟုတ်တယ်"

"ဒါဆို အဲဒီတုန်းက ကိုယ့်အပြင် နောက်ထပ် နှစ်ယောက်သုံးယောက်လောက်ပါ အတူလာပြီး မင်းရေချိုးနေတဲ့ပုံ. . အဲ. . မိမွေးတိုင်း. . ဖမွေး. ."

"တော်ပါတော့၊ ဒါပဲ ပါးစပ်အရသာခံပြီး ပြောနေတော့တာပဲ၊ စိတ်ညစ်ပါတယ်"

အရှက်သည်းစွာ ဟန့်လိုက်သော စကားက လမ်းခုလတ်မှာ တန့်သွားသည်။

"ဟုတ်ပါပြီ. . မင်းရှက်နေရင် အဲဒါကို ဝှက်ပြီး ပြောပါ့မယ်ဟိုလေ. . တစ်ယောက်ထဲ မဟုတ်ဘဲ သုံးယောက်လောက် ဖြစ်နေရင်ရော အဲဒီသုံးယောက်စလုံးကို လက်ထပ်မှာလား"



www.burmeseclassic.com

www.burmeseclassic.com



ထိုအမေးကြောင့် ရိုးရာ ဆွေ့ဆွေ့ခုန်သွားသည်။

"ရှင်. . ရှင်နော်၊ စကားကို ကတ်ဖွဲ့မပြောနဲ့သိလား၊ နှမချင်း ကိုယ်ချင်းစာစမ်းပါ"

တကယ်စိတ်ဆိုးသွားမှန်သိတော့ နှင်းအောင် သွားဖြဲလေးနှင့် ရယ်လိုက်ပြီး. . .

"သဘောကို ပြောတာပါ"

"အို. . သဘောမပြောနဲ့၊ ကြောပြီးတော့လည်း မပြောနဲ့. . တော်ပြီ ရှင်နဲ့ လက်မထပ်တော့ဘူး၊ သီလရှင်ပဲ ဝတ်တော့မယ်"

"ဟာ. . အဲ. . အဲလိုတော့ ပြောပြီးသား စကားကို ပြန်ပြင်လို့ မရဘူးလေ၊ ကိုယ်က မင်းကိုချစ်တာ၊ မင်းက ကိုယ့်ကို အရှက်တရား ကြောင့် လက်ထပ်တာ၊ ခံစားချက်ချင်းယှဉ်ရင် ကိုယ်ကပိုပြီး အင်အား ကြီးတယ်"

ပြောရင်းဖြင့် နှင်းအောင်၏လက်က မြန်မြန်ဆန်ဆန်ပင် ရိုးရာ ၏ကိုယ်လေးကို သိမ်းကျုံးပွေ့ဖက်လိုက်သည်။

"ချစ်တယ်. . ကိုယ်မင်းကို အရမ်းချစ်တယ်ကွာ"







# အခန်း(၂၀)

"ဒီမှာ. . ဒီမှာ. ."

ခြံထဲရှိ ဒရင်းဘက်ပေါ်တွင် အိပ်ပျော်နေသော နှင်းအောင် ကို ရိုးရာ နှိုးနေခြင်း ဖြစ်သည်။ ဘသားချောက အေးရာအေးကြောင်း အိပ်စက်အနားယူနေပုံများ အလုပ်မရှိ အကိုင်မရှိ တစ်ရေ့ကိုး တစ်ရေ့ တစ်ဆယ်လိုပင်. . ရိုးရာ အထင်သေးစွာဖြင့် ရှုံ့ချလိုက်သည်။

"ဟော့လူ. . ထ. . ထစမ်းပါဦး"

ကင်မရာကြီးပိုက်ပြီး အိပ်ပျော်နေသော နှင်းအောင်၏ လက် မောင်းကို ခတ်ဆတ်ဆတ်ရိုက်၍ ပုတ်နှိုးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း . . မလွယ်ဘူးကွာ၊ ဒီက မင်းကို တကယ်ချစ်တာပါ ရိုးရာရယ်၊ ကိုယ့်ချစ်သူကို ကိုယ်ဖက်တာပဲ . . ဖိမ်ရှိရှိ ဖက်ပါရစေ"

"ဟင် . . ဘုရားရေ၊ ဒီ . . ဒီလူတော့"

ယောင်နေတာလား၊ တမင် အိပ်ချင်ဟန်ဆောင်ပြီး သွယ်ဝိုက်၍ ရည်းစားစကား ပြောနေခြင်းလား၊ ရိုးရာကို ချစ်ကြောင်းတော့ ဒဲ့ ပြောနေသလိုပင်။

ဘေးမှာရပ်ပြီး နိူးတဲ့သူတောင် မျက်နှာပူချင်လာ၏။

"ဟော့လူ . . ထ . . ထစမ်းပါဦး"

ခပ်ကြမ်းကြမ်း လှုပ်နှိုးတော့မှ နှင်းအောင် ဆတ်ခနဲ မျက်လုံး ပွင့်လာ၏။

"ဟင် . . ရိုး . . . ရိုးရာ"

"ဟုတ်တယ်၊ ရှင် တဆိတ်မလွန်လွန်းဘူးလား"

"ဗျာ . . လွန်တယ်ဟုတ်လား၊ ဘာကို လွန်တာလဲ၊ အိပ်မက် မက်နေတာကွာ၊ ကောင်းခန်းရောက်မှ . . ."

အိပ်ချင်မူးတူးဖြင့် မျက်လုံးတွေကို ပွတ်သပ်ပြီး မချိတင်ကဲ ညည်းလိုက်သည်။

"ဘာ ကောင်းခန်းရောက်မှလဲ၊ ရှင့် အိပ်မက်ထဲမှာ ရိုးရာ ပါ တယ်မဟုတ်လား၊ ဟွန့် . . ."

မျက်စောင်းဝင့်ကာ မကျေမနပ်နှင့်ပြောသော ရိုးရာကို အားနာပါးနာ မော့ကြည့်ပြီး ဒရင်းဘက်ပေါ်မှ ထလိုက်သည်။

"ဟုတ်တယ် အိပ်မက်ထဲမှာ မင်းနဲ့ကိုယ်နဲ့ ချစ်သူတွေ ဖြစ် သွားကြပြီလေ၊ အနမ်းတွေ အပြိုင်အဆိုင် ဖလှယ်နေကြတာ လုံးဝဖီးလ် ပဲ"

ပြောကောင်းကောင်းနှင့် ပြောနေသော နှင်းအောင်စကား





ကို ရိုးရာ ဆက်နားမထောင်ရဲတော့၊ သူမလည်း စိတ်တွေ လှုပ်ရှားစ ပြုနေပြီပဲ။

"အို တော်ပါတော့ . . ပါးစပ်အရသာ ခံနေလိုက်တာ၊ ရိုးရာ လာတာ ရှင့်ကို မေးစရာရှိလို့"

"မေးပါ ဘာမေးမှာလဲ"

"ရှင် သိပ်အားနေသလား"

ခပ်ရွဲ့ရွဲ့အမေးကို နှင်းအောင် သိပ်သဘောမပေါက်။

"ဩော် . . ဘာလဲ၊ ရုပ်ရှင် သွားကြည့်မလို့လား . . အားတယ် လေ . . ဟဲ . . ဟဲ . . ဟဲ"

"အဲဒါကို ပြောတာမဟုတ်ဘူး"

အသံခတ်ဆတ်ဆတ်ဖြင့် အော်လိုက်၍ . . နှင်းအောင် အူကြောင်ကြောင်ဖြင့် ရိုးရာကိုကြည့်သည်။ စောစောက အိပ်မက်ထဲက ရိုးရာနှင့် အခု အပြင်မှာ မြင်နေရသော ရိုးရာ တခြားစီဟု နှမြောစွာ တွေးလိုက်သည်။

တကယ်ဆို သူက လူသတ်သမားနှင့် ကြုံရာပါပဲ၊ ဒီလိုမိန်းက လေးမျိုးကိုမှ ချစ်မိသွားတဲ့ ကိုယ့်ကိုယ်ကိုယ် နာရင်းသာ အချက်တစ် ရာလောက် ပြန်အုပ်လိုက်ချင်တော့၏။

"ဒါဆို ဘာကိုပြောတာလဲ"

"စခန်းမှာ မဟုတ်ကဟုတ်က လုပ်ဇာတ်တွေ သွားခင်းပြီး အမှု သွားဖွင့်တာ ရှင်မဟုတ်လား"

ဒဲ့မေးလာတော့ ယောက်ျားပီပီ ဒဲ့ပင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် တာဝန်သိ ပြည်သူတစ်ယောက်အနေနဲ့လေ . . အပုပ်နံ့ကလည်း ဟောင်နေတာကိုး"

"အို အဲဒီအပုပ်နံ့က ရှင့်ယောက်ဖကြောင်တွေက ခေါင်မိုး



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကျက်ထဲ ဝင်သေနေတာကိုး၊ သေတာမှ အဖော်အပေါင်းနဲ့ ကို သေကြတာ. . သုံးကောင်ကြီးများတောင်"

"ဟုတ်. . ဟုတ်လား. . သွေးသောက် ညီအစ်ကိုတွေမို့ တစ်ယောက်ထဲ မသေဘဲ အားလုံးလိုက်သေကြတာ ဖြစ်မယ်"

ကိုယ့်အပြစ်နှင့်ကိုယ်မို့ ထောင်တန်သည့်စကား ရယ်ပေါ့ပစ်လိုက်ခြင်း ဖြစ်သည်။

"ရှင် မနောက်နဲ့"

"မနောက်ပါဘူး၊ အတည်ပြောတာပါ"

"မြတ်သောရဲ့ သွေးစွန်းနေတဲ့ အင်္ကျီကိုလည်း ရှင်ခိုးသွားတယ် ပြီးတော့ သက်သေခံပစ္စည်းအနေနဲ့ စခန်းကို အပ်လိုက်တယ်၊ ဒါ ဘာသဘောလဲ. . ရှင့်မှာ ဘာအကြံတွေ ရှိသလဲ"

"ဘာအကြံမှ မရှိဘူး၊ အမြင်မတော်လို့ ဝင်ပြီးပါရတဲ့ တာဝန်သိ ပြည်သူတစ်ယောက် သက်သက်ပဲ"

"ရှင် အမြင်မတော်ရအောင် ရိုးရာတို့က ဘာလုပ်နေလို့လဲ"

"အဲဒါကတော့ ကာယကံရှင်ပဲ သိမှာပေါ့၊ ကိုယ်ကတော့ မျက်မြင်သက်သေပဲ ရှိတယ်၊ ဒါပေမယ့် ကိုယ်ကျိုး တစ်ခုမှမပါဘူး၊ လူဆိုတာ အမှားနဲ့ မကင်းကြပါဘူး၊ ဒါပေမယ့် အကြီးကြီး မမှားအောင်တော့ ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်သင့်တယ်၊

အထူးသဖြင့် ကိုယ်သိပ်ချစ်မိသွားတဲ့မင်းကို လုံးဝ အပြစ်ကင်းစင်တဲ့ မိန်းကလေး တစ်ယောက်အဖြစ်ပဲ မြင်ချင်တယ်၊ အမှားဆိုတာ သိရင် အမှန်ကိုပြင်ဖို့ မခက်ပါဘူး"

နှင်းအောင် ဘာတွေပြောနေသည်ဆိုတာ ရိုးရာ ဘယ်လိုမှနားမလည်နိုင်ပါ။

"ရှင် ဘာတွေပြောနေတာလဲ၊ ရိုးရာက ဘာအမှား လုပ်မိလို့လဲ





တကယ်တမ်း အမှားလုပ်တာက ရှင်လေ၊ ကိုယ်နဲ့ မဆိုင်တဲ့ကိစ္စတွေမှာ မယောင်ရာ ဆီလိုက်လူးနေတာ၊ ပြီးတော့. . တလွဲ"

"ဟော့. . နှင်းအောင် ဧည့်သည်ရောက်နေတာလား၊ အိမ်ထဲခေါ်လေကွာ ခြံထဲမှာ မကောင်းပါဘူး"

ခြံထဲကို ကားမောင်းဝင်လာသော လင်းအောင် ရိုးရာကိုမြင်တော့ ဧည့်သည်ဟုထင်ကာ အိမ်ထဲခေါ်ခိုင်းနေသဖြင့် ရန်တွေ့နေသော ရိုးရာ၏ မကျေနပ်မှုတွေ ဘရိတ်အနည်းငယ် အုပ်သွားသည်။

"ကဲ. . ကြားတယ်နော်၊ အဲဒါ ကိုယ့်ရဲ့အစ်ကို အင်ဂျင်နီယာ လင်းအောင်၊ လာ. . ဝင်ပါ၊ အထဲရောက်ရင် မိတ်ဆက်ပေးမယ်"

"မလိုပါဘူး၊ ရှင့်အိမ်ထဲ ဝင်လည်းမဝင်ချင်ဘူး၊ ဒီကိစ္စကို ရှင် နှုတ်ပိတ်ထားပါ၊ မရပ်ရင် ရိုးရာအဆိုးမဆိုနဲ့"

သူပြောချင်ရာပြောပြီး ချာခနဲ လှည့်ထွက်သွားသည်။

ရိုးရာ၏ နောက်ကျောပြင်ကို ငေးကြည့်ကျန်ခဲ့ရင်း နှင်းအောင် လေပူတစ်ချက်ကို ဖူးခနဲ မှုတ်ထုတ်လိုက်သည်။

ဒီအရှုပ်ထုပ်ဇာတ်လမ်းထဲမှာ မင်းကိုမပါစေချင်တာ ငါ့ရဲ့ အဖြင်းပြဆုံး ဆန္ဒတစ်ခုပါ ရိုးရာ၊ ငါက မိန်းကလေးတွေကို ချစ်ခဲ့ပါတယ်၊ မင်းနဲ့ကျမှ ငါ့နှလုံးသားတွေ ပြောင်းဆန်အောင် လှုပ်ခတ်ခဲ့ရတာပါ။

အရင်ကတည်းက မင်းကိုချစ်မိနေခဲ့တာ. . ခုလို အိပ်မက်မျိုးမက်လိုက်တော့ အိပ်မက်တွေထဲက အနမ်းအချို့က ကိုယ့်ရင်ထဲက အချစ်တွေကို ပိုမိုခိုင်မာစေတယ်လေ။

ဂျို့စ်ရဲ့ရင်ခွင်ထဲက မင်းရုန်းထွက်ပြီး ကိုယ့်ရင်ခွင်မှာ ထာဝရ ခိုလှုံပါတော့။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၁)

"ခင်ရိုးရာ"

"ရှင်. . မာမီ"

"ဒါ ဘယ်ကပြန်လာတာလဲ"

"စံရိပ်ငြိမ်ကလေ"

"ညည်းတို့မောင်နှမတွေ စံရိပ်ငြိမ်အိမ်ကိုပဲ သွားနေကြပါလား ဘာတွေ ကြိတ်ကြဲနေကြလည်း"

"ဘာမှ ကြိတ်မကြဲပါဘူး မာမီရယ်၊ ဆရာက နောက်စီးရီးမှာ





ရိုးရာကို ထည့်သုံးမှာမို့ အဲဒီမှာသွားပြီး လေ့ကျင့်နေကြတာပါ"

သားရော သမီးရော ရုပ်ရှင်ဝါသနာရှူးတွေမို့ ရိုးရာ၏အမေ ဒေါ်ခင်ပြုံးရွှင် ဘာမှထွေထွေထူးထူး ထပ်မပြောတော့၊ ကိုယ်ကိုယ်တိုင်က ရုပ်ရှင်ဝါသနာအိုး ဖြစ်ခဲ့သည်မို့ သားနှင့်သမီးကို ထွန်းထွန်းပေါက်ပေါက်တော့ ဖြစ်စေချင်သည်။

ဒါကြောင့်လည်း သရုပ်ဆောင်သင်တန်းတက်ဖို့ကို ခွင့်ပြုလိုက်ခြင်း ဖြစ်သည်။

သားရော သမီးရော ရုပ်အဆင်းတွေ တင့်တယ်နေပြီးသားမို့ ကံလေးသာကောင်းကြည့် အောင်မြင်သော သရုပ်ဆောင်ကောင်းတွေ ဖြစ်ကြမှာ မလွဲ။

"ဒါပေမယ့် မာမီတစ်ခုတော့ မှာချင်တယ် ရိုးရာ"

"ဘာလဲ မာမီ"

"စံရိပ်ငြိမ်က မာမီတို့ တစ်ဦးတည်း ပိုင်တာမဟုတ်ဘူးနော်၊ အမွေဆိုင်အိမ်ကြီး ဖြစ်နေတဲ့အတွက် ကိုယ့်ကြောင့် ဘာပစ္စည်းမှ မချို့ယွင်း မပျက်စီးစေနဲ့"

မာမီသတိပေးမှ ဟိုနေ့ကပဲ စတိုခန်း၏ ကျွန်းတံခါးကြီးကို ရဲတွေက ဖျက်ဆီးပစ်ခဲ့ပြီးပြီ၊ အဲဒီကိစ္စသာသိလျှင် မာမီစိတ်ပူပြီး ရိုးရာတို့မောင်နှမတွေကို စံရိပ်ငြိမ်ကို ပေးသွားတော့မည်မဟုတ်။

ထို့ကြောင့် ဘာမှမပြောတော့ဘဲ ဘဘကြီးတို့ မာမီတို့ မသိအောင် လက်သမားတစ်ယောက်လောက်ခေါ်ပြီး ပြင်ခိုင်းလိုက်လျှင် ဖြစ်တာပင်။

"ဟုတ်ကဲ့ပါ မာမီ၊ ရိုးရာတို့ကြောင့် ဘာမှမပျက်စီးစေရပါဘူး"

"အေးလေ. . အချိန်တွေကို တန်ဖိုးရှိရှိ အသုံးချပြီး လွတ်လပ်မှုကို သမမျှတအောင် သုံးပါလို့ပဲ မာမီပြောချင်တယ်၊ နောက်ဆုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှဖြစ်မလာဘဲ ဂိန်းမသွားဖို့ ကြိုးစားရမှာက သမီးရဲ့တာဝန်ပဲ၊

မာမီကတော့ သားသမီးတွေရဲ့ ဝါသနာတွေ ဆန္ဒတွေကို ငွေကြေးနဲ့ ဖြည့်ဆည်းပေးနိုင်တာကလွဲပြီး ဂိုက်လိုင်းမပေးတတ်ဘူး၊ ပွဲရုံကိစ္စလည်းတစ်ဖက်ဆိုတော့ မင်းတို့ကို လှည့်မကြည့်နိုင်ဘူး”

“စိတ်ချပါ မာမီ၊ ရိုးရာတို့မောင်နှမတွေ မာမီစိတ်အနှောင့်အယှက်မဖြစ်အောင် နေပါ့မယ်”

မာမီစိတ်ကျေနပ်အောင် ကတိပေးလိုက်ရပေမယ့် မြတ်သောကတော့ နည်းနည်းပြဿနာရှာချင်သည်။ ယောက်ျားလေးဖြစ်သည်ကတစ်ကြောင်း အပေါင်းအသင်း များသည်ကတစ်ဖုံမို့ ရန်ပွဲလေးတွေကို မကြာခဏ ဖန်တီးတတ်သူ ဖြစ်သည်။

ဒါ့အပြင် မိန်းမရှုပ်သူဖြစ်ပြီး နေပုံထိုင်ပုံ ဂျစ်ပစီဆန်လွန်းကာ ထင်သလို နေတတ်သည်မို့ သူ့အတွက်တော့ စိတ်ပူရသည်။

နို့မို့ဆိုလျှင် ရိုးရာရထားသည့် အခွင့်အရေးလေးတွေပင် မြတ်သောကြောင့် ပိတ်သွားနိုင်သည်။







# အခန်း(၂၂)

ဂင်မရာထဲမှ ဓါတ်ပုံကို ပုံကြီးချဲ့ပြီးပြန်လာသော နှင်းအောင်သည် သူ့ထံသို့ အန္တရာယ် တစ်စုံတစ်ရာပေးဖို့ လူတစ်စု စောင့်နေသည်ဆိုတာ နည်းနည်းလေးမှ မရိပ်မိ။

သူ့ခေါင်းထဲမှာ ဓါတ်ပုံထဲမှ လူသတ်တရားခံဟာ ဘယ်သူလဲဆိုတာ သိချင်စိတ် ပြင်းပြနေသည်မို့ ဘေးဘီဝဲယာကိုလည်း သိပ်စိတ်မဝင်စား။

သူသိချင်တာ လူသတ်တရားခံ ဂျို့စ်ကို ဖော်ထုတ်ဖို့အတွက်

www.burmeseclassic.com



ပဲရှိသည်။ ထိုပြင်းပြသော ဆန္ဒကြောင့် တစ်စုံတစ်ယောက်က ဒုက္ခပေးတော့မှာပါလားဆိုတာကိုပင် မတွေးမိ။

ခါတ်ပုံဆိုင်ထဲက ပြန်ထွက်လာကတည်းက ကားတစ်စီး သူ့နောက်ကို မသိမသာလိုက်နေ၏။ လူပြတ်သော လမ်းသွယ်ထဲသို့ ချိုးကွေ့ဝင်လိုက်သည်နှင့် အနက်ရောင်ကားမှာ အရှိန်ဖြင့် ထူးခနဲ မောင်းချလာသည်။

ကျယ်လောင်သောကားစက်သံကြောင့် နှင်းအောင် အနောက်သို့ လှည့်ကြည့်လိုက်သည်။

ဘာကားမို့ ဒီလောက်အရှိန်မြှင့်ပြီး မောင်းနေရသလဲပေါ့။

ကားက နှင်းအောင်ရှိရာဘက်သို့ အရှိန်ပြင်းပြင်း မောင်းချလာသဖြင့် လန့်သွားသည်။

ပတ်ဝန်းကျင်မှာလည်း နှင်းအောင်တစ်ယောက်ထဲ ဖြတ်လမ်းက ပြန်လာမိသည်ကသာလျှင် ကိုယ့်သေတွင်းကိုယ် တူးမိသလို ဖြစ်နေ၏။

ဘေးကို ပတ်ရှောင်ပြေးရအောင်လည်း ပုဏ္ဏရိပ်ပန်းခြံတွေ စီတန်းနေသော လမ်းဘေးတစ်လျှောက်မှာ ပြေးစရာလမ်းမရှိ. . .။

ကားက တဖြည်းဖြည်း နီးလာပြီမို့ ဒါဟာ ငါ့ကိုလုပ်ကြံတာဟု သတိဝင်လာကာ ခေါင်းမွှေးတွေပင် ထောင်ထရလောက်အောင် စိတ်တွေလှုပ်ရှား၍သွားသည်။

“ဘုရား. . ဘုရား. . ဒါ လူသတ်သမားပဲ ဖြစ်ရမယ်၊ သူ့ကိစ္စတွေ ဝင်ရှုပ်နေလို့ လိုက်ပြီးနှုတ်ပိတ်တာနေမှာ. . .”

သွေးရူးသွေးတန်းနှင့်တွေးကာ ပြေးပေါက်ပိတ်နေသော ကိုယ့်အဖြစ်က ကားတိုက်ခံရမည့် သေရတော့မည့် အခြေအနေ. . .။

လူက ကြံရာမရတော့သည့်အဆုံး နောက်ဆုံး ထွက်ပေါက်





တစ်ခုအနေနှင့် အနီးရှိ လမ်းမီးတိုင်ပေါ်ကို ဆွေ့ခနဲ တွယ်တက်လိုက်သည်။

“ကျွိ. . .”

ခါတ်တိုင်ပေါ် တွယ်ဖက်တက်လိုက်သဖြင့် ကားမှာ ကျွိခနဲ ရပ်လိုက်ပြီး ရှေ့ခန်းမှန်တံခါး လျှောခနဲ ပွင့်သွားသည်။

“သေမှာကိုကြောက်လို့ ခါတ်တိုင်ပေါ် ပြေးတက်တဲ့ ဒီဇိုင်းက တိရိစ္ဆာန်ရုံထဲက မျောက်တစ်ကောင်လိုပါပဲလား ဟား. . ဟား. . ဟား”

“မျောက်ကြီး. . မျောက်ကြီး. . ခါတ်တိုင်ပေါ် ခုန်တက်တဲ့ မျောက်ကြီး. . ဝါးဟား. . ဟား. . ဟား”

ကားပေါ်မှ ဝိုင်းလှောင်ကြသော လူရမ်းကားလေးတစ်စုကို ခါတ်တိုင်ကို ခွဖက်ထားရင်းမှ ဖရိုဖရဲ လှည့်ကြည့်ပြီး. . .

“ဟောကောင်တွေ မင်းတို့ ဘာကောင်တွေလဲကွ”

ဘာရယ်မဟုတ် လူရှိန်အောင် အော်ထုတ်ခြင်းပါ။ ခုချိန်မှာတော့ ကိုယ်က သူတို့လက်ခုပ်ထဲကရေ။ အပေါ်ဆက်တက်မရ. . အောက်ပြန်ဆင်း၍လည်း မဖြစ်သော အခြေအနေမို့ နှင်းအောင်၏ တိုးရိုးကားယားပုံစံက အများအမြင်မှာ ရယ်ချင်စရာ. . .

ကယ်ကြပါဦးလို့ ဘေးပတ်ဝန်းကျင်အိမ်တွေကို အော်ဟစ်အကူအညီတောင်းပြန်တော့လည်း ကိုယ့်သတ္တိမရှိရာ ကျမည်။

“နောက်တစ်ခါဆိုရင် ကိုယ်နဲ့မဆိုင်ဘဲ ဝင်ပြီးပါချင်တဲ့ မျောက်ကြီးကို တစ်ခါတည်း အသေလျှော့ပြီး ဦးနှောက်ဖောက်စားပစ်မယ် ကြားလား”

“ကဲကွာ. . ဒီတစ်ခါ ဒီအုတ်ခဲကျိုးလေးကို အရင်မြည်းလိုက်”

“ခွပ်. .”

“အောင်မလေးဗျ”



www.burmeseclassic.com

www.burmeseclassic.com



ပြောတဲ့သူကပြော ပစ်တဲ့သူကပစ်မို့ အုတ်ခဲကျိုးတစ်ပိုင်းက ခါတ်တိုင်ပေါ် ခွတက်နေသော နှင်းအောင်၏ ခေါင်းကို ခွပ်ခနဲ မြည်သွားစေသဖြင့် နှင်းအောင် နာကျင်စွာ အော်လိုက်သည်။

ခေါင်းမှသွေးတွေ ဖြာခနဲ ဆင်းကျလာသည်။

ကားနက်ကြီးပေါ်မှ လူရမ်းကားတစ်စုကတော့ ကျေနပ်အားရစွာ အော်ဟစ်မြူးကြွသွားကာ ကားကို ခါတ်တိုင်နားမှ ဝူးခနဲ မောင်းထွက်သွားသည်။

နှင်းအောင် မျက်လုံးတွေ ပြာဝေလာကာ. . လူက ခါတ်တိုင်ပေါ်မှ ပြုတ်ကျမတတ်။







# အခန်း(၂၃)

"ဟား. . ကျွတ်. . ကျွတ်. . ကျွတ်"

မှုးရိပ်ရိပ် ခံစားမှုနှင့်အတူ လေးလံနေသော မျက်ခွံတွေကို ခပ်ဖြည်းဖြည်း ဖွင့်ကြည့်လိုက်သည်။

"ကဲ. . ဘယ်လိုလဲ၊ သကြားပုလင်း နှင်းအောင်၊ ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စကို အလွတ်စုံထောက် လိုက်လုပ်တာ ဒီတစ်ခါ ခေါင်းခွဲခံရတဲ့အလှည့်၊ နေယက်တစ်ခါ ဆိုရင်တော့ ဒုက္ခိတဖြစ်ရင်ဖြစ်. . မဖြစ်ရင် တစ်ခါတည်း အသက်ထွက်ဖို့ပဲ ရှိတော့တယ်. . သိလား"



www.burmeseclassic.com

www.burmeseclassic.com






အစ်ကိုဖြစ်သူ၏ ခပ်ငေါ့ငေါ့စကားကြောင့်. . နှင်းအော
ခတ်ယဲ့ယဲ့ ပြုံးလိုက်သည်။

"အံမယ်. . မင်းက ပြုံးနိုင်သေးတယ်ပေါ့ ဟုတ်လား"

"လူသတ်တရားခံကိုလိုက်ဖို့ ကွင်းဆက်က ခုမှချိတ်မိတာ ကို
ရ. . ."

"အောင်မလေး. . ဒါတောင် အရိုးက တွန်ချင်နေသေးတ
ဟုတ်လား၊ ခုတောင် မသေကောင်း မပျောက်ကောင်း၊ ဟိုဘက် စံ
ငြိမ်က ခင်ရိုးရာသာမကယ်ရင် မင်းတော့ သွေးထွက်လွှတ်ပြီး သေ





လောက်ပြီ"

"ဘာ. . ဘယ်လို ရိုးရာတွေ့လို့ ကယ်လာတာ. . ဟုတ်လား"

"ဟုတ်တယ်၊ ဓါတ်တိုင်ခြေရင်းမှာ လေးဘက်ထောက်ကြီးတို
သတိလစ်နေတာတဲ့"

"ဗျာ. . လေးဘက်ထောက်ကြီး ဟုတ်လား၊ ဟာဗျာ. . ကိုတို
ကလည်း အဲ့လို ပုံဆိုးပန်းဆိုးကြီးတော့ မဟုတ်လောက်ပါဘူး"

"အံမယ်. . ခုမှ ရှက်နေသေးတယ်၊ မင်းက အဲဒီလမ်းထဲ ဘယ်
လိုရောက်သွားတာလဲ"

"ဒီလိုပဲ အပြင်ကပြန်လာတာ၊ အဲဒီလမ်းက ဖြတ်ရင် ပိုနီးမလား
လို့ ပြန်ကြည့်တာ"

"ဟွန်း. . ခုပြန်ကြည့်တော့ လေးဘက်ထောက်ကြီး ခံလိုက်
တယ် မဟုတ်လား၊ ခင်ရိုးရာကလည်း မင်း အဲလိုဖြစ်တာကို ဓါတ်ပုံ
ရိုက်ပြီး ငါ့ကိုပြတယ်"

"ဗျာ. . အား. . အား. . ကျွတ်. . ကျွတ်"

အရှိန်မြှင့်၍ ဗျာလိုက်သဖြင့် ခေါင်းမှဒဏ်ရာက ဆစ်ခနဲ န
ကျင်သွားသည်။

"သူ. . သူက ဘာလို့ဓါတ်ပုံရိုက်ရတာလဲ၊ ကျွန်တော် ခံလိုက်
တာကို ဂုဏ်ပြုတဲ့အနေနဲ့လား၊ ဟမ်. . ဒီကိစ္စက သူနဲ့လည်းဆိုင်တယ်
သူလည်း ကြံရာပါဖြစ်နိုင်တယ်၊ အခု ကျွန်တော့်ကို ဆော်သွားတာ
သူ့ရဲ့အကောင် ဂျို့စ်လေ၊ သူ လူသတ်တာကိုမြင်တဲ့ မျက်မြင်သက်
သေက ကျွန်တော်မို့လို့ ကျွန်တော့်ကို လိုက်ပြီးနှုတ်ပိတ်နေတာ"

"ကျွတ်. . ပြောရခက်ပါလား နှင်းအောင်ရယ်၊ အဲဒါ မင်း
ဆိုင်ဘူးလို့ ငါ ဘယ်နှခါပြောရမလဲ၊ ဟမ်. . . အဲလို မဆိုင်တာတွေ
လျှောက်လုပ်လို့ ငါ့ပစ္စည်းတွေရော ငွေတွေရော အခိုးခံရ မင်းလည်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကွဲရ၊ နောက်ဆက်တွဲ ဘာတွေ ဆက်ဖြစ်ဦးမယ်ဆိုတာ မသိသေးဘူး"

"အို. . ဘာပဲဖြစ်ဖြစ် နောက်ကိုတော့ ပြန်မဆုတ်ဘူး၊ တိုးချင်းတိုး ရှေ့ကိုပဲ ဆက်တိုးမယ်၊ အဲဒီ ဂျို့စ်ဆိုတဲ့ကောင် နာမည်ပဲကြားဖူးတာ၊ လူချင်းတွေ့လို့ကတော့ ကုပ်ကဆွဲပြီးတော့ ပေတရာလမ်းမပေါ် အချက်တစ်ရာလောက်ကို လွှဲရိုက်ပစ်ဦးမယ်"

လောလောဆယ် ကိုယ်ခံနေရသည်ကိုမေ့ပြီး. . ဂျို့စ်အပေါ် ကောင်းကောင်းကျိန်းဝါးလိုက်သည်။

လင်းအောင် ခွီးခနဲ ရယ်လိုက်သည်။







# အခန်း(၂၄)

"နှင်လုပ်ပုံက လုံးဝမဟုတ်ဘူး မြတ်သော"

"ဘာကိုမဟုတ်ရမှာလဲ ရိုးရာ၊ ငါ လုပ်သင့်လုပ်ထိုက်တာကို လုပ်တာလေ"

"အေး. . . ဟိုလူ့ကို ငါသာမကယ်ခဲ့ရင် သေပြီသိလား၊ ခုလောက်ဆို နှင်လည်း ထောင်ထဲ ရောက်နေပြီ"

"ငါကိုယ်တိုင် ကျူးလွန်တာမှ မဟုတ်တာ၊ ငါ့ဘော်ဒါတွေကို ခိုင်းလိုက်တာ၊ ဒီကောင်တွေ လက်လွန်သွားတာတော့ ငါလည်း မသိ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ငါက နည်းနည်းပညာပေးရုံလောက်လေးပဲ လုပ်ခိုင်းတာ"

"နင့်ကို မာမီနဲ့တိုင်မယ်. . နင် တနေ့တခြား ဆိုးသွမ်းလာပြီ၊ ငါ့မှာ နင့်ကိစ္စကိုပဲ လိုက်ရှင်းနေရတာ"

မောင်နှမနှစ်ယောက် အခြေအတင် ဖြစ်နေကြသည်။ အမြဲတမ်း ပြဿနာရှာတတ်သည့် မြတ်သောကြောင့် ရိုးရာပါ အခွင့်အရေးတွေ ပိတ်သွားနိုင်သည်မို့ မြတ်သောကို မတားရ၍မရတော့။

"နင်ကရော အဲဒီ ကျောင်းကောင်နဲ့ ဘာလို့ သွားသွားပြီး ပတ်သက်နေရလဲ၊ နင်က. . တစ်ချိန် မင်းသမီး ဖြစ်မှာဆိုတာကိုရော သတိထားမိရဲ့လား၊ ဒီလိုသာ တွေ့ကရာလူနဲ့ မိတ်ဆွေလိုက်ဖွဲ့နေရင် အပေါစားဆန်နေမှာပေါ့"

"အပေါစားဆန်ရအောင် ငါက သူ့ကို သွားပြီး ကြာပစ်နေလို့လား၊ ပတ်သက်စရာအကြောင်း ပေါ်လာတော့လည်း ပတ်သက်လိုက်ရတာပဲလေ၊ နင်သာ ပေါက်ကရလေးဆယ် လူတွေနဲ့ပေါင်းပြီး ရန်ပွဲစားလိုက်လုပ်နေတာ မဟုတ်လား"

"တော်ပြီ ရိုးရာ. . နင် ဘာမှ လာပြောမနေနဲ့တော့၊ နင်လည်း လုပ်ချင်ရာလုပ် ငါလည်း လုပ်ချင်ရာလုပ်မယ်၊ ဒါပဲ"

"ဟဲ့. . ဒီမောင်နှမတွေ ဘာတွေလုပ်ဖို့ ပြောနေကြတာတုန်း"

အခန်းထဲကို ဝင်လာသော မိခင်ကိုမြင်တော့ နှစ်ယောက်သား မျက်နှာပိုး သတ်လိုက်ကြပြီး. . .

"မဟုတ်ဘူး မာမီရဲ့၊ ဒိုင်ယာလော့ခ် ကျင့်နေတာလေ"

"ဒါနဲ့ ဒီနေ့ စံရိပ်ငြိမ်ကို သွားကြမလို့ဆို"

မာမီ့အမေးကြောင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီး အပြစ်တွေကိုဖော်ဖို့ သားရည်ဖော် ညှိလိုက်ကြသည်။

တကယ်တမ်း နှစ်ယောက်စလုံး ဘယ်သူ့ဘယ်သူရဲ့ အပြစ်ကို





မှ မဖော်ရဲကြ။

"ဟုတ်ကဲ့ မာမီ. . နေ့ခင်းလောက်မှ သွားမှာပါ၊ ညကျရင် အကကျင့်ရမှာမို့"

"ဒါဆိုလည်း မနက်စာ သွားစားကြတော့၊ မတူးကို ပြင်ခိုင်းထားပြီးပြီ"

"သား မစားချင်သေးဘူး မာမီ"

"သားငယ် မစားလို့မရဘူး၊ မင်းမှာ အစာအိမ်ရောဂါ ရှိတယ်ဆိုတာလည်း သတိထားဦး၊ အစာအိမ်သမားက အစားအသောက်ကို မှန်မှန်စားပေးရတယ်ကွဲ့၊ ရောဂါဖြစ်လာမှဆိုရင် ကိုယ်လည်းခံစားရ မာမီလည်း စိတ်သောကရောက်ရနဲ့. . ဘယ်ဟာမှ ကောင်းတာမရှိဘူး၊ ကဲ. . သွားကြ၊ မောင်နှမနှစ်ယောက်စလုံး ထမင်းစားခန်းထဲ ဝင်ကြ"

မိခင်စကားကို မလွန်ဆန်ဝံ့ကြ၍ နှစ်ယောက်သား ထမင်းစားခန်းထဲ ဝင်လာခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၅)

"ဪ. . ကယ်တင်ရှင်ကြီး ဒေါ်ခင်ရိုးရာပါလား၊ လာပါဗျာ ဒီမှာ ခင်ဗျားပေးတဲ့ အသက်နဲ့ အသက်ပုံမှန် ရှူခွင့်ရနေလို့ ကျေးဇူးတင်စကား ပြောချင်နေတာ၊ လာပါ. . ကြွပါ"

အခန်းထဲဝင်လာလာခြင်း ပြောလိုက်သော နှင်းအောင်၏အငေါ်တူးစကားကြောင့် ရိုးရာမျက်နှာပျက်သွားသည်။

သို့သော် ကိုယ့်မောင်ကြောင့် ဒဏ်ရာရထားသူဖြစ်၍ ရိုးရာ အပြစ်တင် ဗွေယူမနေတော့။





"ရိုးရာလာတာ ရှင့်ရဲ့ ထေ့လုံးငေါ့လုံးတွေ နားထောင်ဖို့ မဟုတ်ဘူး"

"ဒါဖြင့်. . မင်းတို့ အပြစ်မကင်းမှန်းတော့ သိတယ်ပေါ့"

မြတ်သောလက်ချက်ဆိုတာ. . နှင်းအောင် သိနေသော ပုံစံကြောင့် ရိုးရာ ပို၍မျက်နှာပူကာ ဘာမှထပ်မပြောတော့ဖို့ ကိုယ့်ဒေါသကိုယ် ပြန်၍ချွေးသိပ်လိုက်သည်။

"ဒီမှာ ကိုနှင်းအောင်၊ ရှင် ဓါတ်တိုင်အောက်မှာ မှောက်ခုံလဲပြီး သတိလစ်မတတ်ဖြစ်နေလို့ ကယ်တင်ခဲ့တာကရော ရိုးရာ အပြစ်လား"

ဒေါသမဖြစ်အောင် ချုပ်ထိန်းထားရသည့် လေသံဖြင့် ခပ်အေးအေး ပြန်မေးလိုက်သည်။

"ဒါဆို. . . ကိုယ့်အနေနဲ့ တာဝန်သိ ပြည်သူတစ်ယောက်လို မတရားမှုတွေကို ဖော်ထုတ်ဖို့ ကြိုးစားတာကရော အပြစ်လား၊ လူဆိုတာ အပြစ်တစ်ခုကို ကျူးလွန်ထားရင် အဲဒီ ကျူးလွန်ထားတဲ့ အပြစ်အတွက် ထိုက်သင့်တဲ့ အပြစ်ဒဏ်ကိုတော့ ခံရစမြဲ မဟုတ်ဘူးလား၊

အပြစ်ကို ရှောင်လွှဲချင်တာနဲ့ လူသတ်နှုတ်ပိတ်ဖို့ ကြိုးစားတော့ရော အပြစ်ဒဏ်က လွတ်သွားမှာတဲ့လား၊ နံရံမှာ နားတွေရှိတယ်၊ အချိန်တိုင်းမှာ သက်သေတွေရှိတယ်၊ ကိုယ့်ကို အဲလိုနည်းလမ်းနဲ့. . ခြောက်လှန့်စိန်ခေါ်လို့ကတော့ ကိုယ့်ဘက်က နောက်မဆုတ်တဲ့အပြင် ရှေ့ကိုပဲ ခြေလှမ်းတွေ ဆက်တိုးရမှာပဲ"

နှင်းအောင် ဘာတွေပြောနေမှန်း ရိုးရာ တကယ်ပင်နားမလည်။

"ဒီမှာ ရှင် ခေါင်းထိလို့ ဂေါက်သွားပြီလား၊ ခု ရှင်ပြောနေတဲ့ စကားအဓိပ္ပါယ်ကိုရော ရှင်သိလား"



www.burmeseclassic.com

www.burmeseclassic.com



ခုတင်စွန်းတွင်ဝင်ထိုင်ပြီး စိတ်ပျက်စွာမေးလိုက်သော ရိုးရာ၏ အမေးကြောင့် နှင်းအောင် ဟတ်ခနဲ ရယ်လိုက်သည်။

"အိပ်ချင်ဟန်ဆောင်တဲ့သူကို အနှိုးရခက်တယ်ဆိုတဲ့ စကားက တယ်မှန်တာပဲ"

"အယ်. . ဘယ်လို၊ ရိုးရာက အိပ်ချင်ဟန်ဆောင်တယ် ဟုတ်လား၊ အဟင်း. . ဟင်း. . သေချာတယ် ရှင် ရူးသွားပြီ သိလား"

အရူးဟု ဝေဖန်ခံလိုက်ရသဖြင့် အောင့်သက်သက်တော့ ဖြစ်မိသည်။ ထို့ကြောင့် ရွဲ့ချင်သောစိတ်ဖြင့် ရိုးရာ၏ ပုခုံးနှစ်ဖက်ကို ဆုပ်ကိုင်ဆွဲသိမ်းပြီး မျက်နှာပေါ်သို့ အနမ်းတို့ တရစပ် ခြွေချလိုက်သည်။

"အို. . ရှင်. . ဒါ. . ဘာလုပ်တာလဲ၊ လွှတ်. . လွှတ်စမ်း"

ရုတ်တရက် အငိုက်မိသွား၍ ရှောင်တိမ်းချိန်မရလိုက်ဘဲ အနမ်းခံလိုက်ရသည်မို့ ဖွတ်အတင်း ရုန်းထွက်ကာ. . .

"ရှင် လူယုတ်မာပဲ"

"ဟောဗျာ စောစောကတော့ အရူးဆို၊ ခုတော့ လူယုတ်မာဖြစ်သွားပြန်ပြီလား၊ အဟတ်. . အရူးဆိုတာ သူ့စိတ်ထဲ ရှိတဲ့အတိုင်း လျှောက်လုပ်ကြတာလေ၊ ဒါမှ အရူးပီသမှာပေါ့"

အရယ်မျက်နှာဖြင့် ခပ်ရွဲ့ရွဲ့ပြောလိုက်သဖြင့် ရိုးရာထံမှ ရှက်မျက်စောင်းအချို့ ဒိုင်းခနဲ ကျလာပြီး. . .

"ဟုတ်တယ်. . ရှင်က ရူးရုံတင်မဟုတ်ဘူး၊ ဗီလိန်လဲ လုပ်တဲ့အတွက် အရူးဗီလိန်ပဲ သိလား"

"အဟတ်. . ဒါပေမယ့် မင်း ရင်ခုန်သွားတယ် မဟုတ်လား"

နှင်းအောင်၏ မခံချိမခံသာ စကားကြောင့် ရိုးရာ ထိုင်ရာမှ ဆတ်ခနဲထကာ. . .

"သေလိုက်. . ဒီမှာ ဆန့်ငင်ဆန့်ငင်နဲ့သာ လဲပြီးသေလိုက်"





ထိုသို့ ခပ်ပြစ်ပြစ်ကျိန်ဆဲကာ နှင်းအောင်နားမှ ချာခနဲ လှည့်ထွက်သွားသည်။

ဘောက်ဆတ်ဘောက်ဆတ်. . ခြေလှမ်းတွေဖြင့် ထွက်သွားသော ရိုးရာ၏နောက်ကျောကို ငေးကြည့်ပြီး တဟားဟား အော်ရယ်လိုက်သည်။ ရင်ထဲမှာတော့ တဆစ်ဆစ်နှင့် နာကျင်သလိုလို. . .

ရိုးရာ၏ စိတ်ရင်းနှင့် ကာရိုက်တာအမှန်က ဘာလဲ။ ကိုယ်က ရော. . ဘာကြောင့် ဒီမိန်းကလေးကိုမှ ရွေးပြီး ချစ်သွားရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၆)

"ဒါက ဘယ်လဲ နှင်းအောင်"

"စခန်းကို သွားမလို့"

အိမ်ထဲမှ ထွက်ဖို့ပြင်နေသော နှင်းအောင်ကို လင်းအောင် စိတ်မချဟန်ဖြင့် လှမ်းမေးသည်။ ခေါင်းမှာ ပတ်တီးအဖွေးသားနှင့် စခန်းကိုသွားမည့် အကြောင်းအရာက ဘာမှအရေးကြီးတာ မဟုတ်သဖြင့် လင်းအောင် ကျွတ်ခနဲ စုတ်သပ်လိုက်သည်။

"ကျွတ်. . မင်းကွာ၊ အလုပ်မရှိ လဉသန်းရှာတာပဲ"





"ဟာ. . ကိုကို ကျွန်တော့်ကို အဲလိုမပြောနဲ့ဗျ၊ ဟောဒီ ခေါင်းကွဲခံထားရတဲ့ အကြောင်းရင်းရဲ့ နောက်ဆက်တွဲမှာ ကိုကို မသိတာတွေ အများကြီး ရှိတယ်၊ ဒါဟာ ဟိုလူသတ်သမား ဂျို့စ်ရဲ့လက်ချက်. ."

"မင်း တော်တော်ရစ်တာပဲ"

"ကျွန်တော်က ရစ်တာဆိုရင် ကိုကိုက ရစ်ရတဲ့အကြောင်းအရင်းကို နားမလည်တာပဲ၊ ဒီကိစ္စက လူသတ်မှုနဲ့ ဆိုင်တယ်"

"အဲဒါ တကယ်ဟုတ်ချင်မှ ဟုတ်မှာကွ၊ ဒါ တကယ်ဆိုရင် တိုဘက်အိမ်က ရိုးရာဆိုတဲ့ ကောင်မလေးကရော မင်းကို လာပတ်သက်မလား. . ဟမ်"

"ဒါဆို ကျွန်တော့်မျက်စိနဲ့ သေချာမြင်လိုက်ရတဲ့ သွေးအိုင်ထဲက အမျိုးသမီးကရော"

"အဲဒီမှာ တစ်ခုခုလွဲနေတာ ဖြစ်နိုင်တယ်၊ ငါတော့ တကယ်မထင်ဘူး"

"အဲဒီမထင်တဲ့ ကိုကို့စိတ်ကို တကယ်ထင်သွားအောင် ကျွန်တော် ဖော်ထုတ်ပြမယ်၊ ကိုကို စောင့်ကြည့်နေလိုက်ပါ"

ဘယ်လိုမှ ပြောမရသည့်အဆုံး. . လင်းအောင် ဆက်ပြောဖို့ စိတ်ကူးမရှိတော့၊ နေပစေ. . သူအားနေလို့ အရှုပ်အလုပ်တွေ လျှောက်လုပ်တာဟုပဲ ခပ်ပြစ်ပြစ် ဝေဖန်လိုက်သည်။

နှင်းအောင် လက်မလျှော့သော ခြေလှမ်းတွေဖြင့် အိမ်ထဲမှ ထွက်လာခဲ့သည်။ စခန်းက. . အကြောင်းထူးရင် အကြောင်းကြားသတင်းပို့ပါဟု ပြောထားမှတော့. . လူသတ်သမားဘက်မှ စတင်၍ ခိန်ခေါ်မှုတွေ ရှိလာကြောင်းကိုတော့ သတင်းပို့ရမှာပေါ့။

++++++++++



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၇)

"ဂျစ် တော်ပြီ. . မလိုက်နဲ့တော့ကွာ၊ ဒီမှာ မောလာပြီ
အဟင်း. . ခစ်. . ခစ်. . ခစ်"

ချွဲပစ်ချွဲအီသော ရိုးရာ၏အသံက စံရိပ်ငြိမ်ခြံထဲမှ ထွက်ပေါ်လာသဖြင့် ရဲစခန်းသွားဖို့ အိမ်အပြင်ထွက်လာသော နှင်းအောင်၏ ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားသည်။

"ဟော့. . တော်ပြီ မနမ်းနဲ့တော့၊ ယားတယ်. . ခိ. . ခိ. .

"အယ်. . ဘာ. . ဘာလဲဟ၊ ဘယ်နေရာကိုနမ်းလို့ ယားတာ
အော်နေရတာတုန်း၊ တောက်. . တော်တော် ဒုရှက်မရှိတဲ့မိန်းမ





မှာတော့ သူ့ကိုချစ်နေလိုက်ရတာ"

ရင်ထဲမှာ မနာလိုရိပ်တွေ တဖွေးဖွေး ပေါ်လာပြီး ခြေလှမ်းတွေက ရဲစခန်းဆီသို့ ဦးတည်မနေတော့ပဲ စံရိပ်ငြိမ် ခြံကြီးဘက်သို့ ဦးတည်၍ ထွက်လာလိုက်သည်။

ဒီတစ်ခါတော့ ဂျို့စ်ဆိုတဲ့ကောင်ကို မျက်ဝါးထင်ထင် တွေ့ရတော့မှာပေါ့၊ ခြေလှမ်းတို့သည် ရန်လိုခြင်းတွေဖြင့် သွက်လက်နေ၏။

စံရိပ်ငြိမ် ခြံရှေ့ရောက်တော့ ကံကောင်းစွာဖြင့် ခြံတံခါးကြီးသော့ခတ်မထား၍ ခြံတံခါးကို အသာတွန်းဖွင့်ပြီး ရိုးရာနှင့် ဂျို့စ်ရှိရာသို့ မပြေးရုံတမယ် ခြေလှမ်းတွေဖြင့် ဒရောသောပါး လျှောက်လာလိုက်သည်။

ပန်းခြံထဲရှိ ခုံတန်းတွင်ထိုင်နေသော ရိုးရာကို အရင်ဆုံး တွေ့ရပြီး ဂျို့စ်ဆိုသော ကောင်ကိုတော့ မတွေ့ရသေး။

ရိုးရာ နှင်းအောင်ကို တွေ့သွားသဖြင့် နှုတ်ခမ်း မသိမသာ စူသွားသည်။

"ရှင် ဘာလာလုပ်တာလဲ"

"မင်းတို့ရဲ့ အီစီကလီအသံတွေကြားလို့ ဝင်လာတာ"

"ရှင်နော် ဘာအီစီကလီလဲ၊ လူကို ဘာအစားများ မှတ်နေလဲ"

"ဘာအစားမှ မမှတ်ဘူး၊ လူမြင်ကွင်းကြီးမှာ. . အနမ်းခံရလို့ ယားတယ်. . ယားတယ်. . အော်နေတာနဲ့ ထူးဆန်းလွန်းလို့ ဝင်ကြည့်တာ"

"ဝုတ်. . ဝုတ်. . ဝုတ်"

"အဲ. . သောက်ခွေး"

မွေးစုတ်ဖွားနှင့် ခွေးလေးတစ်ကောင် နှင်းအောင်ရှိရာသို့ ပြေးလာပြီး ရန်သူကြီးသဖွယ် ထိုးဟောင်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . မင်းခွေးကို ကြည့်ပြောဦး၊ ငါ သူခိုးမဟုတ်ဘူး၊ လူသတ်ကောင်လည်း မဟုတ်ဘူး"

"ဝုတ်. . ဝုတ်. . ဝုတ်. . ခွီး. . ခွီး"

"အံမယ်. . ဒီခွေးစုတ်၊ လူကိုလာပြီး အငြိုးကြီးပြနေတယ်"

ခွေးနှင့် ရန်ဖက်ဖြစ်နေသော နှင်းအောင်ကိုကြည့်ပြီး ရိုးရာ ရယ်ချင်နေမိသည်။

"ရှင်က ခွေးနဲ့လည်း ရန်ဖြစ်တတ်တာပဲနော်"

"ခုလာတာ ခွေးနဲ့ရန်ဖြစ်ဖို့ မဟုတ်ဘူး၊ ဂျိုစ်နဲ့ ရန်ဖြစ်ဖို့၊ ခင်ဗျားကောင် လက်ချက်ကြောင့် ဒီခေါင်းက ဒဏ်ရာရတာ၊ သူက သူ လူသတ်တာကို မြင်သွားတဲ့ ကျုပ်ကို နှုတ်ပိတ်တဲ့အနေနဲ့ သတ်ချင်တာ"

ထူးဆန်းသော စကားတွေကြောင့် ရိုးရာ၏ အရယ်မျက်နှာလေးမှာ ချက်ချင်းတည်သွားပြီး. . .

"ရှင် ဘာတွေပြောနေတာလဲ၊ ဂျိုစ်က ဘာကြောင့် လူသတ်ရမှာလဲ၊ အဓိပ္ပါယ်မရှိတာ"

"ဒီမှာ ခင်ရိုးရာ၊ အပြစ်ရှိတဲ့သူက ကိုယ့်အပြစ်ကိုယ် ဝန်မခံတဲ့ အတွက် ကျုပ်က တာဝန်သိပြည်သူတစ်ယောက်အနေနဲ့ ဝင်ပြီး ပါဝင်ပတ်သက်နေရတာ"

ဒီလူ ဘာတွေပြောနေတာလဲဆိုတာ အမှန်ပင် ရိုးရာ နားမလည်တော့ပါ။

"ရှင်က သိပ်ကို ထူးဆန်းတဲ့လူတစ်ယောက်ပဲ၊ ရှင်နဲ့စပြီး ဆုံကတည်းက ရှင့်အမူအရာတွေ ရှင့်အပြောအဆိုတွေက ထူးကို ထူးဆန်းနေတယ်၊ အထူးဆန်းဆုံးက ဂျိုစ်ကို လူသတ်သမားလို့ ပြောလိုက်တာကိုပဲ"

ရိုးရာစကားကြောင့် နှင်းအောင် သံသယအကြည့်ဖြင့် အိမ်ကြီး





ဆီကို ငေးကြည့်လိုက်ပြီး. . .

"ဒါဆိုရင် ဂျိုစ်ကို ခေါ်လိုက်လေ၊ အဲဒီကောင်ကိုတွေ့ရင် ဒီကောင် လူသတ်သမားဆိုတာကို ခင်ဗျားပါ သိသွားလိမ့်မယ်၊ ဒီတော့ ခင်ဗျားဘဝကို ဂျိုစ်ဆိုတဲ့ကောင်လက်ထဲ ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါ ဘယ်အတိုင်းအတာအထိ ပုံအပ်ပြီးပြီပဲ"

"ဘာ. ."

"ဒီလူသတ်မှုမှာ ခင်ဗျားပါ ပါဝင်ပတ်သက်ခြင်း မရှိပါစေနဲ့လို့ ဆုတောင်းပါတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့. . ခင်ဗျားကို သိပ်ချစ်လို့ပဲ"

"ဖြန်း. ."

"အ. . ချစ်တယ်ပြောတာ ရိုက်စရာလား"

ထူပူသွားသော ပါးကို လက်ဖြင့်အုပ်ရင်း အူကြောင်ကြောင်မေးလိုက်သည်။

"ရိုက်ရုံတင် မဟုတ်ဘူး၊ သတ်ပါ သတ်ပစ်ချင်တာ ရှင်းလား၊ ဘာကယ်ပဲ. . အူကြောင်ကြောင် လူအရူး"

စိတ်ဆိုးလွန်း၍ ပြောမိပြောရာကို ပြောချလိုက်သည်။

ရာရာစစ ရိုးရာကပဲ ကိုယ့်ဘဝကိုယ် ဂျိုစ်ဆီမှာ ပုံအပ်ပြီးပြီလားတဲ့၊ တွေ့မယ်. . ဒင်းကို ကောင်းကောင်းကြီး ပညာပေးရတာပေါ့"

"ဂျိုစ်. . သူ့ကို ကိုက်လိုက်စမ်း. . ရှူး. . ရှူး"

"ဝုတ်. . ဝုတ်. . ဝုတ်"

"ဟာ. . ဟော့. . ရိုးရာ၊ ဘယ့်နှယ့်ကြောင့် ခွေးနဲ့ ရှူးတိုက်ရတာလဲ"

"ရှင်ပဲ ဂျိုစ်နဲ့ ရန်ဖြစ်မလို့ဆို၊ ဂျိုစ်. . သူ့ကို ကိုက်. . ကိုက်လိုက်၊ ပေါင်အကွင်းလိုက်ပါလာအောင် ကိုက်ပစ်လိုက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဝုတ် . . ဝုတ် . . ဝုတ် . . ခီး . . ခရီး"

"အယ် . . ဂျို့စ်က ဒီခွေးလား"

"ဟုတ်တယ် . . ဟုတ်တယ်၊ ရိုးရာရဲ့ အသည်းကျော်လေးက လူတော့ မသတ်တတ်ဘူး၊ ရှင့်ရဲ့ ဗိုက်ထဲက အူတွေ ပွင့်ထွက်အောင်တော့ ကိုက်နိုင်လိမ့်မယ်"

"ဗုဒ္ဓေါ"

"ဒါ . . ဒါဆို ဂျို့စ်က လူမဟုတ်ပဲ . . ခွေး . . ခွေးလား၊ မ . . မဖြစ်နိုင်ဘူး"

ဘယ်နှစ်ကြိမ်မြောက် လွဲခြင်းမှန်း မသိသော အလွဲထဲမှာမှ ဒီတစ်ခါအလွဲသည် ရယ်စရာပင် ကောင်းသေးတော့၏။

ဂျို့စ်ဟာ ဒီခွေးဆိုလျှင်တော့ သူလိုက်နေသော လူသတ်တရားခံ ကွင်းဆက်တွေ ပြုတ်ထွက်ကုန်ပြီ၊ တကယ့်လူသတ်တရားခံက ဘယ်သူလဲ၊ အမျိုးသမီးအလောင်းကရော ဘယ်ရောက်သွားပြီလဲ"

လူက အံ့သြလွန်းမက အံ့သြပြီး လွဲအောင်ဖန်တီးတတ်လွန်းသော ကံကြမ္မာ၏ ခြယ်လှယ်မှုကိုသာ ကလော်တုတ်ပစ်လိုက်ချင်တော့သည်။

အမှန်ဆို ကိုယ်ကိုက ညံ့ဖျင်းတာပါ၊

"ဂျို့စ် . . ဂျို့စ် . . လာ . . လာ"

အိမ်ထဲမှ လှမ်းခေါ်လိုက်သော မြတ်သောမောင်၏ အသံကြောင့် ဂျို့စ်မှာ နှင်းအောင်ကို ဆက်ရန်မမူတော့ဘဲ အိမ်ထဲသို့ ချာခနဲလှည့်ပြေးသွားသည်။

"ကဲ . . ရှင်ယုံပြီ မဟုတ်လား"

"ဆော . . ဆောရီးဗျာ၊ လွဲတာတော့ တစ်ခုခု လွဲနေပြီ၊ ဘယ်ကစလွဲတာလဲတော့ မသိဘူး"





"အဲဒါဆိုရင် ရှင် အခု ပြန်လိုက်၊ ပြီးရင် . . ရှင့်ခေါင်းထဲက ချောင်နေတဲ့ မူလီတွေကိုဖြုတ်၊ ရေနွေးနဲ့ သေချာဆေးကြောပြီး ကျပ်နေအောင် ပြန်တပ်လိုက်"

"မင်းက ကိုယ့်ကို ရူးနေတယ်လို့ ပြောချင်တာလား"

"ရိုးရာ အဲလို မဆိုလိုပါဘူး၊ ရှင် ဘာလုပ်သင့်တယ်ဆိုတာလေးကိုပဲ အကြံဉာဏ်ပေးတာ"

"ဒါဆို ခင်ဗျားလေးတို့အိမ်မှာ လွန်ခဲ့တဲ့ တစ်ပတ်လောက်က အဲ . . ဆယ်ရက်လောက်ကထင်တယ်၊ ညသန်းခေါင်ကြီးအမျိုးသမီးတစ်ယောက် စူးစူးဝါးဝါးအော်ဟစ်ပြီး အသတ်ခံလိုက်ရတယ်၊ အဲဒီမြင်ကွင်းကို ကိုယ်တိုင်မြင်ခဲ့ရတယ်"

"အဟင်း . . ဟင်း . . ရှင်က ဒါကိုမြင်ပြီး ရိုးရာတို့ကို သံသယတွေနဲ့ စွပ်စွဲပြီးတော့ သွေးစွန်းနေတဲ့ အကျီကိုပါ ခိုးသွားပြီး ရဲစခန်းကို အမှုသွားဖွင့်တယ်ပေါ့ ဟုတ်လား၊

ဒါကြောင့် ရဲတွေက ရိုးရာတို့မောင်နှမတွေကို သံသယတွေနဲ့ စောင့်ကြည့်နေကြတာ၊ အဲဒါ ရှင့်လက်ချက်၊ ဟွန်း . . ကောင်းတယ်၊ ရှင့်ကို ကျွန်မမောင်ရဲ့ ဘော်ဒါတွေ တစ်ခါတည်း သတ်ပစ်လိုက်ရမှာ . . ခုလို ခေါင်းကွဲတာ နည်းတောင်နည်းသေးတယ်"

အငေါ်တူးကာ ပြောလိုက်သော ရိုးရာ၏စကားသည် အထုံးတစ်ထုံးကို ဖြည်လိုက်သလို နှင်းအောင်ရင်ထဲက သံသယအချို့ကို ခြေချလိုက်ပြန်သည်။

"သွေးစွန်းနေတဲ့အကျီက လူသတ်သမား အကျီလေ . . ၊ ဒါကြောင့် သက်သေခံပစ္စည်းတစ်ခုအနေနဲ့ ငါယူထားတာပေါ့"

"ဘာဆိုင်လဲ . . အဲဒါ ကျွန်မမောင် မြတ်သော သူ့သူငယ်ချင်းတွေနဲ့ ရန်ဖြစ်ခဲ့ကြလို့ သွေးစွန်းထားတဲ့ အကျီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ငါမြင်ထားတဲ့ လူသတ်သမား အကြီကလည်း အပြာရောင်ပဲ၊ ဒါကြောင့် ငါ့ကို နှုတ်ပိတ်တဲ့အနေနဲ့ ကားနဲ့တိုက်ဖို့ ကြံတာပေါ့"

"အရောင်တူတိုင်း လူသတ်သမား ဖြစ်ရောလား"

မြတ်သော၏အသံကြောင့် နှင်းအောင် လှည့်ကြည့်လိုက်သည်။

"ဟင်. . မင်း"

"ဟုတ်တယ်၊ ခင်ဗျားရဲ့ခေါင်း ကွဲသွားတာ ကျွန်တော့်ဘော်ဒါတွေ လက်ချက်ကြောင့်ပဲ၊ ခင်ဗျားက ကိုယ့်နေရာမှာ ကိုယ်မနေချင်တာ၊ ကျွန်တော့်ဘော်ဒါတွေနဲ့ ရန်ဖြစ်လို့ သွေးစွန်းလာတဲ့ အကြီကိုခိုးပြီး စခန်းမှာ နာမည်ကောင်းလက်မှတ် သွားယူတယ်၊ သူ့ဟာသူ ကြောင်သေလို့ ပုတ်တာကို လူသေကောင်ကို အိမ်ထဲ ဝှတ်ထားပါတယ်ဆိုပြီး ရဲတွေကို ကုန်းသွားချောတယ်၊

ဒါကြောင့် အငြိမ်မနေတတ်တဲ့ ခင်ဗျားကို ပညာပေးလိုက်တာ လွန်သွားတဲ့အတွက် တောင်းပန်တယ်၊ မကျေနပ်ရင် အမှုသွားဖွင့်လို့ရတယ်နော်"

ဘာမထီသောပုံစံနှင့် မမှုသလိုပြောနေသည့် ဂျစ်ကန်ကန်စတိုင်ကို နှင်းအောင် နည်းနည်းလေးမှ သဘောမတွေ့၊ ဒါဟာ ဆင်သားရေကို ဆိတ်သားရေနဲ့ ဖုံးနေတာလဲ ဖြစ်နိုင်သည်မို့. . .။

"ဒီကိစ္စလောက်ကို ငါက စာမဖွဲ့ဘူး အလုပ်ရှုပ်လွန်းလို့၊ အခုငါ စာဖွဲ့နေတာက ဒီအိမ်ကြီးထဲမှာ ဖြစ်သွားတဲ့ ညတစ်ညရဲ့ အကျည်းတန်စရာ မြင်ကွင်း၊ မိန်းကလေးတစ်ယောက် မတရားသေရတဲ့ အဲဒီမြင်ကွင်းကတော့ ဟောဒီက ငါ့ရဲ့မျက်လုံးထဲမှာ စွဲနေတယ်၊ ဒါကြောင့် ငါ အမှန်တရားတစ်ခုကို ရှာဖွေနေတာ"





နှင်းအောင်စကားအဆုံး. . မြတ်သော ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

"ဟော့. . ဘာရယ်တာလဲ၊ ငါပြောတဲ့စကားထဲမှာ ရယ်စရာ တစ်ခွန်းမှ မပါဘူး"

"အဲလို မပါတာကိုက ရယ်စရာ ကောင်းနေတာ၊ ဟားဟား ခင်ဗျား ကျောင်းသားပဲ၊ ကျောင်းသားမှ မူလတန်းအဆင့်တင် မဟုတ်ဘူး မူကြိုကျောင်းသားအဆင့်၊ လိပ်ဥတော့စားချင်တယ် လိပ်ဥတော့ မဖော်တတ်တဲ့ လူစားမျိုး"

"အယ်. . ဘာဆိုင်လဲ"

"ဆိုင်တယ်၊ ကဲပါ. . ခင်ဗျားကို စကားနဲ့ ရှင်းပြနေရင် ကျွန်တော့်ရဲ့ အောက်ဆီဂျင်တွေ မလိုအပ်ပဲ ဖြုန်းတီးရာကျမယ်၊ ဒီတော့ မနက်ဖြန်ညကျရင် ခင်ဗျားလာခဲ့၊ ခင်ဗျားတိုင်ထားတဲ့ ရဲတွေကိုပါ ခေါ်လာခဲ့၊ ခင်ဗျားတို့ သိပ်တွေ့ချင်နေတဲ့ လူသတ်တရားခံကို ကျွန်တော်ပြမယ်၊ အဲဒီကျမှ ဖမ်းတော့. . ဟုတ်ပြီလား၊ ခင်ဗျား ဖမ်းမသွားရင် ခင်ဗျားကို ကြံရာပါနဲ့ ဖမ်းမှာနော်"

"ဒါဆို. . ဒီလူသတ်တရားခံကို မင်းလည်း သိနေတယ်ပေါ့၊ ဟုတ်လား"

"ဟုတ်ကဲ့. . သိတယ်၊ ဒါကြောင့် ခင်ဗျားကို လာခဲ့ဖို့ ပြောတာပေါ့"

"ကောင်းပြီလေ မင်းကတိတည်ပါစေ ငါသွားတော့မယ်၊ ရိုးရာကိုယ်သွားပြီ၊ မင်းရဲ့ဂျူ့စ်နဲ့ မင်းကို အထင်လွဲမိတဲ့အတွက် ဆောရီး"

ကိုယ့်အမှားတစ်ခုကြောင့် ရဲရဲဝံ့ဝံ့ တောင်းပန်ခဲ့ပေမယ့် ရိုးရာဆီမှ မျက်စောင်းခပ်ဝေ့ဝေ့ကိုသာ ရခဲ့၍ ကုတ်ချောင်းချောင်းနှင့် ခြံထဲမှ ပြန်ထွက်လာခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီပုံအတိုင်းဆို စခန်းကိုသွား၍မဖြစ်သေး၊ ကိုယ်လုပ်ကြံခံခဲ့ရတာက လူသတ်မှုနှင့် မဆိုင်သလို ဦးတည်နေသည်။







# အခန်း(၂၈)

"ဟော့ကောင် ငါ မလိုက်ချင်ဘူးကွ၊ မင်း အရှုပ်တွေထဲမှာ ငါ ဝင်မပါချင်ဘူး"

ဇွတ်အတင်း ဆွဲခေါ်လာသဖြင့် စိတ်မပါ့တပါ လိုက်လာခဲ့ရသော လင်းအောင်မှာ. . နှင်းအောင်၏ အလွဲတွေအကြောင်း ကောင်းကောင်းသိနေ၍ သူ ဝင်မပါချင်။

"လာပါ ကိုကိုရာ၊ ဒီတစ်ခါ ကျွန်တော် မလွဲဘူးဆိုတာ သက်သေပြချင်လို့ပါဗျာ၊ စခန်းက ရဲကိုလည်း အကြောင်းကြားပြီးပြီ သူတို့လည်း တရားခံကိုဖမ်းဖို့ တစ်ခါတည်း ရောက်လာကြလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



အပိုင်ပြောနေသော နှင်းအောင်စကားကို လင်းအောင် သိပ်မယုံရဲ။

"ဟုတ်မှလည်း လုပ်ပါကွာ၊ တရားခံကိုဖမ်းဖို့ အဲလောက်လွယ်ပါ့မလား၊ ငါ. . ငါတော့ မျက်ခုံးလှုပ်တယ်နော်၊ နှင်းအောင် ဒီနေ့မှာ ငါက ကိုယ့်အထာနဲ့ကိုယ်နေတာ၊ မင်းရောက်လာမှပဲ မင်းပြဿနာတွေလိုက်ရှင်းနေရတာ မဟုတ်သေးဘူး"

"ဟာ ကိုကိုကလည်းလေ ဒီတစ်ခါ တကယ်မလွဲတော့ပါဘူးဟဲ. . ဟဲ. . ကိုကို့ကို ပြန်လျော်ပေးထားတဲ့ သိန်းတစ်ရာ့ငါးဆယ်ကိုသာ ကျွန်တော့်အကောင့်ထဲ ပြန်ထည့်ပေးဖို့ ပြင်ထား"

ဒီတစ်ခါ တရားခံကိုမိတော့မှာမို့ နှင်းအောင် တက်ကြွနေ၏။

ခြံကြီးသည် ခါတိုင်းနေ့တွေလို မှောင်မနေဘဲ၊ မီးအလင်းရောင်တွေဖြင့် တောက်ပနေ၏။ ထိုစဉ် စခန်းမှူး၏ကားပါ ခြံထဲသို့ မောင်းဝင်လာပြီး ပေါ်တီကိုအောက်တွင်ရပ်ကာ ကားပေါ်မှ ဆင်းလာ၏။

"ကဲ. . ဘယ်လိုလဲ သကြားပုလင်း နှင်းမောင်၊ ဒီတစ်ခါတော့ ကင်မရာထဲက လူသတ်တရားခံကို ဖမ်းရတော့မယ်ပေါ့၊ ဟုတ်လား"

"ဟုတ်တယ်ဗျို့၊ ဒါကြောင့် ဆရာတို့ကိုပါ တစ်ခါတည်း ကြွခဲ့ဖို့ အကြောင်းကြားလိုက်ရတာပါ၊ ဘာပဲဖြစ်ဖြစ် သေဆုံးသူ အမျိုးသမီးအတွက် အမှန်တရားတစ်ခုကို ဖော်ထုတ်ပေးနိုင်တော့မှာမို့ တမလွန်ရောက်သွားတဲ့ အမျိုးသမီးလည်း ကျွန်တော့်ကို ကျေးဇူးတင်နေမှာပါ"

သုံးယောက်သား အသင့်ဖွင့်ထားသော ကျွန်းတံခါးကြီးမှ ဝင်ခဲ့လိုက်သည်။

"ဝုတ်. . ဝုတ်. . ဝုတ်"

ခွေးကလေးဂျို့စ်. . နှင်းအောင်တို့ညီအစ်ကိုနှင့် ရဲအရာရှိတို့





ဆီး၍ ဟောင်၏။

"ဂျို့စ်. . ဂျို့စ်. . တိတ်စမ်း"

မြတ်သော ဧည့်ခန်းထဲမှ ထွက်လာပြီး ရန်လိုနေသော ဂျို့စ်ကို လှမ်းဟန့်၏။ ဂျို့စ်. . အမြီးကုပ်၍ ငြိမ်ကျသွားသည်။

"လာပါ ဒီမှာ ထိုင်ကြပါ"

မြတ်သော ညွှန်ပြရာသို့ ညီအစ်ကို နှစ်ယောက်နှင့်အတူ. . ရဲအရာရှိပါ ဝင်ထိုင်လိုက်သည်။ ဧည့်ခန်းထဲတွင် အမျိုးသမီးငယ် နောက်တစ်ယောက်နှင့် နှင်းအောင်တို့လိုအရွယ် အမျိုးသားနှစ်ယောက်ပါ ထိုင်နေကြသည်။

သူတို့ကို နှင်းအောင် လှမ်း၍ အကဲခတ်လိုက်သည်။ ရိုးရာမှာ ကော်ဖီဗန်းကိုင်၍ ဧည့်ခန်းထဲဝင်လာသည်။ ကော်ဖီခွက်တွေ ချပေးရင်း

"ကော်ဖီလေး သောက်ကြပါဦး"

"ဟုတ်ကဲ့. . ဟိုလေ ဒါ ဒီမြို့နယ်က စခန်းမှူးပါ"

မြတ်သောရော ရိုးရာပါ စခန်းမှူးကို သိပြီးသားမို့ ဖော်ရွေစွာ ပြုံးပြလိုက်သည်။

ဒီနေ့ ကျွန်တော်လာရတဲ့ အကြောင်းရင်းက. . ဒီက ကိုနှင်းအောင် ဓါတ်ပုံရိုက်ယူထားတဲ့ လူသတ်မှုမြင်ကွင်းနဲ့ ပတ်သက်ပြီး အကြောင်းထူးမယ် ထင်လို့ပါ"

ကော်ဖီကို တစ်ငုံယူသောက်ရင်း လာရင်းအကြောင်းကို စကားစလိုက်သောကြောင့် မြတ်သော စခန်းမှူးကိုကြည့်ပြီး ပြုံးကာ. . .

"ဟုတ်ကဲ့ မကြာခင်မှာ သိရပါတော့မယ် စခန်းမှူး"

ခပ်လှမ်းလှမ်းတွင် ထိုင်နေသော လူရွယ်ကို မြတ်သော မျက်စပစ်ကာ အချက်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညေ့ခန်းတစ်ခုလုံး မီးအမှောင်ကျသွားသည်။

"ဟင်. . မီးပျက်သွားတာလား"

ကော်ဖီသောက်ဖို့ လက်လှမ်းရွယ်နေသော နှင်းအောင်မှာ. . ကော်ဖီခွက်ကို မမြင်ရတော့၍ ရှက်ကိုးရှက်ကန်း မေးလိုက်သည်။

နှင်းအောင်အမေးကို မဖြေခင်မှာ နံရံမှာ ကပ်ထားသော TV အကြီးကြီးမှာ ဖျတ်ခနဲ ပွင့်လာသည်။

"အစီအစဉ်တစ်ခုကို ပြစရာရှိလို့ မီးမှိတ်လိုက်တာပါ။ ခဏတော့ သည်းခံပြီး ကြည့်ပေးကြပါ"

တရားခံ လာဖမ်းပါသည်ဆိုမှ. . ရုပ်ရှင်ဖွင့်ပြနေသော ခပ်ကြောင်ကြောင်လူအုပ်ကြောင့် နှင်းအောင် မနေသာတော့။ ထို့ကြောင့် အမှောင်ထဲမှပင်. . .

"ဟော့. . ငါတို့ ဒီကိုလာတာ တရားခံကို လာဖမ်းတာလေ"

"ဟုတ်ပါပြီ. . တရားခံကို တွေ့ရတော့မှာပါ။ ဒါကြောင့် အဲဒီ short story လေးကို ခဏကြည့်ပေးပါလို့ မေတ္တာရပ်ခံထားတာပါ"

မေတ္တာရပ်ခံနေသော မြတ်သောစကားကြောင့် နှင်းအောင်ကို လင်းအောင် မသိမသာ လက်ကုတ်လိုက်သည်။ ခဏစောင့်ကြည့်ဦး ဆိုသည့်သဘော. . .

TV ဖန်သားပြင်မှ အရင်ဦးဆုံး ဆိုက်ကိုချစ်သူဟူသော စာတန်းထိုးလာသည်။ ဘာများလာမလဲဟူသော သိချင်စိတ်ကြောင့် အားလုံး တိတ်ဆိတ်စွာဖြင့် TV ကို ကြည့်နေကြသည်။

စာတန်းထိုးပြီးတာနှင့် ကောင်လေးနှင့် ကောင်မလေး ခြံကြီးတစ်ခြံထဲ ဝင်လာကြသည်။ Night Scene မို့ ပတ်ဝန်းကျင်မြင်ကွင်းကို သိပ်မမြင်ရ။

ထို့နောက် ကောင်လေးနှင့်ကောင်မလေး အခန်းလွတ် တစ်ခု





ထဲမှာ စကားပြောနေကြသည်။ အပြန်အလှန် ပြောနေကြရာမှ ကောင်လေး၏အကြည့်တွေသည် တဖြည်းဖြည်း ခက်ထန်လာကာ. . ကောင်မလေးကို ဒေါသနှင့်ပြော၏။ ထိုသို့ပြောနေရာမှ ကောင်မလေးကို လည်ပင်းညှစ်ရန် ကြိုးစားသည်။

"အ. . အ. . ဂျို့စ်. . မလုပ်နဲ့. . မလုပ်ပါနဲ့"

ထိုအသံကြောင့် ဆိုဖာခုံတွင်ကျောမှီထိုင်နေသော နှင်းအောင်၏ခန္ဓာကိုယ်မှာ ဆတ်ခနဲ မတ်သွားကာ. . .

"ဟင်. . ဒါ. . ဒါ. . ဟိုနေ့ညက ငါ ကြားလိုက်ရတဲ့ အသံပဲ"

အူကြောင်ကြောင် ဖြစ်သွားသည်မို့ တကိုယ်တည်း ကြားသာရုံ ခပ်တိုးတိုး ရေရွတ်လိုက်သည်။

"မသတ်ပါနဲ့ ကျွန်မ တောင်းပန်ပါတယ်၊ မသတ်ပါနဲ့ ဂျို့စ်ရယ်"

"မရဘူး၊ လူ့လောကကြီးထဲမှာ မင်းမရှိမှအေးမှာ မင်းကို ငါ သတ်ရမှ ငါ့ဘဝ ဆက်ပြီးရှင်သန်လို့ရမှာ"

"ဝုန်း. . ချွမ်း. . "

ကောင်မလေး ထွက်ပြေးဖို့ ကြိုးစားရင်းမှ နှစ်ယောက်သား ရုန်းရင်းဆန်ခတ်ဖြစ်ကာ. . ကောင်လေးမှာ စားပွဲပေါ်တွင် တင်ထားသော ဓားကိုယူ၍ ကောင်မလေး၏ဗိုက်ကို ထိုးစိုက်လိုက်သည်။

"အား. . . "

"အင့်ဟာ. . သေစမ်းကွာ၊ သေစမ်း"

ထိုမြင်ကွင်းသည် နှင်းအောင်နှင့်မစိမ်းသော မြင်ကွင်းမို့ နှင်းအောင် စိတ်လှုပ်ရှားစ ပြုလာပြီ။

"ဒါ. . ဒါ. . ဟိုနေ့ညက အဖြစ်အပျက်အတိုင်းပဲ၊ ဟုတ်တယ် လုံးဝမလွဲဘူး"

ကြည့်နေရင်းမှ မျက်လုံးအစုံ ပြူးသထက် ပြူးလာ၏။ လင်း



www.burmeseclassic.com

www.burmeseclassic.com



အောင်ထံမှ သက်ပြင်းချသံ ခပ်လေးလေးကို ကြားလိုက်ရသည်။

ဒီတစ်ခါလည်း လွဲပြန်ပြီဆိုသည့် သဘောမျိုး. . .

ဒါတောင် ရဲအရာရှိထံမှ ဘာထင်မြင်ချက်မှ ထွက်မလာသေး။ နှင်းအောင်မှာသာ သဘောပေါက်စ ပြုလာပြီမို့ ထိုင်ရာမှ ဆတ်ခနဲထ လိုက်ပြီး

"အဲ. . အဲဒါ လူသတ်တရားခံ၊ ခါတ်ပုံထဲကလူက. . သူပဲ၊ သွေးအိုင်ထဲမှာ သေနေတဲ့ အမျိုးသမီးလေးကလည်း သူပဲ"

နှင်းအောင် စကားအဆုံး ထိုဇာတ်ဝင်ခန်းမှာ Pause ဖြစ်သွားပြီး ညှို့ခန်းသည် မီးတွေဖြင့် ပြန်၍လင်းထိန်လာသည်။

မြတ်သော ထိုင်ရာမှ ထလိုက်ပြီး. . .

"ရဲအရာရှိကြီးခင်ဗျာ၊ တကယ်တော့ ကိုနှင်းအောင် မြင်လိုက်ရတဲ့ မြင်ကွင်းက တကယ့်အဖြစ်အပျက် မဟုတ်ပါဘူး၊ ကျွန်တော်တို့ လူငယ်အဖွဲ့ နိုင်ငံတကာ ရုပ်ရှင်ပြိုင်ပွဲအတွက် ဆိုက်ကိုချစ်သူဆိုတဲ့ Short Story လေးတစ်ပုဒ်ကို ရိုက်ထားတာပါ။

ခုချိန်ထိတော့ Reject မလုပ်ခံရသေးပါဘူး၊ ဟောဒီမှာ ထိုင်နေတဲ့ နှစ်ယောက်ကို သေချာကြည့်ကြပါ။ ခုနက ပြထားတဲ့ ဇာတ်ကားထဲက ဓါးနဲ့အထိုးခံရတဲ့ မင်းသမီးနဲ့ ဆိုက်ကိုဖြစ်ပြီး လူသတ်နေတဲ့ မင်းသားပါ။ ဇာတ်လမ်းထဲက မင်းသားရဲ့နာမည်က ဂျို့စ်မောင်မောင်ပါ။ အဲ့ဒီညက Scene ပေါ်က မြင်ကွင်းကို တကယ်လူသတ်တယ်ထင်ပြီး ကျွန်တော်တို့ စံရိပ်ငြိမ်ထဲကို တိတ်တဆိတ်ဝင်ပြီး စုံးစမ်းသွားတာပါ။

ပြီးတော့ ရဲအရာရှိကြီးတွေ သိထားပြီးဖြစ်တဲ့ ကျွန်တော့်ရဲ့ သွေးစွန်းအင်္ကျီကို ခိုးသွားပြီး စခန်းမှာ အမှုသွားဖွင့်တော့တာပါပဲ၊ မယုံရင် ဒီမှာထိုင်နေတဲ့နှစ်ယောက်နဲ့ TV မှာပေါ်နေတဲ့ ဇာတ်ရုပ်တွေကို ယှဉ်ကြည့်ပါ။





အားလုံး၏အကြည့်တွေသည် မြတ်သောညွှန်ပြသော ကောင်လေးနှင့် ကောင်မလေးဆီသို့ ရောက်သွားသည်။ မြတ်သော ပြောသလို အမှန်ပင် တစ်ရုပ်ထဲဖြစ်နေသည်။ ကောင်လေးနှင့် ကောင်မလေး နှင်းအောင်ကို ပြုံးပြသည်။

ဒီတစ်ခါလွဲတာမှ အကြီးကြီး လွဲတာမို့ နှင်းအောင် အပြစ်ရှိသူတစ်ယောက်လို မဝံ့မရဲဟန်ဖြင့် ကြက်ကြီးလည်လိမ်သလို ဖြစ်ကာ

"ဒါ. . ဒါဆို. . မင်း. . မင်းတို့က ရုပ်ရှင်ရိုက်နေတာပေါ့. . ၊ အောင်မလေး လွဲပြန်ပါပြီ"

"ရိုးရာတို့က သရုပ်ဆောင်သင်တန်းတက်နေတဲ့ ကျောင်းသားကျောင်းသူတွေပါ။ မြတ်သောနဲ့ ရိုးရာက အမြွှာမောင်နှမတွေလေ. . ၊ ဝါသနာတူတာလဲ အမြွှာလိုပဲ ခွဲမရအောင် တူတယ်"

"ဆော. . ဆောရီးပဲ ရိုးရာရယ်၊ ကျွန်တော့်ရဲ့ မစူးစမ်း မဆင်ခြင်တဲ့ အလွဲတစ်ခုက ရိုးရာတို့ မောင်နှမတွေကိုရော၊ နောက်ပြီး ဟောဒီက ရဲအရာရှိကြီးကိုပါ ဒုက္ခပေးသလို ဖြစ်သွားတယ်"

ညှောင်နာနာအသံဖြင့် အားလုံးကို တောင်းပန်တိုးလျှိုးလိုက်သည်။ ဒီထက်ဆိုးတာက အားလုံး၏ ရှုတ်ချအပြစ်တင်သော အကြည့်တွေကို ရင်မဆိုင်ရဲတာမို့ မျက်နှာပူပူနှင့် မျက်နှာပြောင်တိုက်ပြီး လှည့်ထွက်ခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၉)

"မင်း တကယ်သွားတော့မှာလား နှင်းအောင်"

လင်းအောင်၏အမေးကို ဝမ်းနည်းစွာ ခေါင်းညိတ်လိုက်ပြီး. .

"ဟုတ်တယ်ကိုကို တကယ်ဆို ကျွန်တော် ဒီမှာနေချင်သေးတာပါ။ ဒါပေမယ့် ကျွန်တော့်ကြောင့် ကိုကိုလည်း စိတ်အနှောင့်အယှက်ဖြစ်ရ၊ ရိုးရာကိုလည်း ရင်မဆိုင်ရဲအောင် အရှက်ရခဲ့ရတယ်၊ ဒါကြောင့် ဒီနေရာမှာ ကျွန်တော်မနေသင့်တော့ဘူး"

မသွားပါနဲ့ဟုတားဖို့ အရိပ်အယောင် လုံးဝမရှိသော ဟန်ဖြင့်





"အေးပေါ့လေ ဒါဆိုရင်လည်း မင်းသဘောပေါ့၊ ငါ့ညီလေးကို ငါနဲ့ အဖော်လုပ်စေချင်ပေမယ့် မင်းမွေးသမ္မကို ငါက ဒိုင်ခံ စိတ်အနှောက်အယှက် ဖြစ်ရတယ်ဆိုတော့ မင်းပြန်မှာကို ဝမ်းသာစွာနဲ့ မတားတော့ပါဘူး"

အောင်မလေး အချစ်ကြီးလိုက်သည့်အစ်ကိုဟု စိတ်ထဲက ခပ်ပြစ်ပြစ် ဒေါသဖြစ်လိုက်ပြီး. . .

"သိပါတယ်၊ အစောကြီးကတည်းက ကျွန်တော့်ကို ပြန်စေချင်နေတယ်ဆိုတာ"

"ဟဲ. . ဟဲ. . ဟဲ. . သိရင်လည်း မြန်မြန်ပြန်၊ မာမီ မင်းကို စောင့်နေလိမ့်မယ်၊ သူ့သား တေးရေးဆရာယောင်ယောင် စာရေးဆရာယောင်ယောင် သားလေးကို လွမ်းလို့တဲ့"

"ဒါဆို ကိုကိုလိုက်ပို့"

"ဟာ. . ငါ မအားသေးဘူး၊ နောက်ဖေးလမ်းကြားက သရက်ပင်ကြီးကို ခုတ်ဖို့ လူခေါ်ထားတယ်၊ အဲဒီအမြစ်က အုတ်တံတိုင်းတွေကို ထိုးဖောက်နေလို့ စံရိပ်ငြိမ် နောက်ဖက်မှာ ပေါက်နေလို့သာ ငါမခုတ်ဘဲ ထားထားတာ၊ ခုတော့ အမြစ်ကနေပါ တူးထုတ်ပစ်လိုက်တော့မယ်၊ ဟော. . ပြောရင်းနဲ့ သစ်ပင်ခုတ်သမားတွေ လာပြီ၊ လာ. . လာ. . အစ်ကို ဝင်ခဲ့ကြ"

လင်းအောင် သစ်ခုတ်သမားတွေ ဝင်လာတာတွေ့၍ အိမ်ထဲမှ ထွက်သွားပြီး ခုတ်ရမည့်နေရာကို လိုက်ပြဖို့ တိုက်နောက်ဖေးလမ်းကြားကို ဦးဆောင်၍ ထွက်သွားသည်။

"သြော် သွားတော့မယ်လို့တောင် နှုတ်မဆက်ရသေးဘူး၊ ရှိစေတော့ ညီကို ဒီလောက်မနေစေချင်မှတော့ ပြန်ရုံပဲပေါ့"

ကိုယ့်အပေါ် အလေးမထားသော အစ်ကိုဖြစ်သူကိုသည်း. .



www.burmeseclassic.com

www.burmeseclassic.com



တာ့တာလုပ်စရာ မလိုတော့၍ အဝတ်သေတ္တာကို ဆွဲကာ. . ကားရှိရာသို့ ခပ်ဆောင့်ဆောင့်ထွက်လာပြီး ကားကိုမောင်းထွက်ခဲ့သည်။

စံရိပ်ငြိမ် ရှေ့နားရောက်တော့ မျက်လုံးအစုံ ပြူးကျယ်သွားသည်။

ရင်လည်း ဒိတ်ခနဲ ခုန်သွားသည်။

“ဟင်. . ရိုးရာပါလား”

ဂျို့စ်ကို ကြိုးနှင့်ဆွဲကာ နှင်းအောင်ကားကို လှမ်းတားနေသည်မို့ ရိုးရာရှေ့မှာ ကားကို ရပ်လိုက်သည်။

“ရိုးရာ”

“ဒါက ဘယ်လဲ”

“ကိုယ် အိမ်ပြန်တော့မယ်လေ၊ ဒီကလူတွေကို ဒုက္ခဆက်မပေးချင်တော့လို့”

“ဩော်. . ဟုတ်လား၊ ဒါဆို ရိုးရာလည်းလိုက်မယ်”

“ဘယ်ကိုလဲ”

“ကားလျှောက်စီးမလို့လေ၊ ဂျို့စ်. . ပြင်းနေမှာစိုးလို့ ကားတမြတ်သောယူသွားတာ၊ ခုထိ ပြန်မလာသေးလူး”

“ဒါဆို ကိုယ်လိုက်မောင်းပေးမယ်လေ၊ ဂျို့စ်ပျော်တဲ့အထိပေါ့”

“အိုခေ. . ဂျို့စ်က ကားစီးရတာ အရမ်းသဘောကျတယ်လေ”

ပြောပြောဆိုဆိုနှင့် နှင်းအောင်ဘေးခုံမှာ ဂျို့စ်နှင့်အတူ ဝင်ထိုင်လိုက်သည်။

“ကဲ. . မောင်းတော့. . ရပြီ”

“ဝုတ်. . ဝုတ်. . ဝုတ်”

ဂျို့စ်ကို အကျအန ပေါင်ပေါ်တင်ပြီးမှ မောင်းခိုင်းသဖြင့် စိတ်ထဲမှာ ဂျို့စ်ကိုပင် အားကျမိသွားသလိုလို၊ စိတ်ထဲမှာလည်း အနည်းငယ်





ရဲတင်းလာသည်မို့ ကားကို ခတ်ဖြည်းဖြည်း မောင်းထွက်လာခဲ့သည်။

ကားမောင်းနေရင်းမှ ခါတ်ပြားဟောင်းကို ပြန်ဖွင့်ဖို့ ရိုးရာ၏ မျက်နှာအရိပ်အကဲကို လှမ်းဖတ်လိုက်သည်။ အခြေအနေ ကောင်းမည့် အနေအထားမို့. .

“ရိုးရာ ကိုယ်မင်းကိုချစ်တယ်၊ ကိုယ့်ကို ပြန်ချစ်ပါလား”

“ဟောတော့. . . ဖြုန်းစားကြီးပါလား”

“ရိုးရာအတွက် ဖြုန်းစားကြီး ဆိုပေမယ့် ကိုယ့်အတွက်တော့ ရင်ဘတ်နဲ့ ရင်းပြီးမှ ချစ်ခွင့်ပန်တာပါ”

“ဟုတ်လား ရင်းနှီးမြှုပ်နှံမှုပမာဏ တော်တော်ကြီးတယ်နော်”

ပြောင်ချော်ချော်စကားကြောင့် နှင်းအောင် အီလည်လည် ဖြီးလိုက်ပြီး ကားကို ကုံကော်ပင်ကြီးတစ်ပင်အောက်မှာ ထိုးရပ်လိုက်သည်။

“မနောက်ပါနဲ့ ရိုးရာရယ်၊ တကယ်ပြောတာပါ”

လက်သွက်စွာဖြင့် ဂျို့စ်၏ လည်ဆံမွှေးတွေကို ပွတ်သပ်နေသော ရိုးရာ၏လက်ကို ဖျတ်ခနဲ လှမ်းကိုင်လိုက်သည်။

“အို. . လွှတ်ပါ”

“မလွှတ်ပါရစေနဲ့တော့ကွာ၊ တကယ်ဆိုရင်လေ ကိုယ် အိမ်ကို မပြန်ချင်သေးဘူး၊ ရိုးရာကို မျက်နှာချင်းမဆိုင်ရဲလို့သာ ပြန်ရမှာ”

“ဟွန်း မျက်နှာချင်း မဆိုင်ရဲလို့ပဲ၊ ဆိုင်သာဆိုင်ရင် တရားရုံးမှာ လက်ထပ်ဖို့ တစ်ခါတည်းတောင် ခေါ်သွားမလား မသိဘူး”

“ဖြစ်နိုင်ရင် အဲဒီအဆင့်ကို မြန်မြန်ရောက်ချင်တာပါ”

တဆင့်တက်၍ ကိုယ်ကိုကိုင်းကာ ရိုးရာကို လှမ်းဖက်လိုက်သည်။

“အို. . ဘယ်လိုဖြစ်နေတာလဲ ကားလမ်းမကြီးမှာ”

“ဒါဆို ကိုယ့်ကိုချစ်တယ်လို့ပြော”



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . ပြောမယ်. . လွှတ်၊ ဒီမှာ ဂျို့စ်က မော့ကြည့်နေပြီ သိလား"

"ဝုတ်. . ဝုတ်. . ဝုတ်"

ရှက်ရဲရဲလေး ပြောလိုက်သော ရိုးရာစကားကြောင့် ဂျို့စ်ကို ကြည့်လိုက်သည်။

ဂျို့စ်မှာ လျှာတစ်လစ်လုပ်ကာ တဟဲဟဲဖြင့် မော့ကြည့်ပြီး. . မကျေမနပ် ထိုးဟောင်တော့သည်။

"ဒါဆို. . ကိုယ့်ကို ချစ်တယ်လို့ပြောလေ လွှတ်ပေးမယ်"

"အင်းပါ. . ချစ်တယ်. . ချစ်တယ်"

"ဝိုး. . ဝမ်းသာလိုက်တာ ရိုးရာရယ်၊ ဘဝမှာ ဒီနေ့ဟာ အပျော်ဆုံး နေ့တစ်နေ့ပဲ"

ရိုးရာ၏ ကိုယ်လေးကို မလွှတ်ပေးသည့်အပြင် တင်းကျပ်စွာ ပို၍ဖက်ထားလိုက်သည်။

ထိုစဉ် ဘောင်းဘီအိတ်ထဲမှ ဖုန်းမြည်လာသည်မို့ အရှိန်ပျက်ကာ. . ဖုန်းကို နှိုက်ယူ၍ 'ဟဲလို' လိုက်ရသည်။

တစ်ဖက်ဖုန်းထဲမှ ကိုကို့အသံသည် ရေးကြီးသုတ်ပျာ နိုင်လွန်းသော အသံဖြင့်. . .

"နှင်းအောင်. . စံရိပ်ငြိမ်ခြံ အနောက်ဘက်က သစ်. . သစ်ပင်အောက်မှာ မိန်းကလေး အလောင်းတစ်လောင်း မြှုပ်ထားတာတွေ့လို့. . ငါ ခုပဲ စခန်းကို အကြောင်းကြားထားတယ်"

ခုမှပင် နှင်းအောင် ခေါင်းမွှေးတွေ မိုးကြိုးထိမှန်ခံရသလို. . ထောင်ထသွားကာ ဖုန်းနားထောင်နေရင်းမှ ရိုးရာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။

စိတ်ထဲမှလည်း. . .





"ဒုက္ခပါပဲ၊ ဒါဆို. . ငါမြင်ခဲ့တာ တကယ်ပေါ့၊ ဘုရားဘုရား. . ဒီစနက်ထဲမှာ ရိုးရာ လွတ်ပါစေ၊ ရိုးရာ ပါဝင်ပတ်သက်မှု မရှိပါစေနဲ့"

ပြီး. . . .

ဤစာအုပ် စီစဉ်နေစဉ်အတွင်း. . ကျွန်တော်၏ကျန်းမာရေးကြောင့် အတွင်းဟာသ သရုပ်ဖော်ပုံများ ကူညီရေးဆွဲပေးသော. . ကာတွန်း လူကြီးမင်းအား အထူးကျေးဇူးတင်ရှိပါကြောင်း. . .။

WAIH ZAR



www.burmeseclassic.com